# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily



AIR KBZ
FLYING BEYOND EXPECTATIONS



၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် | ၂၀၁၆ ခုနှစ်၊ ဧပြီ ၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၅)၊ အမှတ် (၁၈၈)


# ဒေါ်အောင်ဆန်းစုကြည်ကို ကန့်ကွက်ရန်မဟုတ်ဘဲ နိုင်ငံတော်အတွက်အရေးကြီးသည့် ဥပဒေမို့ အချိန်ယူလိုခြင်းဟု တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ပြောကြား

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-သတင်းစဉ်**

အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိအတည်ပြု၍ ပေးပို့လာခဲ့သော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို ယနေ့ ပြည်သူ့လွှတ်တော် ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခဲ့ပြီးနောက် မနက်ဖြန်တွင် ကျင်းပမည့် လွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ပါတီစုံဒီမိုကရေစီစနစ် တည်တံ့ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်နိုင်ရေး၊ စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို ခိုင်မာစွာ တည်ဆောက်နိုင်ရေးနှင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်ကာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို တင်သွင်းရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွင်း ပြည်သူများယုံကြည်အားကိုးမှုဖြင့် တစ်ခဲနက်ထောက်ခံမှုရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်နိုင်ရန်အတွက်

*စာမျက်နှာ ၈ ကော်လံ ၃* ✻

**အဆိုပါ ဥပဒေအတည်ပြုပြီးပါက ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းနှင့်အညီ သမ္မတ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် တည်ရှိမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အကြံပြုခြင်း၊ အကြံပြုချက်၊ ဆောင်ရွက်ချက်များအပေါ် ပြည်ထောင်စု လွှတ်တော်သို့ တာဝန်ခံခြင်းနှင့် အစိုးရ၊ ဌာနဆိုင်ရာ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်ခွင့် ရရှိသွားမည်**



နိုင်ငံတော်သမ္မတ၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် မကြာမီမြင်တွေ့ရဖွယ်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်




မြန်မာ့အလင်း

# ဗာလနက္ခတ္တနှင့် သင်္ကြန်ပါတီ...ရေပါတီ

ရာသီစက်ဝန်းက တစ်ပတ်လည်ခဲ့ပြန်ပြီ။ ပြက္ခဒိန်နှစ်ဟောင်း တစ်ခုကုန်ဆုံးကာ နှစ်သစ်တစ်ခုကူးပြောင်းရတော့မည်။ အကူး အပြောင်းကို ''သင်္ကန္တ'' ဟု ရှေးစာက ဆိုသည်။ နှစ်ဟောင်းကို စွန့်ကာ နှစ်သစ်သို့ကူးပြောင်းသည့်ပွဲကိုလည်း ''သင်္ကြန်ပွဲ'' ဟု သတ်မှတ်ကာ ရှေးကတည်းက ပျော်ပျော်ရွှင်ရွှင်ကျင်းပခဲ့ကြ သည်။ ဤသို့လျှင် သင်္ကြန်ပွဲဟူသည် အမျိုးသားတို့၏ ယဉ်ကျေးမှု အစဉ်အလာ၊ မြန်မာတို့၏ ဝိသေသလက္ခဏာတစ်ခုအဖြစ် နှစ်ပေါင်း များစွာတည်တံ့လာခဲ့ခြင်းဖြစ်သည်။

''သင်္ကြန်ပါတီ...ရေပါတီ၊ သင်္ကြန်ပါတီ...ရေပါတီ'' ဟူသော အသံများ မကြာသေးမီနှစ်များအတွင်းက ကျယ်ကျယ် လောင်လောင်ထွက်ပေါ်လာခဲ့သည်။ ရာသီအပြောင်းမှာ သင်္ကြန် သည်လည်း ပါတီပွဲတစ်ခုအဖြစ် ပုံပန်းပျက်ကာ ပြောင်းသွားခဲ့လေ သည်။ ဆူဆူညံညံဒီဂျေတီးလုံးများ၊ တန်ဖိုးကြီးယမကာမျိုးစုံနှင့် မီနီဘား၊ ရေမဆောင်းဘောက်ကြီးများနှင့် လှုပ်ရှားပြေးလွှားနေ သည့်ရောင်စုံမီးများ၊ Pole dance ခေါ် ရမ္မက်နှိုးဆွအက ကနိုင် သည့်ပွတ်တိုင်လုံးများ၊ အလုံပိတ်အခန်းငယ်များနှင့် နာမည်ကြီး ဟိုတယ်၊ စားသောက်ဆိုင်များမှ တာဝန်ယူထားသည့် စားသောက် ဖွယ်ရာများစသည်တို့အပြင် တိုးတိုးတိတ်တိတ်လက်ကြိတ်ထိုးကာ မူးယစ်ဆေးဝါးတို့ပင် ရရှိနိုင်သည်ဆိုသော ရေမဏ္ဍပ်ကြီးများက မြန်မာ့ရိုးရာသင်္ကြန်၏ ယဉ်ကျေးမှုစံတန်ဖိုးများကို ရေဆိုးမြောင်းဆီ ပစ်ချခဲ့ကာ ငွေကြေးတတ်နိုင်သူလူတစ်စုအတွက် ရေပါတီအဖြစ် ပြောင်းလဲပစ်ခဲ့သည်။

ဆိုခဲ့ပါ မဏ္ဍပ်ကြီးများပေါ်သို့ တက်ရောက်ကာ ရေပါတီပွဲ ဆင်နွှဲခွင့်လက်မှတ်များမှာလည်း ကျပ်သိန်းနှင့်ချီ၍ ပေါက်ဈေး ရှိရာ ငွေနှင့်စက်၍ အပျော်ကြူးကြရခြင်းဖြစ်သည်ဟု ဆိုနိုင် သည်။ အပျော်လွန်ကြူးမှု၏နောက်ကွယ်တွင် လိင်မှုကိစ္စ၊ မူးယစ် ဆေးဝါးနှင့် အခြားဆင့်ပွားပြဿနာများက လက်ယပ်ခေါ်နေကြ ပြန်သည်။ အကယ်၍သာ ကမ္ဘာအရပ်ရပ်မှ ရောက်လာကြသော ဧည့်ကောင်းဆောင်ကောင်းတို့က မြန်မာ့ရိုးရာ အတာသင်္ကြန်၏ အနှစ်သာရများကို မြင်လိုသိလို ထိတွေ့ခံစားလိုပါသည်ဟု တောင်း ဆိုလာလျှင် အဆိုပါမဏ္ဍပ်များဆီသို့ ညွှန်ပြရန် ဖြစ်နိုင်မည်မဟုတ် ပါ။ စင်စစ်အားဖြင့် ရိုးရာသင်္ကြန်သည် ပျော်ရွှင်မှုချည်းသက်သက် မဟုတ်သလို အပျော်ကင်းမဲ့မှုချည်းသက်သက်လည်း မဟုတ်ပေ။ တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးပျော်ရွှင်စွာ ရေပက်ကစားကြခြင်းနှင့် အတူ အလှူအတန်းပြုခြင်း၊ သီလဆောက်တည်ခြင်း၊ တရား ဘာဝနာပွားများခြင်းစသည်တို့လည်း ပါဝင်နေပါသည်။

ဗုဒ္ဓမြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က သာဝတ္ထိပြည်သား လူငယ်လူရွယ်များ ဆင်နွှဲကြသည့် ပျော်ပွဲရွှင်ပွဲတစ်ခုရှိခဲ့ဖူးသည်။ တစ်ရက်မဟုတ်၊ နှစ်ရက်မဟုတ်၊ ခုနစ်ရက် ခုနစ်လီ အပျော်လွန်ကဲ ကာ ရမ်းရမ်းကားကားဆင်နွှဲကြခြင်းဖြစ်သဖြင့် အဆိုပါပွဲကျင်းပ သည့်ကာလတွင် လူကြီးလူကောင်းများနှင့် အမျိုးကောင်းသား သမီးတို့ ပြင်ပထွက်သွားလာခြင်းကို ရှောင်ကြဉ်ကာ အိမ်တွင်း အောင်းကြသည်။ ယုတ်စွအဆုံး မြတ်စွာဘုရားနှင့်တကွ ရဟန်း သံဃာများကိုပါ ရပ်ရွာတွင်းလှည့်၍ ဆွမ်းခံခြင်းအမှုကို မပြုစေ တော့ဘဲ သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်၌သာ နေစေ ကာ ဆွမ်းလုပ်ကျွေးမှုပြုခဲ့ကြရသည်။ အဆိုပါပွဲကို ''ဗာလနက္ခတ္တ'' လူမိုက်တို့၏ နက္ခတ်ပွဲဟု ဓမ္မပဒ၌ အဆိုရှိကာ အဆိုပါပွဲကိုအကြောင်း ပြု၍ မြတ်စွာဘုရားက ''ပညာမဲ့သော လူမိုက်တို့သည် မေ့လျော့ မှုကို အားထုတ်ကြ၏။ ပညာရှိသည်ကား မမေ့မလျော့ ခြင်းကို အမြတ်ဆုံးဥစ္စာကဲ့သို့ စောင့်ရှောက်၏။ ထို့ကြောင့် သင်တို့သည် မေ့လျော့ခြင်းကို အား မထုတ်ကုန်လင့်၊ အကြောင်းကား မမေ့ မလျော့ဈာန်ဝင်စားသူသည် ပြန့်ပြောသောချမ်းသာသို့ ရောက်နိုင် သောကြောင့်တည်း''ဟု ဟောကြားတော်မူသည်။

မကြာမီနှစ်သစ်ကူးတော့မည်။ နှစ်ဟောင်းမှ အဟောင်း အညစ် တို့ကို စွန့်ပယ်ကာ အကောင်း အသစ်တို့ဖြင့် နှစ်သစ်ကိုကြိုဆိုကြရ မည်။ ယဉ်ကျေးမှုတို့ ပျောက်ဆုံးနေသော အဓမ္မအပျော်တို့ကြောင့် ဘိုးဘွားတို့အမွေချန်ထားရစ်ခဲ့သော အဆင့်အတန်းမြင့်မားလှသည့် အမျိုးသားရေးစရိုက်လက္ခဏာတို့ ပါးလျားပျောက်ဆုံးမသွားစေလို ပါကြောင်း။




# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၄**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်သည်။

ဧပြီ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ဧပြီ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကိုလည်း သင်္ကြန်ရုံးပိတ်ရက်ကာလများဖြစ်သည့် ဧပြီ ၁၃၊ ၁၆၊ ၂၀ ရက်တို့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ ထုတ်ဝေလျက်ရှိသည့် တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၇ ရက်နေ့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိလက်ခံပေးသွားမည်ဖြစ်ပြီး ဧပြီ ၂၁ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

**(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)**

# အမြန်ချောပို့လုပ်ငန်းကို နှစ်သစ်ကူးမဟာသင်္ကြန် ရုံးပိတ်ရက်များတွင် ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ဆောင်ရွက်ပေးမည်

**နေပြည်တော် ဧပြီ ၄**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နှစ်သစ်ကူးမဟာသင်္ကြန်ရက်များအတွင်း မဟာသင်္ကြန်အကြတ်နေ့ဖြစ်သော ၂၀၁၆ ခုနှစ် ဧပြီ ၁၄ ရက် (ကြာသပတေးနေ့)နှင့် နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်သော ၂၀၁၆ ခုနှစ် ဧပြီ ၁၈ ရက် (တနင်္လာနေ့)တို့တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ စာဝေလုပ်ငန်းနှင့် ကြေးနန်းစာဝေလုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အမြန်ချောပို့လုပ်ငန်းကိုလည်း နှစ်သစ်ကူးမဟာသင်္ကြန် ရုံးပိတ်ရက်များတွင် ပိတ်ရက်မရှိ နေ့စဉ် ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါ ရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် စာပို့လုလင်၊ ကြေးနန်းပို့လုလင်များကို ရေပက်ကစားခြင်းမပြုကြရန် မြန်မာ့စာတိုက်လုပ်ငန်းမှ မေတ္တာရပ်ခံထားကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၇၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၀·၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၉·၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၇·၂၆ |
| ထိုင်း | တစ်ဘတ် | ၃၄·၄၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၈·၂၃၂ |
| တရုတ် | တစ်ယွမ် | ၁၈၆·၇၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၁·၂၉ |

၂၈-၃-၂၀၁၆ မှ ၁-၄-၂၀၁၆ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၄၉၄ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၄၂၈ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့ စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး | ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| စာတည်းမှူး | - | ဝင်းရွှေ | ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် | | | Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| သတင်းထောက်မှူး | - | မြင့်ဆွေ | ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) | | | Fax- ၀၁-၈၆၀၄၅၄၆ |

# အမျိုးသားရင်ကြားစေ့ရေးအတွက် ရှေ့ဆက်ရန်ခရီး

**အောင်ကျော်အေး**

၂၀၁၅ နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့တဲ့ ပါတီစုံအထွေထွေရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာတဲ့အစိုးရသစ်ဟာ အခု ငါးရက်သားရှိလာပါပြီ။ အလွန်နုနယ်သေးတဲ့အချိန်ပါ။ ဒါပေမယ့် အခုချိန်မှာပဲ အပြောင်းအလဲအချို့ကို စတင်တွေ့မြင်ခဲ့ကြရတာဖြစ်ပြီး နောက်ထပ်လည်း အလားအလာကောင်းများစွာကို မျှော်မှန်းလို့ရတဲ့ အနေအထားဖြစ်နေပါတယ်။

NLD က အပြတ်အသတ်အနိုင်ရခဲ့ပေမယ့် အခုထွက်ပေါ်လာတဲ့အစိုးရကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေး အစိုးရပုံစံပါ။ ဆိုလိုတာက NLD လူရင်းများက ၃၀ ရာခိုင်နှုန်းလောက်ပဲပါပြီး အခြားပါတီများ၊ ပြင်ပပုဂ္ဂိုလ်များ၊ နားလည်တတ်ကျွမ်းသူ ပညာရှင်များနဲ့ ဖွဲ့စည်းခဲ့တာပါ။ ဒါ့အပြင် ဝန်ကြီးဌာနတွေထဲမှာလည်း ကာကွယ်ရေးဦးစီးချုပ် အမည်စာရင်းတင်သွင်းတဲ့ စစ်ဘက်အရာရှိများ တာဝန်ယူတဲ့ ဝန်ကြီးဌာနသုံးခု ပါဝင်နေသေးတာပါ။ ဒါပေမယ့် ဒီပုံစံဟာ ပါလီမန်ခေတ်က ညွန့်ပေါင်းအစိုးရဆိုတဲ့ပုံစံမျိုးတော့မဟုတ်ပါဘူး။ ညွန့်ပေါင်းအစိုးရဆိုတာကတော့ ရွေးကောက်ပွဲမှာရရှိတဲ့ မဲအရေအတွက်အရ ပါတီတစ်ခုတည်းက အပြတ်အသတ် အနိုင်မရတဲ့အချိန်မှာ စုပေါင်းစပ်ပေါင်းဖွဲ့ရတဲ့ အစိုးရပုံစံမျိုးပါ။ ဒီလိုပုံစံမှာ နေရာတွေကို အချိုးကျခွဲရတာနဲ့ ရာထူးကြီးငယ်တွေကိုလည်း မျှတအောင် ခွဲဝေပေးရတဲ့သဘောပါ။ ဒီလိုညွန့်ပေါင်းပုံစံနဲ့ အာဏာရပါတီကြီးကိုယ်၌က ပါတီအများစုဖွဲ့ထားတဲ့ ညီညွတ်ရေးတပ်ဦးပုံစံရှိတဲ့ အစိုးရမျိုးကို ပါလီမန်ခေတ်က ကျွန်တော်တို့ကြုံခဲ့ကြဖူးပါပြီ။ ဒီလို ညွန့်ပေါင်းပုံစံတွေရဲ့ အားသာချက်၊ အားနည်းချက်တွေကိုလည်း တွေ့မြင်ခဲ့ကြပြီးပါပြီ။

အခုဖွဲ့စည်းတဲ့ပုံစံကတော့ ရွေးကောက်ပွဲမှာ NLD ပါတီက ၁၀၀ ရာခိုင်နှုန်းအနိုင်ရရင်တောင် ကိုယ့် တစ်ဖွဲ့တည်းမဟုတ်ဘဲ အခြားပါတီတွေကိုပါ လက်တွဲပြီးဖွဲ့တဲ့အစိုးရမျိုးကို ထူထောင်မယ်လို့ ဒေါ်အောင်ဆန်းစုကြည် ပြောထားခဲ့တဲ့အတိုင်း ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဒါဟာ မြန်မာ့နိုင်ငံရေးမှာ မကြုံဖူးခဲ့တဲ့ အမျိုးသားညီညွတ်ရေး အစိုးရမျိုးပဲ ဖြစ်ပါတယ်။ တချို့ဝေဖန်မှုတွေမှာတော့ ရာထူးနေရာတွေကို တပ်ကိုလည်းခွဲပေးရ၊ အခြားပုဂ္ဂိုလ်တွေ၊ ပါတီတွေကိုလည်း ခန့်ထားရဆိုတော့ NLD အနေနဲ့ အုပ်ချုပ်ခွင့်အာဏာဟာ NGO သာသာပဲ ရှိတော့မယ်လို့ ဆိုကြတာပါ။ ဒါကတော့ စေတနာဒေါမနဿနဲ့ ပြောကြတာပါ။

တကယ့် လက်တွေ့မှာတော့ နိုင်ငံတော်သမ္မတရဲ့ အာဏာဟာ ထိပ်ဆုံးမှာရှိပါတယ်။ ပြည်ထောင်စုဝန်ကြီး အားလုံး၊ ပြည်နယ်ဝန်ကြီးချုပ်များအားလုံး၊ ပြည်နယ်ဝန်ကြီးများအားလုံးဟာ သမ္မတကို တာဝန်ခံရတာဖြစ်ပြီး သမ္မတဟာ လွှတ်တော်ကို တာဝန်ခံရတာဖြစ်ပါတယ်။ တပ်မတော်သားအရာရှိကြီးများ ကိုင်တွယ်တဲ့ ပြည်ထဲရေး၊ ကာကွယ်ရေး၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွေဆိုတာကလည်း ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းတာသာဖြစ်ပြီး သမ္မတရဲ့ အုပ်ချုပ်မှုအောက်မှာ ရာနှုန်းပြည့်ရှိတာဖြစ်ပါတယ်။ တပ်မတော်က ဝန်ကြီးဌာနသုံးခုကို ကိုင်ထားတာဖြစ်ပြီး ကျန်ဝန်ကြီးဌာနတွေကိုသာ သမ္မတက ကိုင်တွယ်ရတာဆိုတဲ့ ပုံစံမဟုတ်ပါဘူး။ ဒါက မြန်မာ့အရေးကျွမ်းကျင်သူလို့ဆိုကြတဲ့ နိုင်ငံခြားသတင်းထောက် တချို့ကပါ ဒီအတိုင်း လိုက်ရေးနေကြတဲ့အတွက် အမြင်တွေက အစိုးရနှစ်ရပ်ရှိနေသလိုလို ဖြစ်နေတာပါ။ အရေးပါတဲ့ ဝန်ကြီးသုံးနေရာကို ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းတဲ့သဘောကတော့ ကာလုံမှာ အသာစီးရဖို့အတွက်ပဲလို့ ယူဆရမှာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ရှင်းရှင်းလင်းလင်းဖော်ပြချက်တွေအရ ဝန်ကြီးဌာနအားလုံးဟာ သမ္မတရဲ့ အုပ်ချုပ်မှုအောက်မှာ ရာနှုန်းပြည့်ရှိတာဖြစ်တယ်။ ရှိရမှာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ခန့်အပ်လိုက်တဲ့အခြားပါတီမှ ပုဂ္ဂိုလ်များ၊ လူမျိုးဘာသာမတူကွဲပြားသူတွေဟာ သတ်မှတ်တဲ့လုပ်ပိုင်ခွင့်တွေကို လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိမှာဖြစ်ပါတယ်။ အမျိုးသားညီညွတ်ရေးဆိုတာကို ဟန်ပြမဟုတ်ဘဲ လက်တွေ့ကျင့်သုံးစေတဲ့ပုံစံလို့ ယူဆနိုင်တာဖြစ်ပါတယ်။ နိုင်ငံတော်အာဏာနဲ့ ပတ်သက်တဲ့လုပ်ပိုင်ခွင့်တွေဟာ ရာစုနှစ်တစ်ဝက်လောက် တစ်စုတစ်ဖွဲ့နဲ့ တစ်နေရာတည်းမှာ စုစည်းနေရာက လုပ်နိုင်ကိုင်နိုင်သူတွေနဲ့ အကျိုးဆိုင်ပုဂ္ဂိုလ်များအားလုံးဆီကို ခွဲဖြန့်ပေးရမှာဖြစ်ပါတယ်။ မတူကွဲပြားမှုနဲ့ မျိုးနွယ်စုတွေများပြားလှတဲ့ နိုင်ငံတွေမှာ ဒီလိုအစိုးရပုံစံဟာ အသင့်တော်ဆုံးဖြစ်ပါတယ်။ အထူးသဖြင့် အာဏာရှင်စနစ်ကနေ ကူးပြောင်းလာတဲ့ နိုင်ငံတွေမှာ အင်အားစုအသီးသီးရဲ့ ထောက်ခံမှု၊ ပါဝင်မှုလိုအပ်သလို အာဏာရှင်စနစ်ထဲက အစိတ်အပိုင်းတချို့ရဲ့ထောက်ခံမှုပါ လိုအပ်တယ်လို့ နိုင်ငံတကာအတွေ့အကြုံများက ဆိုတာဖြစ်တယ်။ နောက်တစ်ခုကတော့ စစ်တပ်ရဲ့အခန်းကဏ္ဍများလေ အပြောင်းအလဲက နှေးကွေးလေဖြစ်တယ်လို့လည်း သီအိုရီတချို့က ဆိုတာဖြစ်ပါတယ်။

ဒီလို အမျိုးသားပြန်လည်သင့်မြတ်ရေး ဦးစားပေးအစိုးရတွေမှာ ဖြစ်တတ်တာကတော့ လူပုဂ္ဂိုလ်တွေကို မှားယွင်းအကဲဖြတ်ပြီး နေရာပေးမိတာမျိုးပါ။ တချို့နေရာတွေမှာတော့ ရရှိမယ့်နိုင်ငံရေးအကျိုးအမြတ်ကို တွက်ဆပြီး ချို့ယွင်းချက်တချို့ကို ဖော့ပေးလိုက်ရတာလည်း ရှိနိုင်တာဖြစ်ပါတယ်။ အလွန်အကျွံဆိုးရွားတဲ့ကိစ္စမျိုးမဟုတ်ရင် သူတို့ရဲ့လုပ်ဆောင်ချက်တွေကို ရေရှည်ကြည့်ပြီး အကဲဖြတ်ကြရမှာဖြစ်ပါတယ်။ အခုပေါ်လစီကတော့ ဆန်ရင်းနာနာဖွပ်တဲ့ပေါ်လစီပါပဲ။ အဖွဲ့ချုပ်ဝင်တွေအားလုံးဟာ ဆင်းရဲဒဏ်တော့ခံနိုင်တယ်ဆိုတာပြခဲ့ပြီးပြီ၊ အခုချမ်းသာတဲ့ဒဏ်ကို ခံနိုင်မလားဆိုတာ ကြည့်ရမယ်လို့ ပါတီဥက္ကဋ္ဌက ပြောတာတွေ့ရပါတယ်။ နှစ်ခုစလုံးကတော့ အဂတိတရားလေးပါးနဲ့ ဆိုင်တယ်။ အဂတိတရားလေးပါးဆိုတာ ဆန္ဒာ၊ လောဘ၊ ဘဟာ၊ မောဟ ကြံ့ကြံ့ခံနိုင်ရမယ်လို့ ပြောခဲ့တာဖြစ်တယ်။

> **အမျိုးသားပြန်လည်သင့်မြတ်ရေး ဦးစားပေးအစိုးရတွေမှာ ဖြစ်တတ်တာကတော့ လူပုဂ္ဂိုလ်တွေကို မှားယွင်းအကဲဖြတ်ပြီး နေရာပေးမိတာမျိုးပါ။ တချို့နေရာတွေမှာတော့ ရရှိမယ့် နိုင်ငံရေးအကျိုးအမြတ်ကို တွက်ဆပြီး ချို့ယွင်းချက်တချို့ကို ဖော့ပေးလိုက်ရတာလည်း ရှိနိုင်တာဖြစ်ပါတယ်။ အလွန်အကျွံဆိုးရွားတဲ့ကိစ္စမျိုးမဟုတ်ရင် သူတို့ရဲ့လုပ်ဆောင်ချက်တွေကို ရေရှည်ကြည့်ပြီး အကဲဖြတ်ကြရမှာဖြစ်**
>
> **အခု ပေါ်လစီကတော့ ဆန်ရင်းနာနာဖွပ်တဲ့ပေါ်လစီပါပဲ။ အဖွဲ့ချုပ်ဝင်တွေအားလုံးဟာ ဆင်းရဲဒဏ်တော့ခံနိုင်တယ်ဆိုတာ ပြခဲ့ပြီးပြီ၊ အခုချမ်းသာတဲ့ဒဏ်ကို ခံနိုင်မလားဆိုတာ ကြည့်ရမယ်လို့ ပါတီဥက္ကဋ္ဌကပြောတာ တွေ့ရ**

မြန်မာ့အပြောင်းအလဲဟာ ရှည် လျားလှပါတယ်။ ရာစုနှစ် တစ်ဝက်ကျော်ကြာ အဆင့်အသီးသီး၊ အခက်အခဲအမျိုးမျိုးကို ဖြတ်သန်းခဲ့ရတာဖြစ်တယ်။ စွန့်လွှတ်အနစ်နာခံခဲ့၊ စတေးခဲ့ရတဲ့ ဖြစ်ရပ်ပေါင်းများစွာရှိခဲ့တာဖြစ်တယ်။ အခု ဒီလိုစွန့်လွှတ်အနစ်နာခံမှုတွေရဲ့ အသီးအပွင့်တချို့ကို လှမ်းမြင်ရရုံ အဆင့်ကိုပဲ ရောက်သေးတာပါ။ ရှေ့ဆက်ရန်ခရီးက ရှည်လျားပါသေးတယ်။ အခုချိန်မှာ မှန်ကန်တဲ့လမ်းကြောင်း၊ မှန်ကန်တဲ့ဖွဲ့စည်းပုံနဲ့ မှန်ကန်တဲ့ခေါင်းဆောင်မှုကတော့ ရရှိနေပါပြီ။ ဆင်ခြင်တုံတရားရှိစွာ၊ အမြော်အမြင်ရှိစွာနဲ့ ချီတက်ရန်သာလိုပါတယ်။ ချီတက်ရန်လမ်းကြောင်းကတော့ သမ္မတမိန့်ခွန်းပါအတိုင်း အမျိုးသား ရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးကို ရှေးရှုတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခု ပေါ်ပေါက်ရေးနဲ့ ပြည်သူလူထုအများစုရဲ့ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးပဲ ဖြစ်ကြောင်းပါခင်ဗျား။

# နိုင်ငံရေးသမားနှင့် ကျောင်းသားများ လွတ်မြောက်ရေးအတွက် ကြိုးပမ်းသွားမည်

**ရန်ကုန် မေ ၄**

မြန်မာနိုင်ငံအနှံ့အပြားရှိ အကျဉ်းထောင်များ၌ အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားများနှင့် တရားရုံးများတွင် အမှုရင်ဆိုင်နေရသည့် နိုင်ငံရေးသမားနှင့် ကျောင်းသားများ လွတ်မြောက်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ သိရသည်။

"ဒီမိုကရေစီ အစိုးရသစ်လက်ထက်မှာ နိုင်ငံရေးအကျဉ်းသားတွေအားလုံး ခြွင်းချက်မရှိ လွှတ်ပေးခြင်းအားဖြင့် အမျိုးသားရင်ကြားစေ့ရေးအတွက် ခြေလှမ်းတစ်လှမ်းဖြစ်ပါတယ်။ အခုအချိန်မှာ နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ လွတ်မြောက်ရေးကို ဆက်လက်ပြီး စွမ်းဆောင်သွားမယ်"ဟု နိုင်/ကျဉ်းရေးရာကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်က ပြောသည်။

မြန်မာနိုင်ငံ အနှံ့အပြားရှိ အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသား ၁၀၀ ခန့်ရှိပြီး တရားရုံးများ၌ အမှုရင်ဆိုင်နေရသည့် နိုင်ငံရေးသမားနှင့် ကျောင်းသားဦးရေ ၄၂၀ ခန့်ရှိကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့မှ သိရသည်။

"နိုင်ငံရေး အကျဉ်းသားတွေ လွတ်မြောက်ဖို့ အစိုးရသစ်ကို ဖိအားပေးတောင်းဆိုတာမျိုး လုပ်မှာမဟုတ်ဘူး။ အစိုးရသစ်ကလည်း ဒီကိစ္စကို ဦးစားပေးကိုင်တွယ်မယ်လို့ ပြောထားတာရှိတယ်။ ဘယ်လိုအကောင်းဆုံး ကိုင်တွယ်မယ်ဆိုတာ နည်းလမ်းရှာနေတယ်လို့ ယူဆတယ်။ အချိန်အတိုင်းအတာတစ်ခုထိ စောင့်ကြည့်သွားမယ်။ မကြာခင်ကာလမှာ အားလုံးဝမ်းသာမယ့် ကိစ္စတစ်ခုကို အစိုးရသစ်အနေနဲ့ လုပ်ဆောင်သွားမယ်လို့ ယုံကြည်တယ်"ဟု နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့ ဦးဆောင်ကော်မတီဝင် ဦးတင်မောင်ဦးက ပြောသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြားရှိ အကျဉ်းထောင်များ၌ အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသား ၁၅၀၀ ခန့်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ သိရသည်။

**သတင်း-မင်းသစ်**

**ဓာတ်ပုံ-ကျော်စွာမြင့် - Facebook**



# ပါကစ္စတန်တစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်းအနည်းဆုံး ၄၉ ဦးသေဆုံး



**ပတ်ရှ်ဝါ မေ ၄**

လွန်ခဲ့သော ၂၄ နာရီအတွင်း ကက်ရှ်မီးယား အရှေ့မြောက်ပိုင်း ဒေသများနှင့် ခိုင်ဘာပက်ခ် တွန်ခွါ (ကေပီပီ)ပြည်နယ် အနောက်မြောက်ပိုင်း ပါကစ္စတန်မြောက်ဘက် ဂယ်ဂစ်ဘယ်လ်တစ်စတန်ဒေသများတွင်း မိုးရွာသွန်းမှုများကြောင့် မတော်တဆမှုများဖြစ်ပွားပြီး အနည်းဆုံး လူ ၄၉ ဦးသေဆုံးပြီး အမြောက်အမြား ဒဏ်ရာရရှိခဲ့ကြကြောင်း ဒေသတွင်းမီဒီယာများက တနင်္ဂနွေနေ့တွင် ပြောခဲ့သည်။

မိုးအသည်းအထန် ရွာသွန်းမှုများကြောင့် ယင်းပြည်နယ်များတွင် အိမ်ပြိုကျမှု ၄၉ ခု ဖြစ်ပေါ်ခဲ့ပြီး အခြားမြေပြိုမှုများလည်း ဖြစ်ပွားခဲ့ကြောင်း ဒေသတွင်းသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့(ကေပီကေ)က ပြောခဲ့သည်။

ပြည်နယ်မြို့တော် ပတ်ရှ်ဝါအနီးဆိုင်ပေါင်း ၇၀ ကျော်သည် ဘာရာမြစ်ရေ မြင့်တက်လာမှုကြောင့် မျောပါသွားခဲ့ပြီး အခြားဆိုင်များမှာ ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယင်းပြည်နယ်၏ ဒေသအများအပြားတွင်လည်း ရေကြီးရေလျှံမှုများကြောင့် တံတားများမျောပါသွားကြပြီး လမ်းများလည်းပိတ်ထားခဲ့ရသောကြောင့် သွားလာမှုများ ခက်ခဲလျက်ရှိကြောင်း သိရသည်။

ဂယ်ဂစ်ဘယ်လ်တစ်စတန်ဒေသတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် အနည်းဆုံး လူလေးဦးသေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။

ဂယ်ဂစ်ဘယ်လ်တစ်စတန် ဒေသရှိ ဒိုင်ယာမာပြည်နယ်တွင် မိုးသည်းထန်မှုကြောင့် အိမ်တစ်လုံးပြိုကျမှုဖြစ်ပွားခဲ့ပြီး မိသားစုဝင်လေးဦး သေဆုံးခဲ့ကြောင်း ရေဒီယိုပါကစ္စတန်က ပြောသည်။

ဝန်ကြီးချုပ် နာဝပ်ဇ်ရှာရစ်ဖ်က မိုးသည်းထန်စွာ ရွာသွန်းပြီး ဖော်ပြပါပြည်နယ်ဒေသများတွင် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့သည့်အတွက် အလွန်ဝမ်းနည်းကြောင်း ဖော်ပြခဲ့ပြီး အမျိုးသားဘေးဒုက္ခစီမံခန့်ခွဲမှုဆိုင်ရာ အာဏာပိုင်အဖွဲ့(အင်န်ဒီအမ်အေ)ကိုလည်း ဒုက္ခသည်များအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်မှုများ ပြုလုပ်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အီးယူသဘောတူညီချက်အရ ရွှေ့ပြောင်းဒုက္ခသည်များ ဂရိနိုင်ငံမှ တူရကီနိုင်ငံသို့စတင်ပို့ဆောင်



**အေသင် မေ ၄**

ပြီးခဲ့သည့်နှစ်ကတည်းက ဥရောပသို့ ရွှေ့ပြောင်းသွားလာသူများနှင့် ဒုက္ခသည်များ အလုံးအရင်းဖြင့် ဝင်ရောက်လာမှုကို ဟန့်တားရန် ရည်ရွယ်လျက် အီးယူ၏ သဘောတူညီချက်အရ တနင်္လာနေ့မှ စတင်ကာ ဂရိနိုင်ငံ လက်စ်ဗို့(စ်) ကျွန်းရောက် ရွှေ့ပြောင်းဒုက္ခသည်များ တူရကီနိုင်ငံသို့ စတင်ရောက်ရှိလာသည်။

ဒုက္ခသည် ၁၃၁ ဦးအား တင်ဆောင်လာသော ပထမဆုံးတူရကီအလံစိုက် စက်လှေနှစ်စင်းသည် တနင်္လာနေ့အစောပိုင်းက တူရကီနိုင်ငံ ဒီကီလီမြို့သို့ရောက်ရှိလာသည်။ ယင်းတို့အား တူရကီကမ်းခြေစောင့် သင်္ဘောနှစ်စင်းနှင့် ရဲရဟတ်ယာဉ်တစ်စင်းတို့ ခြံရံလျက် လိုက်ပါခဲ့ကြောင်း ရိုက်တာ မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။ အီးယူ တူရကီသဘောတူညီချက်အရ ဆီးရီးယားအပါအဝင် ဂရိနိုင်ငံသို့ တရားမဝင်ရောက်ရှိလာသော ရွှေ့ပြောင်းနေထိုင်သူနှင့် ဒုက္ခသည်အားလုံးကို အန်ကာရာ အနေဖြင့် လက်ခံပေးရမည်ဖြစ်သည်။

အဆိုပါ ရွှေ့ပြောင်းဒုက္ခသည်များသည် လှေသင်္ဘောများပေါ်မှ ဆင်းလာချိန် ရဲတပ်ဖွဲ့ဝင်နှင့်လူဝင်မှုကြီးကြပ်ရေးအရာရှိ အချို့က အဖြူရောင်တဲအိမ်တစ်လုံး အပြင်ဘက်၌ စောင့်ဆိုင်းနေကြသည်။ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ မူလနေထိုင်သူအချို့အနေဖြင့် ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားခွင့်ပြုမည် မဟုတ်ကြောင်း အီးယူနယ်စပ်အေဂျင်စီ ဖရောင်တက်မှ ပြောခွင့်ရအမျိုးသမီး အီဝါမွန်ကူရီက ပြောသည်။

**(ရိုက်တာ)**

## အိုင်အက်စ်သိမ်းပိုက် တူရကီကောင်စစ်ဝန်ရုံး အမေရိကန်လေကြောင်းမှတိုက်ခိုက်

**မိုဆူးလ် မေ ၄**

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ရှိ ၂၀၁၄ ခုနှစ် ဇွန်လကတည်းက အိုင်အက်စ်တို့သိမ်းပိုက်ထားသော တူရကီကောင်စစ်ဝန်ရုံးကို အမေရိကန် ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က တနင်္လာနေ့တွင် လေကြောင်းမှ တိုက်ခိုက်ဖျက်ဆီးလိုက်သည်။

နံနက် ၃ နာရီတွင် အမေရိကန် ဦးဆောင်သော လေကြောင်းအဖွဲ့က တိုက်ခိုက်ခဲ့ကြောင်း တူရကီဗျူးသတင်းစာတွင် ရေးသားဖော်ပြသည်။

**(ရိုက်တာ)**

## ထိုင်းမြို့လယ်တွင် မီးရထားနှင့် နှစ်ထပ်ကားတိုက်မိ လူသုံးဦးသေဆုံး

**ဗန်ကောက် မေ ၄**

ထိုင်းနိုင်ငံ အလယ်ပိုင်းတွင် မီးရထားတစ်စင်းက နှစ်ထပ်ကားတစ်စီးကို တိုက်မိမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူသုံးဦး သေဆုံးပြီး အခြားလူ ၃၀ ဒဏ်ရာ ရရှိခဲ့သည်။

မတော်တဆမှုသည် ဗန်ကောက်မြို့လယ် မီးရထားလမ်းတွင် တနင်္ဂနွေနေ့ နံနက် ၇ နာရီခွဲဝန်းကျင်က ဖြစ်ပွားခဲ့သည်။

မီးရထားမတိုက်ခင် နှစ်ထပ်ကားသည် မီးရထားလမ်းကို ဖြည်းညင်းစွာ ဖြတ်သန်းလျက်ရှိပြီး ခေတ္တခဏရပ်ထားသည်ကို လုံခြုံရေး ဗီဒီယိုတွင်ပြသထားကြောင်း တွေ့ရသည်။

အခြားလုံခြုံရေးကင်မရာက မီးရထားနှင့်တိုက်မိပြီး ဒရွတ်တိုက်ပါသွားသည်ကို တွေ့ရသည်။

ထိုသို့ မတော်တဆမှုမျိုးသည် မီးရထားလမ်းများတွင် လုံခြုံရေး အတားအဆီးများမရှိသော ထိုင်းနိုင်ငံတွင် ဖြစ်ပွားနေကျဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

## မီးလောင်ကျွမ်းမှုကြောင့် လူရှစ်ဦးသေဆုံး

**မော်စကို မေ ၄**

ရုရှားနိုင်ငံ တွန့်စ်ခ်ဒေသ၌ သစ်သားအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ရာ လူရှစ်ဦး သေဆုံးခဲ့သည်ဟု စုံစမ်းစစ်ဆေးသူများက တနင်္လာနေ့တွင် ပြောသည်။ အမျိုးသမီးသုံးဦး၊ အမျိုးသားနှစ်ဦးနှင့် ကလေးနှစ်ဦး သေဆုံးခဲ့ပြီး ကလေးတစ်ဦးမှာ ဆေးရုံရောက်မှ သေဆုံးခဲ့သည်။

တနင်္ဂနွေနေ့ ညပိုင်းက လောင်ကျွမ်းခဲ့သောမီးဖြစ်ပြီး မီးလောင်ကျွမ်းရသည့် အကြောင်းအရင်းကိုမူ စုံစမ်းဆဲဖြစ်သည်ဟု သိရသည်။

**(ဆင်ဟွာ)**

# ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ အဆောက်အအုံတစ်ခုမီးလောင်



**မော်စကို မေ ၄**

ရုရှားနိုင်ငံ မော်စကိုမြို့လယ်ကောင်ရှိ ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ အဆောက်အအုံတစ်ခု တနင်္ဂနွေနေ့က မီးလောင်ကျွမ်းခဲ့ရာ နာရီပေါင်းများစွာ မီးငြိမ်းသတ်ခဲ့ပြီးနောက် မီးငြိမ်းသွားသည်။ ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးမျှမရှိကြောင်း သိရသည်။

မော်စကို စံတော်ချိန် ၄ နာရီခွဲတွင် အဆောက်အအုံဥပစာတစ်ခုလုံး မီးလောင်ကျွမ်းခြင်းမခံရအောင် ထိန်းချုပ်နိုင်ခဲ့သည်ဟု ရုရှားနိုင်ငံ အရေးပေါ်အခြေအနေဖြေရှင်းရေး ဝန်ကြီးဌာနမှ ဒုတိယအကြီးအကဲက ပြောသည်။ မော်စကိုစံတော်ချိန် နံနက် ၁၀ နာရီဝန်းကျင်က အဆောက်အအုံ၏ ဒုတိယအထပ်မှစတင်၍ မီးလောင်ကျွမ်းခဲ့ပြီး လျှပ်စစ်ရှော့ခ်ဖြစ်ရာမှ လောင်ကျွမ်းခြင်းဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ တက်(စ်) သတင်းဌာနမှ ဖော်ပြသည်။ အဆောက်အအုံမှာ ဟောင်းနွမ်းနေပြီး လေပြင်းများလည်း တိုက်ခတ်နေသောကြောင့် စတုရန်းမီတာ ၃၅၀၀ ခန့် မီးလောင်ကျွမ်းခဲ့သည်။ အနီးအနားရှိအဆောက်အအုံများ မီးကူးစက်လောင်ကျွမ်းမှုမရှိအောင် မီးသတ်သမားများက ကြိုးစားငြိမ်းသတ်ခဲ့သည်။ အဓိကဌာနများကို အဆောက်အအုံသစ်သို့ ရွှေ့ပြောင်းထားပြီးဖြစ်၍ မီးလောင်ကျွမ်းမှုကြောင့် ဌာန၏ အဓိလုပ်ငန်းများကို ထိခိုက်ခြင်းမရှိဟု ဝန်ကြီးဌာနက ပြောသည်။

**(ဆင်ဟွာ)**

# ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံမှာကြား

**နေပြည်တော် ဧပြီ ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဝန်ထမ်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများအားတွေ့ဆုံ၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



# မိမိတို့ လုပ်ငန်းများအပေါ် လေးစားတန်ဖိုးထား၊ အဂတိတရားကင်းရှင်းစွာဆောင်ရွက်

**နေပြည်တော် ဧပြီ ၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် တက်ရောက် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နယ်စပ်ရေးရာဝန်ကြီးဌာန၏လုပ်ငန်းများမှာ ဖွံ့ဖြိုးမှုလိုအပ်လျက်ရှိသော နယ်စပ်ဒေသများ ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် မွန်မြတ်သော လုပ်ငန်းများဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ဆောင်ရွက်နေ သောလုပ်ငန်းများအပေါ် လေးစားတန်ဖိုးထား ထမ်းဆောင်ရန်၊ ထိုသို့ တာဝန်ထမ်းဆောင်ရာတွင် စေတနာထားဆောင်ရွက်သွားရန်နှင့် လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် လေ့လာဆည်းပူးခြင်း၊ ကျွမ်းကျင်အောင် လေ့ကျင့်ခြင်း၊ လက်တွေ့အသုံးချခြင်းတို့ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိတရား ကင်းရှင်းစွာဖြင့် ဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းအဆင့်အတန်းအားလုံးသည် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရှိရှိနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ တာဝန်ယူထမ်းဆောင်ရာတွင် လုံခြုံရေး အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်က ထောက်ပံ့ပေးသော လစာ၊ အခွင့်အရေးများ ခံစားပြီးဖြစ်သည့်အတွက် မိမိတို့ဘက်ကလည်း ပေးအပ်သည့်တာဝန်ကို ကျေပွန်ရုံသဘောထားထက် အကောင်းဆုံးထမ်းဆောင်မည့်စိတ်ဖြင့် လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိုလည်း မူဝါဒများနှင့်အညီ အမြဲဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် အခက်အခဲများရှိပါက ဆင့်ကဲနည်းဖြင့် တင်ပြရှင်းလင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ၎င်းတို့ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံရေးအကျဉ်းသားများ အမြန်ဆုံးလွတ်မြောက်ရေး ဌက်လွှတ်ဆုတောင်း

**ရန်ကုန် ဧပြီ ၄**

မြန်မာနိုင်ငံအကျဉ်းထောင်များတွင် အကျဉ်းကျခံနေရသော နိုင်ငံရေးအကျဉ်းသားများ အမြန်ဆုံးလွတ်မြောက်ရေးအတွက် ငှက်လွှတ်ပွဲနှင့် ဆုတောင်းပွဲကို ဧပြီ ၄ ရက် နံနက် ၈ နာရီခွဲက ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံရှေ့၌ ကျင်းပသည်။

အခမ်းအနားကိုသံဃာတော်အချို့နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ ဒီမိုကရေစီအင်အားစုများ၊ မေတ္တာကမ်ပိန်းအဖွဲ့တို့က စုစုပေါင်း ၃၀ ခန့်ဖြင့် ပြုလုပ်ခြင်းဖြစ်သည်။

မေတ္တာကမ်ပိန်းအဖွဲ့မှ ဦးဆန်းရှိန်က "အခုဆို မြန်မာနိုင်ငံ အကျဉ်းထောင်တွေမှာ နိုင်ငံရေးအကျဉ်းသား ၉၅ ဦးနဲ့ မြို့နယ်တရားရုံးများမှာ တရားရင်ဆိုင်နေရတဲ့ တောင်သူလယ်သမား၊ အလုပ်သမား၊ ကျောင်းသားများ၊ အရပ်ဘက်အဖွဲ့အစည်းနဲ့ ဝန်းရံပြည်သူ ၄၀၀ ခန့်ရှိနေပါတယ်။ အဲဒါတွေအားလုံး အမြန်ဆုံးလွတ်မြောက်ဖို့အတွက် ဖြစ်ပါတယ်" ဟု ပြောသည်။

ဒီမိုကရေစီအင်အားစုမှ ဦးဌေးအောင်က "နိုင်ငံရေးနဲ့ ဆက်နွယ်သူတွေ အမြန်ဆုံးလွတ်မြောက်ဖို့ပါ၊ ယနေ့ပြည်သူတွေက ရွေးချယ်တင်မြောက်လိုက်တဲ့ သမ္မတအနေနဲ့ ပြည်သူတွေရဲ့ ယုံကြည်မျှော်လင့်ချက်ကို အမြန်ဆုံးဖြည့်ဆည်းပေးဖို့ပါ။ တစ်ချိန်က အစိုးရအသီးသီးအနေနဲ့ ဥပဒေနဲ့အညီ လွတ်ငြိမ်းချမ်းသာခွင့်တွေပေးခဲ့တဲ့ အစဉ်အလာရှိပါတယ်။ အစိုးရသစ်တက်တက်ချင်းမှာ အဲဒါကို မျှော်လင့်ခဲ့ပေမယ့် အခုချိန်အထိ ဖြစ်ပေါ်မလာသေးတဲ့အတွက် အခုလို ငှက်လွှတ်အဖွဲ့နဲ့ ဆုတောင်းပွဲကို ပြုလုပ်ရတာပါ" ဟု ရှင်းပြသည်။

**ကိုကြီးတင်**





## ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မီဒီယာကဏ္ဍဖွံ့ဖြိုးရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တာတဲရှိဟီဂူချီနှင့်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ပြန်ကြားရေးကဏ္ဍနှင့်ပတ်သက်၍ ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မီဒီယာကဏ္ဍဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## အများအားဖြင့် သာယာနေ

**နေပြည်တော် ဧပြီ ၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

**(မိုး/ဇလ)**

### မြန်မာ့ရုပ်မြင်သံကြား

News Channel

(၅-၄-၂၀၁၆)

**နံနက်ပိုင်း**

၆း၀၀ း တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၉း၃၅ း ခါသကြ်နအဆိုအကများ

**ညပိုင်း**

၁၈း၃၅ း ပြည်သူတို့ရဲ့စကားသံများ

၁၈း၅၀ း ရေခဲတောင်ထိပ်က ခြေရာများ

၂၀း၀၀ း ပြည်တွင်းသတင်း

၁၁း၃၅ း ၂၀၁၆ ခုနှစ် ဧပြီလအတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်များ ကြိုတင်သတိပြုဖွယ်ရာများ နိုင်ငံတကာသတင်း

၂၁း၀၀ း နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မိုရ်မေမေ** အပိုင်း(၂၇)

**မှတ်ချက်။** ။ **နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# လက်ဆောင်ပစ္စည်း လက်ခံခြင်းနှင့်ပတ်သက်သည့် နိုင်ငံတော်သမ္မတရုံး၏လမ်းညွှန်ချက် ထုတ်ပြန်

**နေပြည်တော်  ဧပြီ  ၄**

လက်ဆောင်ပစ္စည်း လက်ခံခြင်းနှင့်ပတ်သက်သည့် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်ကို ဧပြီ ၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါလမ်းညွှန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့်ပတ်သက်သည့် နိုင်ငံတော်သမ္မတရုံး၏လမ်းညွှန်ချက်

**ရည်ရွယ်ချက်**

၁။ မြန်မာနိုင်ငံသည် အဂတိလိုက်စားမှု၊ အကျင့်စာရိတ္တပျက်ပြားမှု (Corruption)များ ထင်ရှားစွာရှိနေပါသဖြင့် အချိန်တိုကာလအတွင်း လုံး၀ ပပျောက်ရေးဆောင်ရွက်ရန်မှာ ကြီးမားသောစိန်ခေါ်မှုဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ လာဘ်စားမှု၊ အကျင့်စာရိတ္တပျက်ပြားမှုသည် လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေနိုင်သောကြောင့် အဘက်ဘက်မှ ထိရောက်စွာကိုင်တွယ်ရန် လိုအပ်ပါသည်။

၂။ လာဘ်ပေးလာဘ်ယူမှုသည် ကနဦးအဆင့်တွင် လက်ဆောင်ပစ္စည်းပေးရာမှ စတင်နိုင်ပြီး လူမှုရေးအရပေးသည့် လက်ဆောင်ပစ္စည်း သို့မဟုတ် တံစိုးလက်ဆောင်အဖြစ်ပေးအပ်သည့်ပစ္စည်း ခွဲခြားသတ်မှတ်ရန် လမ်းညွှန်ချက်ထုတ်ပြန်ခြင်းဖြစ်ပါသည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၃။ လက်ဆောင်ပစ္စည်းတွင် ငွေကြေးနှင့်တန်ဖိုးရှိသည့် ပစ္စည်းအပါအ၀င် ရွှေ၊ ငွေ၊ လေယာဉ်လက်မှတ်၊ အခမဲ့တည်းခိုခ၊ အခမဲ့စားသောက်ခ၊ ဧည့်ခံကျွေးမွေးခြင်း၊ ဂေါက်သီးအသင်း၀င်ကြေးစသည်တို့သည် လက်ဆောင်ပစ္စည်းတွင် အကျုံး၀င်သည်။

**အခြေခံမူ**

၄။ အစိုးရအဖွဲ့၀င်၊ အစိုးရမှဖွဲ့စည်းထားသော ကော်မရှင်/ အဖွဲ့အစည်းအဖွဲ့၀င်၊ ပြည်သူ့၀န်ထမ်းတို့သည် မိမိ၏ရာထူးကြောင့် ပေးအပ်သည်ဟု ယူဆသည့် အဖွဲ့အစည်း/လူပုဂ္ဂိုလ်ထံမှပေးအပ်သော လက်ဆောင်ပစ္စည်းများကို လက်ခံခြင်းမပြုရန် ပိတ်ပင်တားမြစ်သည်။

**ပိတ်ပင်တားမြစ်သည့်အဖွဲ့အစည်း/လူပုဂ္ဂိုလ်**

၅။ အောက်ဖော်ပြပါ လက်ဆောင်ပစ္စည်းများလက်ခံခြင်းမပြုရ-

(က) မိမိရာထူးလုပ်ပိုင်ခွင့်၏ အကျိုးခံစားနိုင်သည့် လုပ်ရပ်တစ်ရပ်ကို လိုလားတောင်းခံသော အဖွဲ့အစည်း/လူပုဂ္ဂိုလ်။

(ခ) မိမိတာ၀န်ယူရသော အဖွဲ့အစည်း၊ ကြီးကြပ်ကွပ်ကဲရသော အဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော၊ လုပ်ကိုင်ရန်ကြိုးပမ်းနေသော အဖွဲ့အစည်း/လူပုဂ္ဂိုလ်။

(ဂ) မိမိရာထူးတာ၀န်အရ လုပ်ဆောင်ရမည့်ကိစ္စရပ်တစ်ခုကို လုပ်ဆောင်ခြင်းကြောင့် အကျိုးခံစားမှုရှိသွားမည့် အဖွဲ့အစည်း/လူပုဂ္ဂိုလ်။

(ဃ) မိမိရာထူးတာ၀န်အရ လုပ်ဆောင်ရမည့် ကိစ္စရပ်တစ်ခုကို လုပ်ဆောင်ခြင်းမပြုသဖြင့် အကျိုးခံစားခွင့်ရှိသွားမည့် အဖွဲ့အစည်း/လူပုဂ္ဂိုလ်။

**ခြွင်းချက်**

၆။ အောက်ပါတို့ကို ခြွင်းချက်ဖြင့် လက်ခံခွင့်ပြုသည်-

(က) လက်ဆောင်ပစ္စည်း တန်ဖိုး ကျပ်ငွေ ၂၅၀၀၀/-မပိုသော လက်ဆောင်ပစ္စည်း။ (အဖွဲ့အစည်းတစ်ခု/လူပုဂ္ဂိုလ်တစ်ဦးထံမှ လက်ခံရယူသည့် လက်ဆောင်ပစ္စည်းသည် တစ်နှစ်လျှင် ကျပ် ၁၀၀၀၀၀ /-တန်ဖိုးထက် မပိုစေရ။)

(ခ) မိမိ၏တရား၀င်ရာထူးကြောင့်မဟုတ်ဘဲ မိသားစုဆက်ဆံရေး (family relationship) ၊ ပုဂ္ဂိုလ်ရေးခင်မင်မှု (personal relationship)အရ ပေးအပ်သော လက်ဆောင်ပစ္စည်း။ (ပေးအပ်သော လက်ဆောင်ပစ္စည်းများသည် အပိုဒ်(၅)ပါ တားမြစ်ချက်များနှင့် အကျုံး၀င်သော လက်ဆောင်ပစ္စည်းများ မဖြစ်စေရ။)

(ဂ) အခါကြီးရက်ကြီးများတွင် တစ်နှစ်တစ်ခါ ဂါရ၀ပြုပေးအပ်သည့် ကျပ်ငွေ ၁၀၀၀၀၀/- ထက်မပိုသော လက်ဆောင်ပစ္စည်း။ (ဥပမာ၊ သီတင်းကျွတ်ကန်တော့သော ပစ္စည်း၊ ခရစ္စမတ်လက်ဆောင်)

**လက်ခံခွင့်မရှိသော လက်ဆောင်ပစ္စည်းများ**

၇။ လက်ခံခွင့်မရှိသော လက်ဆောင်ပစ္စည်းများ ပေးအပ်လာပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပေးအပ်သော လက်ဆောင်ပစ္စည်းကို ပြန်လည်ပေးအပ်ရမည်။

(ခ) ပေးအပ်သော လက်ဆောင်ပစ္စည်းကို လက်ခံလိုပါက ထိုလက်ဆောင်ပစ္စည်း၏ ကာလပေါက်ဈေးကို ပေးအပ်သူထံ ပြန်လည်ပေးအပ်ရမည်။

(ဂ) ကြာရှည်အထားမခံသောပစ္စည်း(သစ်သီး၊ ပန်း) စသည်တို့ဖြစ်ပါက ဌာနတွင်း၀န်ထမ်းများအား ဖြန့်ဝေပေးရမည်။

**နိုင်ငံခြားအစိုးရမှ ပေးအပ်သော လက်ဆောင်ပစ္စည်း**

၈။ နိုင်ငံခြားအစိုးရမှ ပေးအပ်သော အောက်ပါလက်ဆောင်ပစ္စည်းတို့ကို ခြွင်းချက်အနေဖြင့် လက်ခံခွင့်ပြုသည်-

(က) ငွေတန်ဖိုးကျပ် ၄၀၀၀၀၀/- မပိုသော လက်ဆောင်ပစ္စည်း။

(ခ) တရား၀င်ကိစ္စအတွက် ခရီးသွားလာစရိတ် (လေယာဉ်ခ၊ နေထိုင်စားသောက်ခ)။

(ဂ) ပညာသင်ဆု။

(ဃ) ဆေး၀ါးကုသစရိတ်။

(င) နိုင်ငံခြားအစိုးရမှ ပေးအပ်သော လက်ဆောင်ပစ္စည်းသည် အထက်ပါအချက်နှင့် မကိုက်ညီသော်လည်း ပေးအပ်သည့်လက်ဆောင်ကို ငြင်းဆန်ခြင်းဖြင့် နှစ်ဖက်မျက်နှာပျက်ရမည့် ကိစ္စများတွင် အဆိုပါလက်ဆောင်ပစ္စည်းကို လက်ခံနိုင်ပြီး ယင်းပစ္စည်းအား ၀န်ကြီးဌာန/ဌာနသို့ ပေးအပ်ရမည်။

**အထွေထွေ**

၉။ လက်ဆောင်ပစ္စည်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာကျင့်သုံးရမည်-

(က) လက်ဆောင်ပစ္စည်းကို သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း တောင်းခံခြင်းမပြုရ။

(ခ) မိမိရာထူးတာ၀န်လုပ်ဆောင်မှုအပေါ် ဩဇာလွှမ်းမိုးစေမည်ဟု ယူဆရသော ကိစ္စရပ်များအတွက် မည်သည့်လက်ဆောင်ပစ္စည်းမှ လက်ခံခြင်းမပြုရ။

(ဂ) လက်ခံခွင့်ရှိသော လက်ဆောင်ပစ္စည်းကိုပင် အကြိမ်ကြိမ်လက်ခံခြင်းမပြုရ။

(ဃ) လက်ဆောင်ပစ္စည်းပေးအပ်လာပါက လက်ခံသည်ဖြစ်စေ၊ ငြင်းပယ်သည်ဖြစ်စေ အထက်အကြီးအကဲထံ အမြန်ဆုံးတင်ပြရမည်။

(င) အထက်ပိုဒ်(ဃ)နှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအား ပေးအပ်သည့် လက်ဆောင်ပစ္စည်းများကိစ္စကို ဦးစီးရုံးများ၏ ဒုတိယညွှန်ကြားရေးမှူးချုပ်များက နိုင်ငံတော်သမ္မတရုံး၀န်ကြီးထံ အမြန်ဆုံးတင်ပြရမည်။

# (၄) ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များ အစည်းအဝေးကျင်းပ၊ ဟိုချီမင်းကြေညာချက်ထုတ်ပြန်




**နေပြည်တော်  ဧပြီ  ၄**

(၄)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များအစည်းအဝေးကို ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၌ ဧပြီ ၁ ရက်က ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်အတူ အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံတရားသူကြီးချုပ်များက "အာဆီယံ တရားသူကြီးချုပ်များကောင်စီ"အား အသိအမှတ်ပြုရေးအတွက် အာဆီယံအဖွဲ့အစည်းသို့ တင်ပြရန်နှင့် ကျင်းပခဲ့သည့် အစည်းအဝေးများ၏ ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် အကောင်းဆုံးလုပ်ဆောင်သွားကြရန် သဘောတူညီခဲ့ကြသည်။

ထို့ပြင် "ဟိုချီမင်းမြို့ ကြေညာချက်" ကို သဘောတူထုတ်ပြန်ခဲ့ပြီး ယင်းကြေညာချက်တွင် အာဆီယံမူဘောင်အတွင်း အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနည်းတူ တရားစီရင်ရေး အဖွဲ့အစည်းများအကြား ထိရောက်ခိုင်မာသည့် တရား၀င်ပူးပေါင်းဆောင်ရွက်မှုအတွက် အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေးကို "အာဆီယံတရားသူကြီးချုပ်များကောင်စီ"ဟု အမည်ပြောင်းလဲရန်၊ အာဆီယံတရားသူကြီးချုပ်များကောင်စီအား အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ သီးခြားရပ်တည်မှုဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်ရန်၊ အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ အနာဂတ်လုပ်ငန်းများအတွက် ကိုယ်စားလှယ်အသီးသီးပါ၀င်သည့် လေ့လာရေးအဖွဲ့ ဖွဲ့စည်း၍ အစီရင်ခံစာတင်ပြရေးဆောင်ရွက်ရန် စသည်ဖြင့် ပါ၀င်သည်။

အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေးသည် အာဆီယံဒေသတွင်း တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာစေရေးအတွက် ၂၀၁၃ ခုနှစ်က စတင်၍ နှစ်စဉ်ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မိုဘိုင်းငွေရေးကြေးရေး ၀န်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းထုတ်ပြန်

**နေပြည်တော် ဧပြီ ၄**

မြန်မာနိုင်ငံ၌ မိုဘိုင်းငွေရေးကြေးရေး၀န်ဆောင်မှုလုပ်ငန်းများ စွမ်းရည်ပြည့်၀စွာနှင့် ထိရောက်လုံခြုံစွာဆောင်ရွက်နိုင်ရန်နှင့် မိုဘိုင်းငွေရေးကြေးရေး၀န်ဆောင်မှုလုပ်ငန်းကို ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအပြင် မိုဘိုင်းကွန်ရက်ဆောင်ရွက်သူများ (Mobile Network Operator-MNO) ကပါ ၀န်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိုဘိုင်းငွေရေးကြေးရေး၀န်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းကို မတ် ၃၀ ရက်က ထုတ်ပြန်လိုက်သည်။

စည်းမျဉ်းအပြည့်အစုံနှင့် အင်္ဂလိပ်ဘာသာပြန်ဆိုချက် (Unofficial Translation) တို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website (www.cbm.gov.mm) တွင် ၀င်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း၊ အဆိုပါ လုံးချင်းအိမ် ၂၁၄ လုံး အပါအ၀င် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၂၀၃ လုံး ကာလတန်ဖိုးငွေကျပ် ၂၄၃ ဒသမ ၆သန်း၊ ၂၀၁၃-၂၀၁၄ တွင် ၆၈ လုံး ငွေကျပ် ၈၁ ဒသမ ၆ သန်း အကုန်အကျခံပြီး ဆောက်လုပ်ပေးခဲ့ကြောင်း ဆက်လက်ပြောကြားသည်။

လုံးချင်းအိမ်ရာများအပြင် စစ်ဘေးရှောင်ပြည်သူများ ကျန်းမာရေးနှင့်ကိုက်ညီမှုရှိစေရန်အတွက် အိမ်သာများဆောက်လုပ်ပေးခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း၊ လမ်းများပြုလုပ်ပေးထားသည့်အပြင် ကချင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် လျှပ်စစ်မီးရရှိအောင်လည်း ပြုလုပ်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ငွေပျော်စံကျေးရွာ၌ အိမ်ခြေ ၄၈၅ လုံး၊ အိမ်ထောင်စု ၃၂၁ စု၊ လူဦးရေ ၁၆၀၀ ခန့် နေထိုင်လျက်ရှိပြီး ယင်းကျေးရွာသည် စစ်ဘေးရှောင်ပြည်သူများ နေထိုင်နိုင်ရန်အတွက်သာ ဆောင်ရွက်ပေးထားခြင်းဖြစ်သည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၄**

ဧပြီ ၄ ရက် မွန်းလွဲ ၂ နာရီ မိုးလေ၀သနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မြန်မာ့အလင်း)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုဝန်ကြီး နှစ်ဦး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏ အမည်စာရင်း လွှတ်တော်သို့တင်သွင်း




ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

**နေပြည်တော် မေ ၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးထင်ကျော်ထံသို့ နိုင်ငံတကာအကြီးအကဲများထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများနှင့် သတင်းထုတ်ပြန်ချက်များကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတထံမှပေးပို့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ်ခြင်းကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတ အဆိုပြုတင်ပြသော ပြည်ထောင်စုဝန်ကြီး နှစ်ဦး၊ ပြည်ထောင်စု ရှေ့နေချုပ်နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်တို့၏ အမည်စာရင်း လွှတ်တော်သို့တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဆွီဒင်နိုင်ငံဘုရင်၊ မော်ရိုကိုဘုရင့်နိုင်ငံ ဆဋ္ဌမမြောက်ဘုရင်၊ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့မှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ လက်ထောက် အထွေထွေအတွင်းရေးမှူးချုပ်နှင့် အမှုဆောင်အရာရှိချုပ်၊ ဘရာဇီးအစိုးရတို့ထံမှ ဝမ်းမြောက်ကြောင်း ပေးပို့စာများ၊ ဥရောပပါလီမန် အာဆီယံနိုင်ငံ ဆက်ဆံရေးဆိုင်ရာဥက္ကဋ္ဌထံမှပေးပို့သည့် သတင်းထုတ်ပြန်ချက်တို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှပေးပို့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ ခန့်အပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ဆက်သွယ်ကျေးရွာအုပ်စုတွင် အဘစ်ကျေးရွာတစ်ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျိုက်မရောမြို့နယ် ကွန်းရွာကျေးရွာအုပ်စုတွင် ကွန်းရွာကျေးရွာ၏ နယ်နိမိတ်ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ အဆိုပြုတင်ပြသော **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ်** ဦးဖေဇင်ထွန်းနှင့် **ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ်** ဒေါက်တာ မျိုးသိမ်းကြီးတို့ကို လည်းကောင်း၊ **ပြည်ထောင်စုရှေ့နေချုပ်အဖြစ်** ဦးထွန်းထွန်းဦးနှင့် **ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ်** ဦးမော်သန်းတို့ကို လည်းကောင်း ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်သို့တင်ပြပြီး အဆိုပါကိစ္စများနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို မေ ၅ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး အဆိုပါအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးနှစ်ဦး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့ကို ခန့်အပ်တာဝန်ပေးအပ်နိုင်ရန်အတွက် လွှတ်တော်၏ အဆုံးအဖြတ် ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သော တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခန့်အပ်တာဝန်ပေးသည့် ဝန်ကြီးများ | တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနများ |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ဦးခင်မောင်မြင့်(ခ) ဦးဒိတ် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂ | | ဦးစိုင်းစိန်လင်း | ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၃ | | ဦးအားတီယောဟန် | လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၄ | | ဦးရန်နမ်းဖုန် | ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၅ | ကယားပြည်နယ် | ဦးလှမျိုးဆွေ | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၆ | ကရင်ပြည်နယ် | ဦးတေဇထွန်းလှိုင်ထွေး | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၇ | | ဦးမင်းတင်ဝင်း | မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၈ | | ဦးခွန်မျိုးတင့် | ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၉ | စစ်ကိုင်းတိုင်းဒေသကြီး | ဒေါ်မွှေးမွှေးခင် | ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၀ | | ဦးလာလ်ထောင်ထန်း | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီး | ဦးစောလုကာ | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၂ | ပဲခူးတိုင်းဒေသကြီး | ဒေါ်နော်ပွယ်ဆေး | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၃ | မကွေးတိုင်းဒေသကြီး | ဦးလှထွန်း | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၄ | မန္တလေးတိုင်းဒေသကြီး | ဦးစိုင်းကျော်ဇော | ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၅ | မွန်ပြည်နယ် | ဦးရွှေမြင့် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၆ | | ဒေါ်စံဝင့်ခိုင် | ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၇ | | ဦးအောင်မြင့်ခိုင် | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၈ | ရခိုင်ပြည်နယ် | ဦးပုန်ဘွေ | ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၁၉ | ရန်ကုန်တိုင်းဒေသကြီး | ဒေါ်ပန်းသဥ္ဇာမျိုး | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၀ | | ဦးဇော်အေးမောင် | ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၁ | ရှမ်းပြည်နယ် | ဒေါက်တာ အောင်သန်းမောင် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၂ | | ဦးဇုတ်ဒေါင် | ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၃ | | ဦးဂူဆာ | လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၄ | | ဦးယောသပ် | လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၅ | | ဦးအာဗေလှ | အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၆ | | ဒေါက်တာထွန်းလှိုင် | အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၇ | | ဦးခွန်အေးမောင် | ကယန်း(ခ)ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာန |
| ၂၈ | ဧရာဝတီတိုင်းဒေသကြီး | ဂျိမိုးမြတ်မြတ်သူ | ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |
| ၂၉ | | ဦးတင်စော | ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန |

ပြည်သူ့လွှတ်တော်အစည်းအဝေး

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်အစီရင်ခံစာ ဖတ်ကြားတင်သွင်း

**နေပြည်တော် မေ ၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၁ နာရီတွင်ကျင်းပပြီး **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း** လက်ခံရရှိကြောင်း လွှတ်တော်သို့တင်ပြခြင်းနှင့် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော နိုင်ငံတော်၏ **အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က ဖတ်ကြားတင်သွင်းရာတွင် ယခုဥပဒေကြမ်းသည် ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်ရေး၊ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ရေးဆွဲ



ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဗိုလ်မှူးချုပ် မောင်မောင်

တင်ပြလာခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

ယခုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တင်သွင်းခဲ့ခြင်းဖြစ်ပြီး လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အတည်ပြုခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဝင်အများစုသည် အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုသင့်သည်ဟု သဘောတူညီပါကြောင်း။

ယခုဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း



ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်

ကော်မတီ အတွင်းရေးမှူး ဦးစတီဖန်ကလည်း ဥပဒေကြမ်း အခန်း ၁၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(က)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန်အတွက် ပြန်လည်စိစစ်ရန်၊ အခန်း ၄၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(င)တွင်ပါရှိသော အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချီးမြှင့်ငွေ၊စရိတ်၊ အဆောင်အယောင်နှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် လက်ရှိ ပြည်ထောင်စုဝန်ကြီးဖြစ်ရာ ပြည်ထောင်စုအဆင့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားပြီးဖြစ်သည့်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

# နိုင်ငံတော်သမ္မတပေးပို့ထားသည့် ပြည်ထောင်စုဝန်ကြီးနှစ်ဦးနှင့်စပ်လျဉ်း၍ စောင့်ကြည့်ဝေဖန်သံတို့ထွက်ပေါ်

သတင်း-ခင်ရတနာ၊ သိမ့်သိမ့်မိုး
ဓာတ်ပုံ-ကိုကိုနေ

နေပြည်တော် မေ ၄

**နိုင်ငံတော်သမ္မတက ယနေ့ ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအဆင့် ဝန်ကြီးနှစ်ဦး ခန့်အပ်နိုင်ရန်အတွက် အမည်စာရင်းပေးပို့ခြင်းကို ပြုလုပ်ခဲ့ပြီး အဆိုပါပြည်ထောင်စုဝန်ကြီး ရာထူးနှစ်နေရာသည် လက်ရှိတွင် ဒေါ်အောင်ဆန်းစုကြည် တာဝန်ယူထားသည့် ပညာရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့ဖြစ်ကြောင်း သိရသည်။**



ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ စာရင်းသွင်းနေစဉ်

"နေရာနှစ်ခုစလုံးအတွက် ပညာရှင်တွေထဲကနေ ရွေးချယ်လိုက်တာဖြစ်ပါတယ်။ ဦးဖေဇင်ထွန်းက လက်ရှိမှာ စွမ်းအင်ဝန်ကြီးဌာနရဲ့ အမြဲတမ်းအတွင်းဝန် တစ်ဦးဖြစ်ပြီး အောက်ခြေ ဝန်ထမ်းတွေနဲ့လည်း အဆင်ပြေသူတစ်ဦး ဖြစ်ပါတယ်။ လုပ်ငန်းပိုင်းဆိုင်ရာတွေမှာ တတ်ကျွမ်းနားလည်တဲ့ ပညာရှင်တစ်ဦးဖြစ်တာကြောင့် အစိုးရသစ်က မူဝါဒတွေ တိတိကျကျ ချထားပေးမယ်ဆိုရင် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူးတစ်ဦးက ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သမ္မတရုံးဝန်ကြီးဌာနတို့၏ ပြည်ထောင်စုဝန်ကြီး တာဝန်တို့ကို ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ပြီး အစိုးရအဖွဲ့ စတင်ဖွဲ့စည်းချိန်ကလည်း ရည်ရွယ်ထားသူများက နောက်ဆုံးအချိန်ကျမှ တာဝန်မယူနိုင်ကြောင်း အကြောင်းပြန်သည့်အတွက် ဝန်ကြီးဌာန လေးခုအထိ တာဝန်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

သမ္မတက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် လွှတ်တော်သို့ အမည်စာရင်းပေးသွင်းထားသူ အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်ဟောင်း ဒေါက်တာမျိုးသိမ်းကြီးမှာ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခဲ့ဖူးသူတစ်ဦးလည်း ဖြစ်ကြောင်း နီးစပ်သူများထံက သိရသည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အတိုင်ပင်ခံကောင်စီဖွဲ့စည်းပြီး ယင်းရာထူးကို လက်ခံခွင့်ရရှိပါက ၎င်းအနေဖြင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ကိုလည်း လွှဲပြောင်းပေးနိုင်ပြီး နိုင်ငံခြားရေး တာဝန်ဖြင့်သာ အတိုင်ပင်ခံပုဂ္ဂိုလ်တာဝန်နှင့် ပူးတွဲထမ်းဆောင်သွားဖွယ် ရှိသည်။

ပညာရေး ဝန်ကြီးဌာနအနေဖြင့် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီး တာဝန်ယူနိုင်ပါက ပိုမိုအခွင့်အလမ်း ရရှိနိုင်ကြောင်း သုံးသပ်မှုများရှိနေပြီး လက်ရှိတွင် ပညာရေးဆိုင်ရာ ကျွမ်းကျင်သူ တစ်ဦးဖြစ်သည့် ဒေါက်တာ မျိုးသိမ်းကြီးကို အများစု လက်ခံသော်လည်း စိတ်သဘော မတိုက်ဆိုင်သူအချို့ကမူ ကန့်ကွက်သံများ ထွက်ပေါ်လာသည်ကို မြင်တွေ့ရသည်။

"ကျောင်းသားတွေနဲ့ နီးစပ်တဲ့ ပညာရှင်မျိုးဆိုရင် ပိုပြီးကောင်းမယ်လို့ထင်ပါတယ်။ လက်ရှိမှာ ကျောင်းသားအရေးတွေနဲ့ ပတ်သက်လာရင် ဒေါက်တာမျိုးသိမ်းကြီးက အသည်းမာတဲ့လူမျိုးလို့ ထင်ကြတယ်။ ဒါပေမယ့် နိုင်ငံတော်သမ္မတကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့က ရွေးချယ်ထားတယ်ဆိုတော့ ကျွန်တော်တို့ ငြင်းပယ်ဖို့တော့ မရှိပါဘူး။ ထူးချွန်ထက်မြက်သလို မြန်မာ့ပညာရေးမြင့်မားဖို့အတွက် ရင်ဝယ်သားကဲ့သို့ ဆောင်ရွက်ပေးနိုင်တဲ့ ပြည်ထောင်စုဝန်ကြီးမျိုး လိုချင်ပါတယ်"ဟု ရန်ကုန်တက္ကသိုလ်မှ နည်းပြဆရာတစ်ဦးက ဖြေကြားသည်။

လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဦးစောမိုးမြင့်ကမူ "ကျွမ်းကျင်ရာ နယ်ပယ်အလိုက် တတ်ကျွမ်းတဲ့ ပညာရှင်တွေကို ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ခွင့်ရတာကိုက အကောင်းဘက်က ကြည့်ရင် အဆင်အပြေဆုံးဖြစ်မှာပါ။ လိုအပ်ချက်တွေနဲ့ အားနည်းချက်တွေကတော့ နေရာတိုင်း လူတိုင်းမှာ ရှိနေနိုင်တာပဲ။ ကူညီပြီး အဖြေရှာကြဖို့ကတော့ အားလုံးမှာတာဝန်ရှိပါတယ်"ဟု သူ့အမြင်ကို ပြောကြားသည်။

မေ ၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ အစီအစဉ်များတွင် ပြည်ထောင်စုဝန်ကြီး နှစ်ဦးနှင့် စပ်လျဉ်း၍ သဘောတူကြောင်းသို့မဟုတ် ကန့်ကွက်ရန်ရှိကြောင်း လွှတ်တော်တွင် ဆန္ဒခံယူပြီး လိုအပ်ပါကလည်း လက်ခံဆွေးနွေးရန်သင့်၊ မသင့်ကို လွှတ်တော်မှ အဆုံးအဖြတ်ပေးသွားမည် ဖြစ်ကြောင်း ယနေ့ထုတ်ပြန်သည့် အစီအစဉ်လျာထားချက်အရ သိရှိရသည်။

ပြည်ထောင်စု ဝန်ကြီးများနှင့်အတူ နိုင်ငံတော်သမ္မတက ပေးပို့လာသည့် ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်တို့မှာမူ မူလကတည်းက တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် လူဟောင်းများဖြစ်ခြင်းကြောင့် သဘောတူညီမှု ပိုမိုများပြားနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

*စာမျက်နှာ ၇ မှ*

ဆိုင်ရာဥပဒေဟု တိကျစွာညွှန်ပြထားခြင်းမရှိသည့်အတွက် ဝန်ကြီးဌာနတစ်ခုခုကို သတ်မှတ်ဖော်ပြနိုင်ရန် ပြန်လည်စိစစ်ရန် လိုအပ်သည်ဟု ဆွေးနွေးခဲ့ကြောင်း။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဗိုလ်မှူးချုပ်မောင်မောင်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ၏ အမည်တွင် နိုင်ငံတော်၏ဟူသော စကားရပ်နေရာ၌ အခြားသင့်လျော်သည့်စကားရပ် ဥပမာ- နိုင်ငံတော်သမ္မတ၏ဟု ပြင်ဆင်ရန်၊ နိုင်ငံတော်အတွက် အရေးကြီးသော ဤဥပဒေကြမ်းကို စိစစ်ရန်အတွက် အချိန်လုံလောက်မှုမရှိခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင် နှစ်ရပ်ရောထွေးနေခြင်း၊ လက်ရှိကျင့်သုံးနေသည့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ဟူသော စကားရပ်သုံးနှုန်းထားခြင်း မရှိသည်ကို ဆွေးနွေးခဲ့ကြောင်း ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၀၁၆ ခုနှစ် မေ ၅ ရက် နံနက် ၉ နာရီ နောက်ဆုံးထား၍ ပြည်သူ့လွှတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို မေ ၅ ရက် မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပြီး **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**(မိုး/ဇလ)**

# မြန်မာနိုင်ငံ ပညာရေးတိုးတက်စေရန် ဆက်လက်ပူးပေါင်းဆောင်ရွက် ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ UNICEF နှင့် ဆွေးနွေး

**နေပြည်တော် မေ ၄**

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ တင်အောင်သည် UNICEF မှ ပညာရေးကဏ္ဍဖွံ့ဖြိုးမှု မဟာမိတ်အဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Bertrand Bainvel ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-13) ရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌနှင့်အတူ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် UNICEF အနေဖြင့် မြန်မာနိုင်ငံ ပညာရေးတိုးတက်စေရန် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

---

** ရှေ့ဖုံးမှ*

ရေးဆွဲတင်သွင်းသည့် ဥပဒေကြမ်းတစ်ခုလည်း ဖြစ်သည်။

ယနေ့ အဆိုပါဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်သွင်းခဲ့ရာ ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဗိုလ်မှူးချုပ်မောင်မောင်က ပြင်ဆင်ချက်အတွက် အချိန်ပေးရန် တောင်းဆိုခဲ့သော်လည်း လွှတ်တော်ဥက္ကဋ္ဌက မူလဆုံးဖြတ်ချက်ဖြစ်သည့် **(မနက်ဖြန်)**မေ ၅ရက် နံနက် ၉ နာရီတွင်သာ နောက်ဆုံးထား ပေးပို့သွားကြရန် ပြန်လည်ပြောကြားခဲ့ခြင်းကြောင့် မနက်ဖြန်တွင် ပြည်သူ့လွှတ်တော်သို့ ပြင်ဆင်ကန့်ကွက်မှုများ တင်သွင်းလာနိုင်ကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အချို့က အစည်းအဝေးအပြီးတွင် ခန့်မှန်းကြသည်။

"ကျွန်တော်က ဥပဒေကြမ်းကို ကန့်ကွက်တာမဟုတ်ပါဘူး။ ဥပဒေတစ်ခုပြဋ္ဌာန်းဖို့ဆိုတာ စနစ်တကျနဲ့ စိစစ်ကြဖို့ တာဝန်ရှိပါတယ်။ ဥပဒေနဲ့ညီတယ်ဆိုရင် ကန့်ကွက်ဖို့ မရှိပါဘူး။ အတိုင်ပင်ခံဆိုတာ နိုင်ငံတော်အတွက် အရေးကြီးတဲ့အခန်းကဏ္ဍမို့ အချိန်ယူဖို့ တောင်းဆိုခဲ့တာဖြစ်ပါတယ်"ဟု ဗိုလ်မှူးချုပ်မောင်မောင်က လွှတ်တော်အစည်းအဝေး အပြီးတွင် ဖြေကြားသည်။

လွှတ်တော်အတွင်း ယင်းကိစ္စနှင့် ပတ်သက်ပြီး ဝေဖန်မှုများရှိနေသော်လည်း မဲခွဲမည်ဆိုလျှင်ပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်အများစုမို့ ဥပဒေအတည်ပြုနိုင်ကြောင်း နိုင်ငံရေးသုံးသပ်သူ ကိုမျိုးသာထက်ကလည်း ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားသည်။

အဆိုပါ ဥပဒေအတည်ပြုပြီးပါက ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းနှင့်အညီ သမ္မတအတိုင်ပင်ခံ ပုဂ္ဂိုလ်အဖြစ် တည်ရှိမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အကြံပြုခြင်း၊ အကြံပြုချက်၊ ဆောင်ရွက်ချက်များအပေါ် ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံခြင်းနှင့် အစိုးရ၊ ဌာနဆိုင်ရာ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်ခွင့် ရရှိသွားမည် ဖြစ်သည်။

"တပ်မတော်ကိုယ်စားလှယ်တွေနဲ့ အရပ်သားကိုယ်စားလှယ်တွေအကြား အပြုသဘောဆောင်တဲ့ ဝေဖန်မှုတွေ များများထွက်ပေါ်လာတာတွေကနေ လွှတ်တော်က ပိုပြီး သက်ဝင်လှုပ်ရှားလာမှာပါ။ ပါတီတစ်ခုတည်းက ကိုယ်စားလှယ်အများစု ရွေးချယ်ခံခဲ့ရတဲ့အတွက် ငြင်းဆိုထောက်ပြမှု အသံတွေတော့ မလျော့စေချင်ဘူး။ အခြားအရာတွေထက် ဒေါ်အောင်ဆန်းစုကြည် အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်လာဖို့ ကိစ္စကတော့ အားလုံးညီညွတ်ရင် အကောင်းဆုံးပါ"ဟု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက အစည်းအဝေးအပြီးတွင် သုံးသပ်ပြောကြားသည်။

**(မြန်မာ့အလင်း)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဩဝါဒခံယူ

**နေပြည်တော် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်သံဃမဟာနာယကကျောင်းဆောင်၌ မေ ၄ ရက် မွန်းလွဲ ၁ နာရီက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဩဝါဒကထာမိန့်ကြားရာတွင် "ဒကာတော်အပါအဝင် အုပ်ချုပ်မင်းလုပ်ကြသည့် ဒကာကြီးများ၊ ဒကာမကြီးများ စိတ်ချမ်းသာကိုယ်ချမ်းသာစွာဖြင့် သာသနာပြုနိုင်ကြပါစေ။ မင်းကောင်းမင်းမြတ်များဖြစ်ကြ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပါစေ။ နိုင်ငံသူ နိုင်ငံသားများလည်း စိတ်ချမ်းသာကိုယ်ကျန်းမာစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးများကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းပေးအပ်ပါကြောင်း" မိန့်ကြားပါသည်။

ဆက်လက်၍ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး ဩဝါဒခံယူခဲ့သည်။ ယင်းနောက် နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သဃ်န်းကျွန်းမြို့နယ် မူလဆယ်တောင်ပြည့်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသထံမှလည်း ဩဝါဒခံယူခဲ့သည်။

**(သတင်းစဉ်)**

# ပြည်သူများအတွက် အကျိုးရှိမည့်လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် မေ ၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အမှာစကားပြောကြားရာတွင် ယခုနိုင်ငံတော်အစိုးရက နိုင်ငံတော်တာဝန်စတင် တာဝန်ယူချိန်မှစ၍ ဌာနအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုအပေါ် ပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများအား စီမံချက်များရေးဆွဲ၍ ရှေ့လုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စီမံချက်ပါ သတ်မှတ်ကာလအတွင်း ပြည်သူများ၏လိုအပ်ချက်ကို အမှန်တကယ်ထိရောက်စွာ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများဖြစ်ရန်လိုကြောင်း၊ ဟန်ပြဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် လက်တွေ့ကျသော လုပ်ငန်းများကို ဌာနအလိုက် ရှင်းလင်းတင်ပြကြရန် လိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနအလိုက်တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်များက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို အသီးသီး ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လက်တွေ့ကျသော ဆောင်ရွက်ချက်များဖြစ်စေရေးနှင့် အခြားမိတ်ဖက် အဖွဲ့အစည်းများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

○ *ကျောဖုံးမှ*

ယနေ့ တိုင်းဒေသကြီးဝန်ကြီးချုပ်က လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ အဆိုပြုချက်တင်သွင်းသည့် ဝန်ကြီးဌာန အရေအတွက် ခြောက်ခုမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ဖြစ်သည်။ ထို့အပြင် တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့ကိုလည်း ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး ဝန်ကြီးချုပ်၏ အဆိုပြုချက်ကို လွှတ်တော်၏ အဆိုပြုချက်ရယူကာ အတည်ပြုနိုင်ခဲ့သည်။ အဆိုပါအတည်ပြုချက်များ လွှတ်တော်၌ အတည်ပြုနိုင်ရေး ဆွေးနွေးနေစဉ် ပြင်ပမီဒီယာခန်းမှာ ရုပ်သာမြင်ခဲ့ရပြီး အသံမကြားခဲ့ရသဖြင့် မီဒီယာများ သတင်းရယူမှု အဆင်မပြေဖြစ်ခဲ့ရသည်။

"ကျွန်တော်တို့ ဒီနေ့လွှတ်တော်မှာက နည်းနည်းလေးအစီအစဉ်တွေ ရောနေတယ်။ တကယ်ဆို ဒီနေ့ ဝန်ကြီးအမည်စာရင်း ခြောက်ဦးနာမည်နဲ့ ဝန်ကြီးဌာနတွေပဲ လွှတ်တော်က အတည်ပြုလိုက်တာ။ တကယ်တော့ ဝန်ကြီးဌာနတွေနဲ့ အမည်စာရင်းတွေ တွဲလျက်အတည်ပြုတာက မနက်ဖြန်မှဖြစ်ရမှာ။ ကျွန်တော့် အမြင်ပြောရရင် ရွေးချယ်လိုက်တဲ့ ဝန်ကြီးငါးဦးထဲမှာ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့က ဦးနိုင်ငံလင်းတစ်ဦးတည်းပဲ ပါတယ်။ ကျန်တာတွေက အငြိမ်းစားဝန်ထမ်းဟောင်းတွေ ဖြစ်တယ်။ အဲဒီအပေါ်မှာတော့ ကျွန်တော့်အမြင်ပြောရရင် အထက်က လူကြီးတွေ အခုလိုရွေးချယ်လိုက်တာဟာ သင့်လျော်တယ်ထင်လို့၊ လုပ်ပေးနိုင်မယ်ထင်လို့ ရွေးချယ်ခဲ့တာဖြစ်တယ်" ဟု ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင် (တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မဲဆန္ဒနယ် အမှတ်(၁) လှိုင်သာယာမြို့နယ်)က ယနေ့လွှတ်တော်အပြီး မီဒီယာများအား ပြောသည်။

ယနေ့လွှတ်တော်တွင် တင်သွင်းသည့် ဝန်ကြီးအမည်စာရင်းများမှာ ဦးမြင့်သောင်း၊ ဦးမောင်မောင်စိုး၊ ဦးဟန်ထွန်း၊ ဒေါ်နီလာကျော်၊ ဦးနိုင်ငံလင်းတို့နှင့် တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တာဝန်များကို ဦးဟန်ထူးနှင့် ဒေါ်ခင်သန်းလှတို့အား အတည်ပြုနိုင်ခဲ့သော်လည်း မည်သူက မည်သည့်ဝန်ကြီးဌာနကို ကိုင်တွယ်မည်မှာ တိတိကျကျ အတည်ပြုနိုင်သေးခြင်းမရှိဘဲ ယနေ့ မေ ၅ ရက် လွှတ်တော်တွင်သာ အတည်ပြုနိုင်မည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ် အချို့က ပြောသည်။ သို့သော် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီး တင်အောင်ထွန်းအား လွှတ်တော်က ရွေးချယ်အတည်ပြုခဲ့ပြီးဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များ ယနေ့ဆွေးနွေးအတည်ပြုချက်ရယူခဲ့သော သတင်းများအား လာရောက်ယူသည့်မြန်မာနယူးစ်ဝိခ်မှ အကြီးတန်းသတင်းထောက် "မခင်ဖြိုးလျှံက ဒီနေ့ လွှတ်တော်မှာ ဝန်ကြီးချုပ်တင်သွင်းတဲ့ ဝန်ကြီးအရေအတွက်နဲ့ ဝန်ကြီးဌာနသတင်းတွေက အရေးကြီးတဲ့သတင်းတွေလေ။ အချိန်နဲ့ တစ်ပြေးညီဖြစ်သလို နောက်ထပ်တစ်ကြိမ်လည်း ထပ်လှွင့်မှာမဟုတ်တဲ့အတွက် ဒီတစ်ကြိမ်တည်းပဲဆိုတော့ အခုလိုပျက်သွားတော့ ကျွန်မတို့အတွက် သတင်းယူရတာ ဘယ်လိုမှ အဆင်မပြေဘူးဖြစ်သွားတယ်။ တကယ်ဆို ဒါဟာလုံးဝမဖြစ်သင့်တဲ့ကိစ္စပါ။ အထဲကိုလည်းဝင်လို့မရဘူးလို့ ကန့်သတ်ထားတဲ့အပြင် နောက်ထပ်တစ်ကြိမ်လည်း ထပ်လာတော့မှာ မဟုတ်တဲ့အတွက် အချိန်နဲ့တစ်ပြေးညီ ကျွန်မတို့ မီဒီယာတွေသတင်းယူနိုင်ဖို့ ဒီနေ့ဆို အသံမလာတော့တဲ့အတွက် တော်တော်လေး အခက်အခဲ ဖြစ်ခဲ့တယ်။ အရင်ရက်တွေကလည်း တစ်ခါတစ်လေဆို ရုပ်က မကြည်တာတွေ၊ မရှင်းတာတွေက ခဏခဏဖြစ်တယ်။ ဒါတွေအပြင် ကျွန်မတို့ သတင်းမီဒီယာသမားတွေဟာ အပေါ်ထပ်စားသောက်ဆိုင်တန်းကိုလည်း တက်ခွင့်မရှိဘူး။ ရေဆာရင်တောင်မသောက်ကြရပါဘူး။ တကယ်ဆို ဒီမီဒီယာသတင်းယူခန်းမှာ ရေဘူးလေးတော့ ထားပေးသင့်ပါတယ်" ဟု ပြောသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် လွှတ်တော်တွင်း၌ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ ၁၂၃ ဦးတွင် ခွင့်ပန်ကြားသူ နှစ်ဦးရှိခဲ့ပြီး ၁၂၁ ဦး တက်ရောက်ခဲ့ကြောင်းနှင့် ပထမနေ့ ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို မေ ၅ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

# ယာဉ်ကြောပိတ်ဆို့မှုမကြာခဏဖြစ်ပွားလေ့ရှိသည့် မီးပွိုင့်လမ်းဆုံတို့တွင် စည်းကမ်းမဲ့ယာဉ်များအား ဖမ်းဆီး




**ရန်ကုန် မေ ၄**

လှိုင်သာယာမြို့နယ်၌ ယာဉ်ကြောပိတ်ဆို့မှုမကြာခဏ ဖြစ်ပွားလျက်ရှိရာ မေ ၄ ရက် နံက် ၇ နာရီက ယာဉ်ကြောပိတ်ဆို့မှုအများဆုံးဖြစ်ပွားလေ့ရှိသည့် စက်မှုဇုန်မီးပွိုင့်နှင့် သမကုန်းအဝိုင်းလမ်းဆုံတို့တွင် မြို့နယ်အမှတ်(၆၈) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဦးဆောင်သောအဖွဲ့မှ မီးတန်းယာဉ်နှစ်စီးဖြင့် ယာဉ်ကြောပိတ်ဆို့မှုရှင်းလင်းခြင်းနှင့် စည်းကမ်းချိုးဖောက်သောယာဉ်များအား အရေးယူဆောင်ရွက်ခဲ့ရာ ယာဉ်ရှစ်စီးအား ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

"မြို့နယ်မှာ လမ်းဆုံလမ်းခွ ၁၂ နေရာ၊ အဝိုင်းနှစ်ဝိုင်းနဲ့ မီးပွိုင့်သုံးခုရှိတယ်။ အများဆုံးယာဉ်ကြောပိတ်တာက ဘုရင့်နောင်တံတားအဆင်းတိုးဂိတ်နဲ့ FMI ရှေ့၊ ပန်းလှိုင်ဂေါက်ကွင်းအဝင်လမ်းဆုံနဲ့ သမကုန်းအဝိုင်းနေရာတွေမှာပါ။ သမကုန်းအဝိုင်းပိတ်တာက လိုင်းကားတွေ၊ တက္ကစီနဲ့ ဆိုင်ကယ်တွေ အဝိုင်းထွက်ပေါက်မှာ ယာဉ်ကြောပိတ်ပြီး ခရီးသည်အတင်အချ လုပ်နေလို့ပဲ။ ဒီနေ့ ယာဉ်ရှစ်စီးဖမ်းတယ်။ တစ်ပတ်မှာ သုံးရက် မီးတန်းယာဉ်နဲ့ ကြပ်မတ်ဆောင်ရွက်သွားမှာပါ" ဟု အမှတ်(၆၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ငွေတင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လှိုင်သာယာမြို့နယ်သည် ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားသော မြို့နယ်အဖြစ် စာရင်းဝင်လျက်ရှိပြီး လမ်းဘေးဈေးသည်၊ လမ်းပေါ်ဈေးသည်တို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှု နေ့စဉ်ဖြစ်ပေါ်၍ ယာဉ်စည်းကမ်းဖောက်ဖျက်ခြင်းမရှိစေရန် မူးယစ် သောက်စား၍ မောင်းနှင်ခြင်း၊ စက်ရုံများနှင့် ရပ်ကွက်၊ ကျေးရွာတို့တွင် ပရိုဂျက်တာဖြင့် အသိပညာပေးဆောင်ရွက်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၆၄)**

# ရေနက်ကွင်းများမှသည် ရွှေရောင်လွှမ်းသည့် ဘဝများစွာဆီသို့

အမရသူ

စစ်ကိုင်းတံတားကြီး၏ သံမဏိပေါင်အခုံးများကို ပုရစ်ဖူးစသစ်ပင်တန်းအပေါ်မှ ကျော်မြင်နေရပြီး ရွှေကြက်ယက်ဘုရားကိုလည်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး စစ်ကိုင်းလမ်းခွဲပေါ်မှ ကြည်ညိုဖွယ်ဖူးတွေ့ရသည်။ စစ်ကိုင်း-မန္တလေး လမ်းမကြီးနံဘေး၌ လွန်ခဲ့သည့်နှစ်များက မြင်တွေ့ခဲ့ရသည့် ထိုးထိုးထောင်ထောင် ကျူပင်များနှင့် ရေအိုင်ကျယ်ကျယ် မြင်ကွင်းအစား ယခုသဲမြေများဖို့ကာ မြေညှိနေသည့် ယာဉ်ယန္တရားကြီးများကို တွေ့မြင်ရသည့်အတွက် စီမံကိန်းတစ်ခု တည်ဆောက်တော့မည်ဟု သုံးသပ်တွေးတောမိသည်။

အမရပူရမြို့နယ်သည် မရောက်ဖြစ်ခဲ့သည့် နှစ်ကာလများအတွင်း ဖွံ့ဖြိုးတိုးတက်လာသည်ကို မြင်တွေ့ရသည့်အတွက် ကျေနပ်မိသည်။ နွေကာလပူပြင်းသည့် နေအရှိန်အောက်တွင်ပင် ဘုရားဖူးများဖြင့် ပြည့်ကျပ်စည်ကားနေသော မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွှာ-မြင်းမှူးကျေးရွာရှိ ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီးကို ဖူးမြော်ရန်ရောက်ရှိသည့် အခိုက်အတန့်ကာလအတွင်း ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအရိပ်လက္ခဏာများကို စိတ်ဝင်စားဖွယ် လေ့လာတွေ့ရှိရသည်။

ကျောက်စိမ်းစေတီတော်ကြီးသည် မန္တလာမြေ၏ အထင်ကရနေရာတစ်ခုအဖြစ် ကြည်ညိုဖွယ် ထပ်တိုးပါဝင်လာခဲ့ပြီး တည်ဆောက်ဆဲ ကျောက်စိမ်း ကျောက်မျက်ဈေးကြီးကိုလည်း တွေ့ရှိခဲ့ရသည်။

ကျောက်စိမ်း စေတီတော်၊ ကျောက်စိမ်းကျောက်မျက်ဈေးနှင့် တစ်ဆက်တစ်စပ်တည်း ကျောက်စိမ်းဉယျာဉ်စီမံကိန်းကို အကောင်အထည်ဖော်နေသည်ဟု ကြားသိလိုက်ရသည့်အခါ ယာဉ်ယန္တရားကြီးများ လှုပ်ရှားဆောင်ရွက်နေခြင်းသည် ကျောက်စိမ်းဉယျာဉ်စီမံကိန်းဖြစ်မည်မှာ တပ်အပ်သေချာသွားခဲ့ပြီး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သူများနှင့် စာရေးသူတွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

"စီမံကိန်းအကောင်အထည်ဖော်တဲ့နေရာမှာ ဒေသခံနဲ့လုပ်ငန်းရှင် တစ်သားတည်းကျပြီး ဒေသအတွက် တိုးတက်ရာ တိုးတက်ကြောင်း လုပ်ဆောင်ပေးတာဖြစ်လို့ မြေယာပြဿနာကိစ္စတွေကအစ ဘာပြဿနာမှ မရှိခဲ့ဘူး။ ပြဿနာတွေမရှိအောင်လည်း ကျွန်တော်တို့က ပွင့်လင်းမြင်သာစွာနဲ့ ဆောင်ရွက်ပေးခဲ့တယ်။ လက်တွေ့လည်း လုပ်ဆောင်ပြပါတယ်။ ဥပဒေနဲ့အညီ ဆောင်ရွက်ပါတယ်။ ပြီးတော့ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီစီမံကိန်းကနေ တန်ဖိုးနည်းအိမ်ရာတွေ တည်ဆောက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပေးအပ်သွားမှာဖြစ်ပါတယ်။ စီမံကိန်းဆောင်ရွက်ခဲ့တဲ့ သုံးနှစ်တာကာလအတွင်း ဒေသခံတွေရဲ့ထောက်ခံမှုကို ရရှိခဲ့ပါတယ်။ စီမံကိန်းလုပ်ငန်းတွေ အစစအရာရာ အဆင်ပြေအောင် တိုင်းဒေသကြီး အစိုးရအဖွဲ့အပါအဝင် ဒေသခံတွေနဲ့ပါ အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်" ဟု ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ အလှူရှင်လည်းဖြစ် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသူလည်းဖြစ်သည့် အေးအေးခိုင်ကုမ္ပဏီမှ ဦးစိုးနိုင်က ပြောသည်။

အမရပူရမြို့နယ်ရှိ တပ်ကြီး၊ ရွှေလေး၊ ဘုံးအိုးနှင့် ဆင်ရွှာ-မြင်းမှူးကျေးရွာရေနက်ကွင်းများကို ကျောက်စိမ်းဉယျာဉ်စီမံကိန်းအဖြစ် တက်လမ်းကုမ္ပဏီလီမိတက်၊ မန်းအမရဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်၊ အယ်ဖာလီယိုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် အေးအေးခိုင်ကုမ္ပဏီလီမိတက်တို့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပြီး စီမံကိန်းဧရိယာအားဖြင့် ဧက ၆၀၀ ကျော်ရှိကြောင်း သိရသည်။

"အရင်ကတော့ ဓားမဦးချတောင်သူလုပ်ငန်းလုပ်တော့ ဖွံ့ဖြိုးမှုအားနည်းတယ်။ ရေနက်ကွင်းကြီးထဲမှာဆိုတော့ ရေမရှိတဲ့အချိန်ရောက်မှ ယာလုပ်ငန်းကို လုပ်ရတာဖြစ်လို့ အကျိုးအမြတ်နည်းတယ်။ အခုတော့ ကျောက်စိမ်းစေတီတော် တည်ပြီးနောက်ပိုင်း ဒီစီမံကိန်းတွေလုပ်တော့ ပိုပြီးဖွံ့ဖြိုးတိုးတက်လာတယ်။ သူတို့ကလည်း စီမံကိန်းဒေသတွင်းမှာရှိတဲ့ ကျေးရွာတွေဖွံ့ဖြိုးတိုးတက်ဖို့ အစစအရာရာကူညီပေးတယ်။ ဒီလိုစီမံကိန်းကိစ္စတွေမှာ မြေယာပြဿနာကိစ္စမျိုးတွေ ရှိတတ်ကြပေမယ့် ကျွန်တော်တို့ဆီမှာ ဘာပြဿနာမှ မရှိဘူး။ ကျွန်တော်တို့ရွာမြေတွေ ဈေးကောင်းရတော့ လက်ရက်ကန်းအဆင့်လုပ်ကိုင်နေကြရာကနေ စက်ရက်ကန်းတွေအဖြစ် ပြောင်းလဲတဲ့ရွာတွေမှာ အဓိကအားဖြင့် အိုးလုပ်ငန်း၊ လက်ရက်ကန်းလုပ်ငန်းနဲ့ ကြက်၊ ဘဲ မွေးမြူရေးလုပ်ငန်းတွေ လုပ်ကိုင်ကြပြီး အခြေခံလူတန်းစားတွေများတယ်။ ဒါ့ကြောင် ဒီရေနက်ကွင်းနေရာတွေမှာ ဉယျာဉ်စီမံကိန်းဖော်ဖို့ လွန်ခဲ့တဲ့ ငါးနှစ်ကျော်က စိတ်ကူးရခဲ့တယ်။ ဒီဒေသက မြေဈေးကလည်း အဲ့ဒီအချိန်မှာ ငွေကျပ် ၁၅ သိန်းကနေ သိန်း ၆၀ အထိပဲရှိတယ်။ မြေဈေးက တန်ဖိုးမများပေမယ့် တစ်ဦးတည်း မတတ်နိုင်ဘူး။ ဒါ့ကြောင့် အခြားကုမ္ပဏီတွေနဲ့ ပူးပေါင်းပြီး တောင်သူတွေဆီကနေ တောင်သူကိုယ်တိုင် ကျေနပ်တဲ့ လုပ်ကိုင်နိုင်ကြပြီ၊ ပိုပြီး တွက်ခြေကိုက်တယ်" ဟု စီမံကိန်းဧရိယာပါ ရွှေလေးကျေးရွာမှ ဦးဝင်းအောင်က ပြောပြသည်။

"ကျွန်တော်တို့ဒေသမှာ အမရပူရမြို့နယ် တပ်ကြီးကွင်း၊ ဆင်ရွှာ-မြင်းမှူးကွင်း၊ ဘုံးအိုးကျေးရွာကွင်း၊ ရွှေလေးကွင်းဆိုပြီး ရေနက်ကွင်းလေးကွင်းရှိပါတယ်။ ဒီရေနက်ကွင်းတွေက ဧရာဝတီမြစ်ရေဝင်ပြီး ရေတင်ကျန်နေတဲ့ ရေနက်ကွင်းတွေဖြစ်တယ်။ ဒီရေတွေဟာ ၁၅ ပေ၊ ပေ ၂၀ အထိ နက်တယ်။ အဲဒီတော့ စိုက်ပျိုးဖို့ ခက်ခဲတယ်။ စိုက်တော့လည်း အကျိုးများများမရဘူး။

"ဒီရေနက်ကွင်းတွေထဲမှာ ပါနေ ပေါက်ဈေးနဲ့ ဝယ်ပါတယ်။ ဒီလိုနဲ့ ဒီစိုက်ပျိုးမရတဲ့ မြေဟာ အခုပေါက်ဈေး သိန်းထောင်ဂဏန်းအထိ ဖြစ်လာတယ်။ တောင်သူတွေအတွက် စိုက်ပျိုးလို့မရတဲ့မြေတွေဟာ သိန်းပေါင်းထောင်ချီတန်ဖိုးရလာတဲ့အခါ သူတို့အတွက် အကျိုးကျေးဇူးတွေ ပိုရလာတယ်။ သူတို့ရဲ့ အလုပ်အကိုင်တွေကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်လာတယ်။ အရင်ကနဲ့မတူအောင်ကို ဖွံ့ဖြိုးတိုးတက်တဲ့ရွာကြီးတွေဖြစ်နေပါပြီ။"

"ဒေသခံတွေရဲ့ အလုပ်အကိုင်နဲ့ စားဝတ်နေရေးကို အထောက်အကူပေးနိုင်အောင် ဆောင်ရွက်ပေးတယ်။ လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ဆေးရုံ၊ ကျောင်း၊ စာကြည့်တိုက်စတဲ့ကျေးရွာဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံတွေ ပိုမိုဖွံ့ဖြိုးလာအောင်ပါ။

"အဓိကကတော့ လုပ်ငန်းရှင်လည်း လုပ်သာကိုင်သာ၊ ဒေသလည်း အကျိုးရှိတာမျိုး ဆောင်ရွက်ပါတယ်။ ဒေသတိုးတက်ရေးကို လက်တွေ့ဆောင်ရွက်သလို ဒီစီမံကိန်းနဲ့ တစ်ဆက်တစ်စပ်တည်း ကျောက်စိမ်းစေတီတော်ကို ၂၀၁၁ ခုနှစ်မှာ စတည်ခဲ့တယ်။ ပြီးတော့ ကျောက်စိမ်းကျောက်မျက်ဈေးကို ၂၀၁၃ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ခဲ့တယ်။

"အခု အကောင်အထည်ဖော်နေတဲ့ ကျောက်စိမ်းဉယျာဉ်စီမံကိန်းကတော့ ရာခိုင်နှုန်းအားဖြင့် ၁၀ ရာခိုင်နှုန်းလောက်တော့ ပြီးစီးပါပြီ။ မြေဖို့လုပ်ငန်းတွေ၊ လမ်းဖောက်တဲ့လုပ်ငန်းတွေ အခုလုပ်နေပါတယ်။ တိုးတက်များပြားလာတဲ့ လူဦးရေအတွက် ပြောင်းလဲလာတဲ့ လူနေမှုစနစ်နဲ့အညီ ဖော်ဆောင်ထားတဲ့ ဒီလိုဉယျာဉ်စီမံကိန်းတွေဟာ လိုအပ်ပါတယ်။

ဒီစီမံကိန်းအတွက် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ခေါ်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဦးစိုးနိုင်က စီမံကိန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ပြောပြသည်။


"ဒီစီမံကိန်းနဲ့အတူ ပတ်ဝန်းကျင်ကျေးရွာတွေ ဖွံ့ဖြိုးတိုးတက်လာမယ်။ ပြီးတော့ ဆေးရုံးတွေ၊ စာသင်ကျောင်းတွေ၊ လမ်းပန်းဆက်သွယ်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာမယ်။ ဒီစီမံကိန်းလုပ်ငန်းတွေ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နေတာကိုလည်း မြင်တွေ့ရပါတယ်။ အရင်တုန်းကဆိုရင် မြေတစ်ဧကကို သိန်းဂဏန်းသောင်းဂဏန်းလောက်နဲ့ လာရောင်းချလည်း မဝယ်ရဲကြဘူး။ ဘာလို့လဲဆိုတော့ ရေနက်ကွင်းမို့ မြေပေါပါတယ်။ သစ်ပင်ပေါက်ရောက်မှု နည်းတယ်။ နောက်ပြီး စိုက်တဲ့သီးနှံဆိုရင်လည်း အောင်အောင်မြင်မြင်မရှိဘူး။ အရင်းတောင်ရှုံးတယ်။ အခုတော့ အဲဒီ ရေနက်ကွင်းမြေတွေက ရောင်းတဲ့သူတွေအတွက် ဈေးကောင်းရတော့ အဆင်ပြေကြတယ်။ ပြီးတော့ ဒေသခံရွာသူ ရွာသားတွေလည်း စီမံကိန်းထဲမှာ အလုပ်အကိုင်တွေရကြတယ်" ဟု ဘုံးအိုးရွာသား ကိုမျိုးလွင်က စီမံကိန်းဧရိယာပါ ကျေးရွာများ၏ အခြေအနေများကို ပြောပြသည်။

ထို့အတူ တပ်ကြီးကျေးရွာမှ ဦးခင်မောင်ကြီးကလည်း "ကျွန်တော်လည်း အထိုက်အလျောက် ရောင်းထားတယ်။ ရောင်းတဲ့နေရာမှာ ဈေးကောင်းရတော့ နောင်ရေးအတွက်လည်း မြေပြန်ဝယ်တယ်၊ တခြားလုပ်ငန်းတွေလည်း တိုးချဲ့လုပ်နိုင်တယ်။ တွက်ကြည့်ရင် ရေနက်ကွင်းမြေဆိုတော့ စိုက်ပျိုးနေရင် အကျိုးနည်းတယ်။ အခုလို ဈေးကောင်းလေးရတော့ ပိုပြီး အကျိုးများအောင် ပွားလို့ ရတာပေါ့။ ထည်ထည်ဝါဝါလုပ်တာ မဟုတ်ပေမယ့် ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ လူထောင်နဲ့ချီပြီး ကျွေးမွေးညှဉ့်ခံနိုင်၊ လှူနိုင်ခဲ့တယ်။ ဈေးထိုက်ထိုက်တန်တန်ရတဲ့အတွက် ကိုယ့်ဒေသမှာ အလှူအတန်းလုပ်နိုင်ခဲ့ပါတယ်" ဟု ၎င်း၏ကိုယ်တွေ့အတွေ့အကြုံကို ပြောသည်။

"ကျောက်စိမ်းဉယျာဉ် စီမံကိန်းလုပ်တော့ ကျွန်တော်တို့ရွာတွေ မြို့သစ်ပုံစံပေါ်လာတယ်။ တိုးတက်လာတယ်။ မြေတွေရောင်းချပေမယ့် တိုးပွားအောင် လုပ်ငန်းတွေ ပြန်ပြီးလုပ်ကြတယ်။ မြေကောင်းတွေ ပြန်ပြီး ဝယ်တဲ့သူတွေလည်း ရှိတယ်။ အရင်က ကျွန်တော် တောင်သူလုပ်တယ်။ ဒါပေမယ့် အခုမြေရောင်းရတာနဲ့ အိမ်တွင်းမှုလုပ်ငန်းတွေ ပြောင်းလုပ်တယ်။ တခြားလက်လှမ်းမီရာ လုပ်ငန်းတွေလည်း လုပ်တယ်။ ရေနက်ကွင်းတွေကနေ အရင်းအနှီးတွေရခဲ့တဲ့အတွက် လုပ်ငန်းပြောင်းလုပ်ဖို့ အဆင်ပြေတယ်" ဟု ဆင်ရွှာ-မြင်းမှူး ကျေးရွာမှ ဦးမြင့်ဆွေက ပြောပြသည်။

ပြုပြင်ပြောင်းလဲမှုများစွာဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် ဒေသတွင်းဖွံ့ဖြိုးရေး ဆောင်ရွက်မှုများသည်လည်း တစ်ထောင့်တစ်ကဏ္ဍမှ ပါဝင်နေပေသည်။ ရေနက်ကွင်းများအား ဒေသဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် ဆောင်ရွက်နေခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ခန်းတစ်ကဏ္ဍပင်ဖြစ်သည်။ ရေနက်ကွင်းဒေသရှိ ပြည်သူတို့၏ ကျေနပ်အားရသည့်အသံများနှင့် ပီတိအပြုံးများစွာကိုလည်း မြင်တွေ့ခဲ့ရသည်။ ၎င်းတို့ထံတွင် မျှော်လင့်ချက်ရောင်ခြည်များလည်း ဖြာဝေလျက်ရှိသည်။ မည်သို့ဆိုစေကာမူ ရေနက်ကွင်းများမှသည် ရွှေရောင်လွှမ်းသည့်ဘဝများစွာကို အကောင်အထည်ဖော် တည်ဆောက်နိုင်ကြတော့မည်ဖြစ်သည်။ ။

**ပြုပြင်ပြောင်းလဲမှုများစွာဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် ဒေသတွင်းဖွံ့ဖြိုးရေးဆောင်ရွက်မှုများသည်လည်း တစ်ထောင့်တစ်ကဏ္ဍမှ ပါဝင်နေပေသည်။ ရေနက်ကွင်းများအား ဒေသဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် ဆောင်ရွက်နေခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ခန်းတစ်ကဏ္ဍပင်ဖြစ်**




ကျောက်စိမ်းဉယျာဉ် တည်ဆောက်ရေးစီမံကိန်းပုံစံငယ်ကို တွေ့ရစဉ်




ကျောက်စိမ်းဉယျာဉ် ရေနက်ကွင်း၌ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို တွေ့ရစဉ်

# သမ္မတဟောင်းဦးသိန်းစိန် သာသနာ့ဘောင်သို့ ဝင်ရောက်

**နေပြည်တော် ဧပြီ ၄**

နိုင်ငံတော်သမ္မတအဖြစ် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ မတ် ၃၁ ရက်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် ဦးသိန်းစိန်သည် ယနေ့ နံနက် ၈ နာရီက ပြင်ဦးလွင်မြို့ အနီးစခန်း လေဆိပ်အနီးရှိ ပါမောက္ခချုပ်ဆရာတော်၏ ဓမ္မာဓိပတိစံကျောင်း၌ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



"သမ္မတကြီးကို စစ်ကိုင်းသီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှာ ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံ ကျင်းပစဉ်က သီတဂူဆရာတော်က သင်္ကန်းဝတ်ဖို့ ကမ်းလှမ်းခဲ့ပါတယ်။ အလုပ်တွေမအားလပ်တာကြောင့် သမ္မတတာဝန်ကနေ ပြီးဆုံးသွားတဲ့အခါမှာတော့ သာသနာ့ဘောင်ဝင်ပါဦးမယ်လို့ သမ္မတကြီးက ကတိပေးခဲ့ဖူးပါတယ်"ဟု သီတဂူသာသနာပြုအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ဦးသိန်းစိန်သည် ယနေ့နံနက်တွင် ရဟန်းဘဝသို့ ရောက်ရှိခဲ့ပြီး ဘွဲ့အမည်မှာ ဥူးသန္တိဓမ္မ ဖြစ်ကြောင်း သမ္မတဟောင်းနှင့် နီးစပ်သည့် မောင်မောင်အောင်၏ လူမှုကွန်ရက်မှ သိရှိရပြီး ပြုံးရွှင်သောမျက်နှာထားဖြင့် ရိုက်ကူးထားသည့် ရဟန်းဓာတ်ပုံများကိုလည်း ၎င်းက လူမှုကွန်ရက်တွင် တင်ထားရာ ဦးသိန်းစိန်ကို ထောက်ခံခဲ့သူလူပေါင်းများစွာက ကြိုက်နှစ်သက်ကြောင်းနှင့် ပြန်လည်မျှဝေခြင်းများကို ပြုလုပ်ခဲ့ကြသည်။

ဒုလ္လဘအဖြစ် သင်္ကန်းဝတ်ခြင်းဖြစ်ပြီး ငါးရက်ခန့် သာသနာ့ဘောင်တွင် နေထိုင်သီတင်းသုံးကာ တရားဘာဝနာများကို လိုက်နာကျင့်သုံးသွားမည်ဖြစ်ကြောင်း ဦးသိန်းစိန်နှင့် နီးစပ်သည့် အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များက ပြောကြားသည်။

ဦးသိန်းစိန်သည် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းသည့်ကာလတွင် ထွက်ပေါ်လာခဲ့သည့် သမ္မတတစ်ဦးဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ အများဆုံး အနိုင်ရခဲ့သည့် ၂၀၁၅ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲအပြီး ရလဒ်များထွက်ပေါ်လာချိန်တွင် သမ္မတရာထူးတာဝန်ကို လက်ရှိသမ္မတသစ်ထံ သိမ်မွေ့ညင်သာအေးချမ်းစွာဖြင့် လွှဲပြောင်းပေးအပ်ခဲ့သူလည်း ဖြစ်သည်။

သမ္မတရာထူးတာဝန်ကို စွန့်ခွာခဲ့သည့် လေးရက်မြောက်နေ့တွင် ယခုကဲ့သို့ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

သမ္မတဟောင်း သီတင်းသုံးရာ အဆိုပါ စံကျောင်းသည် ပါမောက္ခချုပ်ဆရာတော်ကြီး နန္ဒမာလာဘိဝံသ နေ့ကာလတွင် ကျန်းမာရေးအခြေအနေအရ လာရောက်သီတင်းသုံးရာ စံကျောင်းတစ်ခုလည်း ဖြစ်သည်။

**ခင်ရတနာ**

# ပါဠိပထမပြန်စာမေးပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ ဖြေဆိုကြရာ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၅၃၁၄၆ ပါးအနက် ၄၁၁၄၉ ပါး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၄၃ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် လူရည်ချွန်များအတွက် ဆောင်းပါးပေါင်းချုပ် စီဒီများ ဂုဏ်ပြုလှူဒါန်း

**နေပြည်တော် ဧပြီ ၄**

၂၀၁၆ ခုနှစ် လူရည်ချွန်များအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာနမှ ကျောင်းအုပ်ကြီးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာမြင့်(သုံးထပ်ကွမ်းလူရည်ချွန်)က သီတာမြင့် ကလောင်အမည်ဖြင့် ၎င်းရေးသားခဲ့သော တစ်ရာကို တစ်ကျိပ်စိုးလို့ မိုးနိုင်ပါရဲ့ ဆောင်းပါးအပါအဝင် စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုနှင့်စီးပွားရေးဆိုင်ရာ ဆောင်းပါးပေါင်းချုပ် စီဒီများကို ယနေ့ နံနက်ပိုင်းက ပညာရေးဝန်ကြီးဌာနတွင် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မြန်မာ့အလင်း)**



# အား(၄)ရပ်ဖြင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၄**

မြန်မာ့အလင်းသတင်းစာ ဧပြီ ၄ ရက်ထုတ် စာမျက်နှာ(၁၁)တွင် အောင်မင်း(စဥ့်ကိုင်) ရေးသားသော "အောင်မြင်မှု မရရှိသော ကျေးလက်စာကြည့်တိုက်လုပ်ငန်း မတည်ထားသည့် ငွေကြေးနှင့် စာအုပ်များဆုံးရှုံး" ခေါင်းစဉ်ဖြင့် ကျောက်ဆည်မြို့နယ် ကြက်စင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အကြောင်း သတင်းဖော်ပြပါရှိခဲ့သည်။

အဆိုပါ စာကြည့်တိုက်မှာ နိုင်ငံတော် မတည်ငွေ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းရန်ပုံငွေများဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံ မဟုတ်ဘဲ ဓမ္မာရုံတည်ဆောက်ခဲ့စဉ် ပိုလျှံသည့် သွပ်၊ သစ်သားတိုင်များကို ဒေသခံ ပြည်သူများ၏ ထည့်ဝင်လှူဒါန်းမှု ငွေကျပ် ၃၂၀၀၀၀ ဖြင့် ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလက ဆောက်လုပ်ခဲ့ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလှူရှင်များက စာအုပ်စာစောင် ၃၁၈ အုပ် လှူဒါန်းပြီး စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်၍ သတင်းထောက်ရေးသားပေးပို့ခဲ့သည့် နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းဖြင့် ဆောက်လုပ်ထားသော ကျေးရွာစာကြည့်တိုက်ဆိုသည်မှာ မဟုတ်မှန်ကြောင်း စိစစ်သိရှိရသော်လည်း စာကြည့်တိုက်အခြေအနေ ထောက်ပြဝေဖန်မှုအပေါ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကြိုဆိုပြီး မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ပြည်သူများ အသိပညာ ဗဟုသုတရရှိစေရန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို နိုင်ငံတော်၏ အား၊ စေတနာရှင် အလှူရှင်များ၏ အား၊ ပြန်/ဆက်ဝန်ထမ်းများ၏ အားနှင့် ဒေသခံပြည်သူများ၏ အားများဖြစ်သည့် အား(၄)ရပ်ဖြင့် ရပ်ကွက်/ကျေးရွာများတွင် ထူထောင်ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်များ ၄-၄-၂၀၁၆

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့၊ အောင်လံမြို့နှင့် ဘော်လခဲမြို့တို့၌ ၄၂ ဒီဂရီစင်တီဂရိတ်စီ၊ ရမည်းသင်းမြို့၊ မကွေးမြို့နှင့် သာယာဝတီမြို့တို့၌ ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ တိုင်းထွာရရှိသည့် ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်ဆုံး အညွှန်းကိန်းများမှာ နေပြည်တော်၌ ၇ ဒသမ ၂၊ ရန်ကုန်မြို့၌ ၉ ဒသမ ၇ နှင့် မန္တလေးမြို့၌ ၆ ဒသမ ၆ တို့ ဖြစ်ကြသည်။

**(မြန်မာ့အလင်း)**

# သုံးခွမြို့နယ်၌ ဘီပိုးကာကွယ်ဆေး ဒုတိယအကြိမ် အခမဲ့ထိုးနှံပေး



**သုံးခွ ဧပြီ ၄**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကြက်ခြေနီအသင်းနှင့် အသည်းဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ပြည်သူများအား အသည်းရောင်အသားဝါ(ဘီ)ပိုးကာကွယ်ဆေး(အခမဲ့) ဒုတိယအကြိမ် ထိုးနှံပေးခြင်းလုပ်ငန်းကို ဧပြီ ၄ ရက် နံနက် ၇ နာရီက စတင်ထိုးနှံပေးလျက်ရှိသည်။

ယင်းသို့ ထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းဝင်များ ပူးပေါင်းကာ ဆေးထိုးနှံခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြသည်။ **(ဝဲပုံ)**

ပထမအကြိမ် ဘီပိုးကာကွယ်ဆေးထိုးပြီးသူ ဦးရေ ၂၀၀၀ ရှိပြီး ယခု ဒုတိယအကြိမ် ထိုးနှံပေးခြင်းဖြစ်ကြောင်း၊ သုံးလ သုံးကြိမ်(အခမဲ့)ဘီပိုးကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ်ကြက်ခြေနီအသင်းရုံးမှ သိရသည်။

**(၀၂၈)**

# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း ဖွင့်မည်

**ရန်ကုန် ဧပြီ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၈)ကို မေလတွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်း အမှတ် ၂၂၈-၂၄၀ ရှိ ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး)စတုတ္ထထပ်ရှိ သင်တန်းခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ တစ်ပတ်လျှင် သုံးရက်(တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ လေးလကြာမြင့်မည်ဖြစ်သည်။ ဧပြီ ၂၁ ရက်မှစ၍ သင်တန်းသားလက်ခံပြီး သင်တန်းဖွင့်လှစ်မည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



မွန်ပြည်နယ် ရေးမြို့နယ် တူးမြောင်းကျေးရွာအုပ်စု ရွှေပြည်သာကျေးရွာပြည်သူများအား ဧပြီ ၄ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထိုက်နှင့် တပ်ဖွဲ့ဝင်များ သောက်သုံးရေများ သွားရောက်ဖြန့်ဝေပေးစဉ်

နေမျိုးထွဋ်(ရေး)

# အစိုးရ၏မူဝါဒများ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ရမည့်ဝန်ထမ်းများ မရှိမဖြစ်လိုအပ်

**နေပြည်တော် မေ ၄**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများတွေ့ဆုံပွဲကို မေ ၄ ရက် နံနက် ၁၀ နာရီနှင့် ညနေ ၃ နာရီခွဲတွင် နှစ်ကြိမ်ခွဲ၍ ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားခဲ့သည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်သူလူထု၏ နေ့စဉ်စားဝတ်နေရေးကိစ္စရပ်များ၊ထုတ်လုပ်သူနှင့် စားသုံးသူအကြား မျှမျှတတဖြစ်စေရန် ကိစ္စရပ်များဆောင်ရွက်ရသဖြင့် အလွန်အရေးကြီးပါကြောင်း၊ ထုတ်လုပ်သူနှင့် စားသုံးသူအကြား မျှမျှတတဖြစ်ပါက ပြည်သူတို့၏ လူမှုစီးပွားဘဝ အေးချမ်းသာယာမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းထုတ်ကုန်များ ပြည်ပသို့တင်ပို့နိုင်ပါက အကျိုးရှိသကဲ့သို့ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ၊ ပြည်တွင်းသို့လာရောက်ပါက ပြည်သူများလည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများက ပြောင်းလဲခြင်းကို လိုလားလျက်ရှိရာ တိုးတက်ပြောင်းလဲမှုကို မြို့ပြဒေသသာမက ကျေးလက်ဒေသအထိ ဖော်ဆောင်ပေးသွားရန်လိုပါကြောင်း၊ ထိုသို့ ဖော်ဆောင်ရာတွင် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်မားရန် လိုအပ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ဘတ်ဂျက်ကန့်သတ်ချက်များရှိသဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါကြောင်း၊ အစိုးရသစ်အပေါ် ပြည်သူလူထု၏ မျှော်လင့်ချက်သည် အလွန်ကြီးမားပါကြောင်း၊ နယ်ပယ်ကဏ္ဍအားလုံးကို ချက်ချင်းဖွံ့ဖြိုးတိုးတက်အောင် မဆောင်ရွက်နိုင်သော်လည်း အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မည်သည့်အစိုးရပင်ဖြစ်စေ အစိုးရ၏ မူဝါဒများကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဝန်ထမ်းများမှာ မရှိမဖြစ်လိုအပ်ပါကြောင်း၊ တစ်ဖက်က ဥပဒေလုပ်ထုံးလုပ်နည်းများ ရှိသကဲ့သို့ တစ်ဖက်တွင် ဆင်ခြင်တုံတရားနှင့်စွမ်းဆောင်ရည် ပြည့်ဝစွာဆောင်ရွက်လျှင် လုပ်ငန်းနှစ်ဆအောင်မြင်မည် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်ကို စေတနာဖြင့် ကြိုးစားပမ်းစားလုပ်ကိုင်ရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများကလည်း ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်သွားကြရန် လိုပါကြောင်း မှာကြားခဲ့သည်။



တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။
**(သတင်းစဉ်)**

# အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းသည် အရေးကြီးသဖြင့် လုပ်ငန်းများစနစ်တကျဆောင်ရွက်

**နေပြည်တော် မေ ၄**
နေပြည်တော်ရှိ အစားအသောက်နှင့် ဆေးဝါးကြီးကြပ် ကွပ်ကဲရေးဦးစီးဌာနအောက်ရှိ ဦးစီးဌာနခွဲများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး စစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ ဆေးပစ္စည်းများအား ကြီးကြပ်ကွပ်ကဲခြင်းများဆောင်ရွက်ရာတွင် ပြည်သူအား အသိပညာပေးသည့် လုပ်ငန်း များကို ယခုထက်ပိုမိုထိရောက်အောင်ဆောင်ရွက်သွားရန်၊ စာသင်ကျောင်းများ၏ မုန့်ဈေးတန်းများမှ စစ်ဆေးတွေ့ရှိချက်များအပေါ် နှီးနွှယ်ဝန်ကြီးဌာနများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်၊ စာကြည့်တိုက်တွင် Latest Books များ စုဆောင်းထားရှိရန် ဆွေးနွေးပြောကြားပြီး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန၏ လုပ်ငန်းများသည် နိုင်ငံအတွက်အရေးကြီးသည့် လုပ်ငန်းများဖြစ်ပြီး မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ကျွမ်းကျင်စွာ စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် အားကစားနှင့်ကာယပညာဦးစီးဌာန၏ မျှော်မှန်းချက်ဖြစ်သော တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့အားကစားအောင်မြင်မှုတစ်ခုတည်းကိုသာ ရှေးရှုမနေဘဲ ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူလူထုအခြေပြုနှင့် ကျောင်းအခြေပြုအားကစားနှင့် ကာယဆိုင်ရာ ပညာပေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျောင်းများတွင် သင်ကြားနေသော သင်ရိုးညွှန်းတမ်းများတွင် အားကစားဆိုင်ရာလေ့ကျင့်မှု အကြောင်းများ ထည့်သွင်းသင်ကြားရေး၊ စီစဉ်ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် အားကစားနှင့် ကာယပညာထည့်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းရန်လိုအပ်ကြောင်း၊ အားကစားနှင့်ကာယပညာတက္ကသိုလ်များနှင့် ကျောင်းများတွင်လည်း နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းများဖြစ်စေရန် စီစဉ်ဆောင်ရွက်ရန်၊ အားကစားနှင့်ပတ်သက်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊ နည်းပညာလိုအပ်ချက်များအား နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသုတေသနဦးစီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

သို့မှသာ အားကစားလှုပ်ရှားမှုကြောင့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါကဲ့သို့သော မကူးစက်တတ်သည့်ရောဂါများဖြစ်ပွားမှု သိသာစွာကျဆင်းကာ ကျန်းမာပျော်ရွှင်သော၊ ကြံ့ခိုင်သောမိသားစု၊ လူမှုအသိုင်းအဝိုင်းများရရှိကာ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ကျန်းမာသောလူ့စွမ်းအားအရင်းအမြစ်များရရှိနိုင်မည်ဖြစ်ကြောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် Sport and Education,Sport for All နှင့် Sport Activities များနှင့်ပတ်သက်ပြီး အသေးစိတ်ဆွေးနွေး၍ ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လိုအပ်သည်များကို ပွင့်လင်းစွာ တင်ပြ၍ ပြည်သူလူထုအကျိုးအတွက် အောင်မြင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။
**(သတင်းစဉ်)**

# ထန်တလန်မြို့နယ် ဘုံခွာကျေးရွာရှိ နယ်စပ်ကျောက်တိုင်စစ်ဆေး

**ထန်တလန် မေ ၄**
ထန်တလန်မြို့နယ်အတွင်းရှိ နယ်စပ်ကျောက်တိုင် သုံးတိုင်ရှိသည့်အနက် ဘုံခွာကျေးရွာအနီးရှိ မြန်မာ-အိန္ဒိယ နိုင်ငံနယ်စပ်ကျောက်တိုင် မြန်မာပြည်မှတ်တိုင် ၂၅ (၁) ၁၉၆၈-၁၉၆၉ ကို မေ ၃ ရက် နံနက် ၁၁ နာရီခွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း ဦးဆောင်၍ ကွင်းဆင်းစစ်ဆေးရာ ပျက်စီးခြင်းမရှိဘဲ နဂိုအတိုင်း ရှိနေသည်ကို တွေ့ရှိရကြောင်း သိရသည်။ **(ဝဲပုံ)**



အဆိုပါ နယ်စပ်ကျောက်တိုင် စစ်ဆေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးနိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် သက်ဆိုင်ရာကျေးရွာမှ တာဝန်ရှိသူများ လိုက်ပါသွားကြောင်း သိရသည်။

ထန်တလန်မြို့နယ်ရှိ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအကြား နယ်စပ်ကျောက်တိုင်ကို ဘုံခွာကျေးရွာ၊ ဘုန်တလန်ကျေးရွာနှင့် ငါဖိုင်ပီးကျေးရွာစသည့် ကျေးရွာသုံးရွာအနီးတွင်ရှိရာ ပုံမှန်စစ်ဆေးလျက်ရှိကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# ရောဝတီမြစ်အထက်ပိုင်း မြစ်ရေ လက်ရှိရေမှတ်ထက် မြင့်တက်နိုင်

**နေပြည်တော် မေ ၄**
ရောဝတီမြစ်အထက်ပိုင်းတွင် မတ်လကုန်ခန့်၌မြင့်တက်ခဲ့သော မြစ်ရေများသည် မေ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ နှစ်ရက်အတွင်း နှစ်ပေမှ နှစ်ပေခွဲခန့်နှင့် မြင်းမူမြို့၌ တစ်ရက်အတွင်း တစ်ပေခန့်မြင့်တက်ခဲ့သည်။

ရောဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်အတွင်း မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ တစ်ပေခန့်၊ နောက်တစ်ရက်မှ နှစ်ရက်အတွင်း မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့၌ နှစ်ပေမှ နှစ်ပေခွဲခန့်၊ နောက်နှစ်ရက်မှ ရှစ်ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှနှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့် မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။
**(မိုး/ဇလ)**

## သတင်းတိုများ

### ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

စေတုတ္တရာမြို့နယ် ဘူးကျေးရွာ၌ ပြည်သူများ စာဖတ်ခြင်းအလေ့အထကောင်းများရရှိစေရန်နှင့် အသိပညာ ဗဟုသုတတိုးပွားစေရေးအတွက် သုတကမ္ဘာစာကြည့်တိုက်သစ်ကို မတ် ၃၀ ရက်က ဖွင့်လှစ်ခဲ့ပြီး ဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နုနုလွင်၊ ဘူးကျေးရွာအုပ်ချုပ်ရေးမှူး ဦးစန်းအောင်နှင့် စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ မြို့နယ် ပြန်/ဆက် ဦးစီးဌာနမှူးက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဟောပြောပြီး သုတရသ စာအုပ်၊ စာစောင်များကို စာကြည့်တိုက်တာဝန်ခံထံ ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါစာကြည့်တိုက်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ မတည်ငွေ ကျပ် ၁၀ သိန်းနှင့် ဒေသခံပြည်သူများ ထည့်ဝင်ငွေ ကျပ်သိန်း ၂၀ ကျော်ဖြင့် စုပေါင်းတည်ဆောက်ခဲ့ကာ အလျား ၂၇ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိသည်။

**သူရထွန်း(ပွင့်ဖြူ)**

### နွေရာသီပန်းချီသင်တန်းဆင်းပွဲကျင်းပ

ထားဝယ်မြို့နယ်အတွင်းမှ ကလေးငယ်များ နွေရာသီကျောင်းပိတ်ရက်တွင် ပန်းချီပညာသင်ကြားနိုင်ရန်ရည်ရွယ်၍ ထားဝယ်မြို့နယ် ပန်းချီပန်းပု အစည်းအရုံးက ကြီးမှူးဖွင့်လှစ်ခဲ့သော နွေရာသီပန်းချီသင်တန်းဆင်းပွဲကို ထားဝယ်မြို့ ဘုရားကြီးဝင်းအတွင်းရှိ ဓမ္မာရုံ၌ ဧပြီ ၂ ရက်က ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် မြို့နယ်အစည်းအရုံးဥက္ကဋ္ဌ ဦးလှရွှေ(ကရဝိက်)က အမှာစကားပြောကြားကာ ဒုတိယဥက္ကဋ္ဌ ဦးစိုးနိုင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များနှင့် ပန်းချီနည်းပြဆရာမ ဒေါ်ဖြိုးသရဖီထင်က သင်တန်းတွင် ပို့ချခဲ့သော အခြေခံ၊ လူပုံ၊ ရှုခင်းစသည့် ရေးဆွဲနည်းဘာသာရပ်များအလိုက် ထူးချွန်သူများကို ကြေညာပြီး တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ သင်တန်းသို့ ကျောင်းသားကျောင်းသူ ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

### ကျေးရွာမီးလင်းရေးလုပ်ငန်းများပြီးစီး၍ဖွင့်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ဖွင့်ပွဲကို မတ် ၃၀ ရက်က ကျင်းပခဲ့ပြီး ဖွင့်ပွဲတွင် ချောင်းဦးမြို့နယ် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကံငွေး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်လွင်ဦးနှင့် နတ်ရေကန်ကျေးရွာမှ မီးလင်းရေးကော်မတီဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ဒေသခံပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုရာတွင် အန္တရာယ်ကင်းစွာ သုံးစွဲနိုင်ရေးအတွက် သိရှိသင့်သော ဆောင်ရန်ရှောင်ရန်အချက်များကို ပညာပေးဟောပြောခဲ့သည်။

နတ်ရေကန်ကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ၁၁ ကေဗွီ ပင်မဓာတ်အားလိုင်း အရှည်လေးမိုင်နှင့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတို့ကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရက ကူညီပံ့ပိုးပေးခဲ့ပြီး ကျေးရွာလူထုက ၄၀၀ ဗို့ ဓာတ်အားလိုင်းနှစ်မိုင်ကို သွယ်တန်းကာ မီးရရှိရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲအောင်(ချောင်းဦး)**

### ပိုလီယိုကာကွယ်ဆေး ပြောင်းလဲတိုက်ကျွေးခြင်းနှင့်ပတ်သက်၍ရှင်းလင်း

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ လာမည့် မေလအတွင်း ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးရာတွင် ပိုးအမျိုးအစားသုံးမျိုးကာကွယ်သော topv ကာကွယ်ဆေးမှ နှစ်မျိုးကာကွယ်သော bopv ကာကွယ်ဆေးသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ကျန်းမာရေးဦးစီး ဌာနမှ ကြီးမှူး၍ ဧပြီ ၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲကျော်သူဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရဇော်က ပိုလီယိုအကြောသေရောဂါ လုံးဝကင်းစင်ပပျောက်ရေးနှင့် ဆေးပြောင်းလဲတိုက်ကျွေးခြင်းအကြောင်းရင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

**အောင်ကျော်မြင့်**

### Doosan Golf Tournament ဂေါက်ရိုက်ပြိုင်ပွဲကျင်းပ

ကိုရီးယားနိုင်ငံ Doosan Infracore ကုမ္ပဏီလီမိတက်နှင့် မြန်မာနိုင်ငံမှ Htun Nay Wun(Thitsar) ကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ ကိုရီးယားနိုင်ငံထုတ် Doosan အမှတ်တံဆိပ် ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားကြီးများ ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းရှင်များ တွေ့ဆုံကာ ၂၀၁၆ ခုနှစ် Doosan Golf Tournament ဂေါက်ရိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်း၌ ဧပြီ ၂ ရက်က ကျင်းပခဲ့ပြီး အဖွဲ့ ၁၂ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ကျောက်ကပ်ရောဂါ ငယ်စဉ်ကတည်းက ဖြစ်ပွားနိုင်သဖြင့် ကြိုတင်ကာကွယ်သင့်

**မန္တလေး ဧပြီ ၄**

ကျောက်ကပ်ရောဂါသည် အသက်အရွယ်ကြီးမှ ဖြစ်ပွားခြင်းမဟုတ်ဘဲ ငယ်ရွယ်စဉ်ကတည်းက ဖြစ်ပွားနိုင်သည့်အတွက် ကြိုတင်ကာကွယ်ရန် လိုအပ်ကြောင်း မန္တလေးမြို့၌ ၂၀၁၆ ခုနှစ် ကမ္ဘာကျောက်ကပ်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော ဟောပြောပွဲတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံမှ ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ကျော်၏ ပြောကြားချက်အရ သိရသည်။



ကျောက်ကပ်ရောဂါ ရှိ မရှိ စစ်ဆေးပေးနေစဉ်။

"ကျောက်ကပ်ရောဂါက မဖြစ်ခင်ကြိုတင်ကာကွယ်ရမှာပါ။ အထူးသဖြင့် သွေးတိုး၊ ဆီးချိုရှိသူတွေနဲ့ ကိုယ့်မိသားစုထဲမှာ ကျောက်ကပ်ရောဂါရှိနေရင် ပုံမှန်စစ်ဆေးဖို့လိုတယ်။ ကလေးသူငယ်တွေမှာလည်း ငယ်ရွယ်စဉ်မှာ ကျောက်ကပ်ရောဂါဖြစ်ပွားစေတဲ့ အကြောင်းရင်းများစွာ ရှိပါတယ်။ မွေးဖွားစဉ်ကတည်းက အရွယ်ရောက်လာချိန်အထိ ကာကွယ်မယ့်နည်းလမ်းတွေနဲ့ ကုသနည်းတွေက အလွန်အရေးကြီးပါတယ်"ဟု ဒေါက်တာခင်မောင်ကျော်က ဟောပြောပွဲတွင် ပြောကြားသည်။

ဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဆရာဝန်များအသင်းတိုက်(မန္တလေး)၌ ဧပြီ ၃ ရက်က ကျင်းပခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် ကမ္ဘာ့ကျောက်ကပ်နေ့ ဆောင်ပုဒ်ဖြစ်သော 'ကလေးများနှင့် ကျောက်ကပ်ဝေဒနာ ကြိုတင်ကာကွယ်ဖို့ လက်ဦးမှုကိုရယူစို့'ဟူသော ဆောင်ပုဒ်အရ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

"ကျောက်ကပ်တစ်စုံရဲ့ အရေးပါ တန်ဖိုးရှိပုံ၊ ကျောက်ကပ်နဲ့ နောက်ဆက်တွဲဆက်စပ်နေတဲ့ ရောဂါဖြစ်ပွားမှုတွေလျော့ကျအောင် ဘယ်လိုကာကွယ်ကြမလဲဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ကျင်းပတဲ့ ပရိုဂရမ်တစ်ခု ဖြစ်ပါတယ်။ ဒီနှစ်မှာ ကလေးသူငယ်တွေမှာ ဖြစ်ပွားနိုင်တဲ့ ကျောက်ကပ်ရောဂါတွေ ကာကွယ်နည်း၊ ကုသနည်းတွေနဲ့ ပတ်သက်လို့ ဟောပြောကြပါတယ်"ဟု ဆရာဝန်ကြီးက ဆက်ပြောသည်။

ကမ္ဘာ့ကျောက်ကပ်နေ့ (Word Kidney Day)ကို ကျန်းမာရေးနှင့်ပတ်သက်သည့် အထိမ်းအမှတ်အဖြစ် ၂၀၀၆ ခုနှစ်မှစ၍ WHO က တစ်ကမ္ဘာလုံးတွင် စတင်ကျင်းပခဲ့ကြောင်း၊ ကမ္ဘာ့ကျောက်ကပ်နေ့ကို ကျင်းပရခြင်းမှာ တန်ဖိုးရှိသည့် ကျောက်ကပ်နှင့်ပတ်သက်သည့် ကျန်းမာရေး ဗဟုသုတ တိုးပွားလာစေရန်၊ ကျောက်ကပ်သည် အရွယ်သေးငယ်သော်လည်း ခန္ဓာကိုယ်တစ်ခုလုံးမှ မလိုအပ်သည်များကို စွန့်ပစ်ပေးခြင်း၊ ရေဓာတ်ထိန်းညှိပေးခြင်းနှင့် ခန္ဓာကိုယ်အတွက်လိုအပ်သည့် ဟော်မုန်းဓာတ်နှင့် ဗီတာမင်များ ထုတ်ပေးသည့် အင်္ဂါအစိတ်အပိုင်းဖြစ်ကြောင်း၊ ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါများက နာတာရှည်ကျောက်ကပ်ရောဂါဖြစ်ပွားစေသဖြင့် ဂရုစိုက်ကြရန်၊ ကျောက်ကပ်အစားထိုးကုသခြင်းသည် ကျောက်ကပ်ပျက်စီးနေသော ဝေဒနာရှင်များအတွက် အကောင်းဆုံးကုသမှုနည်းလမ်းဖြစ်၍ တတ်နိုင်သမျှ ပူးပေါင်းကူညီကြရန် စသည့်အချက်များကို ဟောပြောပွဲတွင် ဟောပြောခဲ့ကြသည်။ ဟောပြောပွဲ လာရောက်သူများကိုလည်း ကျောက်ကပ်ရောဂါ ရှိ မရှိ အခမဲ့ စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**အထူးသဖြင့် သွေးတိုး၊ ဆီးချိုရှိသူတွေနဲ့ ကိုယ့်မိသားစုထဲမှာ ကျောက်ကပ်ရောဂါရှိနေရင် ပုံမှန်စစ်ဆေးဖို့လိုတယ်။ ကလေးသူငယ်တွေမှာလည်း ငယ်ရွယ်စဉ်မှာ ကျောက်ကပ်ရောဂါဖြစ်ပွားစေတဲ့အကြောင်းရင်း များစွာရှိပါတယ်။**

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရာသီဥတုပူပြင်းသဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်သည့်တောင်သူများ အခက်အခဲများကြုံတွေ့နေရ

**ငါ့သရောက် ဧပြီ ၄**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများမှ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများနှင့် တွဲဖက်ကာ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်နေကြရာ ယခုနှစ်တွင် အယ်နီညိုရာသီဥတု အပူဒဏ်ကြောင့် မွေးမြူထားသော ဆိတ်၊ နွားစသည့် တိရစ္ဆာန်များအတွက် အစာရေစာရှားပါးမှုအခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

ငါ့သရောက်မြို့နယ် တောပြားကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက "ကျွန်မတို့မြို့နယ်က ကျေးလက်နေပြည်သူတွေဟာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပေမယ့် တစ်ပိုင်တစ်နိုင် ဆိတ်၊ နွား၊ ကြက်၊ ဝက်စသဖြင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်ကြပါတယ်။ ဒီလို တစ်ပိုင်တစ်နိုင်တိရစ္ဆာန်တွေ မွေးမြူထားတဲ့တောင်သူတွေအတွက် ဒီနှစ်ပူပြင်းတဲ့ရာသီဥတုနဲ့ ကြုံလာတဲ့အခါ လူတင်မဟုတ်ဘဲ တိရစ္ဆာန်တွေလည်း ဒုက္ခရောက်ကုန်ပါတယ်၊ ဒီနှစ်က အရင်နှစ်တွေထက် ပိုပူတာဆိုတော့ လူတွေအတွက် အစာရေစာ ပူစရာမလိုပေမယ့် တိရစ္ဆာန်တွေအတွက် ပူပန်နေရပါတယ်"ဟု ပြောသည်။

ယခုနှစ်တွင် ရာသီဥတု ပူပြင်းခြင်းအပြင် ငါ့သရောက်မြို့နယ်အတွင်း၌ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ခြင်းကြောင့် စားကျက်မြေများ လျော့ပါးလာသည့်အတွက်လည်း တိရစ္ဆာန်များအတွက် အစာရေစာ ခက်ခဲလာခြင်းဖြစ်ကြောင်း သိရသည်။

"အခုဆိုရင် ကျွန်မတို့ ငါ့သရောက်မြို့နယ်မှာ တောင်သူတွေက တဖြည်းဖြည်းနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်လာကြတော့ တိရိစ္ဆာန်တွေအတွက် စားကျက်မြေတွေလည်း လျော့ပါးလာပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းနဲ့ တွဲဖက်ပြီးတစ်ပိုင်တစ်နိုင် ဆိတ်၊ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြတဲ့ တောင်သူတွေအနေနဲ့ ဒီနှစ်နွေမှာ လှတ်ကျောင်းစနစ်နဲ့ တိရစ္ဆာန်တွေကို ထိန်းသိမ်းလုပ်ကိုင်နေရတဲ့အပြင် အစာရေစာကို ရှာကြံပြီးကျွေးမွေးနေရပါတယ်"ဟု ပြောပြသည်။

တောင်သူများအနေဖြင့် မွေးမြူထားသော တိရစ္ဆာန်များအတွက် အစားရေစား ရှားပါးနေ၍ လက်ရှိအချိန်တွင် တိရစ္ဆာန်များကို လှတ်ကျောင်းစနစ်ဖြင့် ထိန်းကျောင်းကာ အစာရေစာများလည်း ရသလိုရှာဖွေကျွေးမွေးနေရသော်လည်း အခက်ကြုံနေကြဆဲဖြစ်ကြောင်း မြို့နယ်အတွင်းမှ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသည့် တောင်သူများထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## ဓမ္မသုခ ပရဟိတ လူမှုကူညီရေးအသင်းက ကုသိုလ်ဖြစ်ဆေးခန်းဖွင့်လှစ်

**ကျောင်းကုန်း ဧပြီ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စံပါယ်ရုံကျေးရွာအုပ်စု သိဒ္ဓိအောင် လေးကျွန်းစကြာဘုရား ဓမ္မသုခရိပ်သာ ကျောင်းဝန်းအတွင်း၌ ကုသိုလ်ဖြစ်ဆေးခန်းကို ဓမ္မသုခပရဟိတ လူမှုကူညီရေးအသင်းက မတ် ၃၀ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ကုသိုလ်ဖြစ်ဆေးခန်းတွင် ရပ်နီးရပ်ဝေးမှ ဝေဒနာရှင်များအား အခမဲ့ ကုသပေးသွားမည်ဖြစ်ကြောင်း၊ ကုသိုလ်ဖြစ်ဆေးခန်းကို လစဉ် ၁၅ ရက်နှင့် ၃၀ ရက် နှစ်ရက်တွင်သာ ဖွင့်လှစ်၍ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဖွင့်လှစ်ကုသပေးသွားမည်ဖြစ်ကြောင်း၊ လာရောက်ကုသသော ဝေဒနာရှင်များ ရန်ကုန်ဆေးရုံကြီးသို့ သွားရောက်ကုသရန် လိုအပ်လျှင်လည်း သွားရေးလာရေး အဆင်ပြေစေရန် ကားအခမဲ့စီစဉ်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဓမ္မသုခပရဟိတ လူမှုကူညီရေးအသင်းကို နာယကလူကြီးလေးဦး၊ကော်မတီဝင် ၂၆ ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး ယခုဖွင့်လှစ်သော ကုသိုလ်ဖြစ်ဆေးခန်းမှာ အသင်း၏ ပထမခြေလှမ်းအဖြစ် စတင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ သဘာဝဝန်းကျင်ထိန်းသိမ်းစို့

ယနေ့ကမ္ဘာကြီးတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ စက်တပ်ယာဉ်များ အသုံးပြုမှုများ ပြားလာခြင်း၊ သစ်တောများပြုန်းတီးလာခြင်း၊ မြေပေါ်မြေအောက် သယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲလာခြင်းတို့ကြောင့် ဂေဟစနစ်များပျက်စီးယိုယွင်းကာ ကမ္ဘာကြီးအနေဖြင့် ရာသီဥတုဖောက်ပြန်မှုများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုရင်ဆိုင်ကြုံတွေ့လာရပြီး ပူပြင်းခြောက်သွေ့မှုကြောင့် မြစ်ချောင်းများတိမ်ကောပျက်စီးမှု၊ ရေအရင်းမြစ်များ ပျောက်ကွယ်မှု၊ မြေအောက်ရေများ ခန်းခြောက်မှု၊ ဆားငန်ရေများ တိုးဝင်ကာရေချိုမှရေငန်အဖြစ် ပြောင်းလဲမှု၊ ရေတွင် လူတို့သောက်သုံးရန် မသင့်သော သတ္တုဓာတ်များပါဝင်နေမှုစသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာဖြစ်စဉ်များဖြင့် သဘာဝပတ်ဝန်းကျင်များ ယိုယွင်းလာခဲ့ပါသည်။

စက်မှုမြို့ပြနိုင်ငံများ ဖြစ်ပေါ်လာခြင်းကြောင့် စက်ရုံထုတ်၊ စွန့်ပစ်ပစ္စည်းများကို မြစ်၊ ချောင်း၊ ပင်လယ်များအတွင်း စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ဓာတုပစ္စည်းများအသုံးပြု၍ ရွှေတူးဖော်ခြင်း၊ စက်ရုံအလုပ်ရုံများ၊ မော်တော်ကားများမှ ထုတ်လွှတ်သော မီးခိုးများကြောင့် မြေထု၊ လေထု၊ ရေထုကို ပိုမိုပူနွေးစေသည့်အပြင် လေထုညစ်ညမ်းမှုကိုပါ ဖြစ်ပေါ်စေပါသည်။

တောလုံးကျွတ်သစ်ထုတ်ယူခြင်း၊ ရွှေ့ပြောင်းတောင်ယာများ ခုတ်ထွင်စိုက်ပျိုးခြင်းများကြောင့် သစ်တောများပြုန်းတီးပြီး လွင်တီးခေါင်တောင်ကတုံးများဖြစ်ပေါ်ကာ ရာသီဥတုကို ပြောင်းလဲစေသည့်အပြင် မြေဆီလွှာခန်းခြောက်မှုကို ဖြစ်ပေါ်စေ၍ ကမ္ဘာကြီးတွင်နေထိုင်သော လူသားတို့ကို ဘေးဥပါဒ်မျိုးစုံ တွေ့ကြုံခံစားစေနိုင်သည့် အယ်နီညိုဖြစ်စဉ်ကြီးများလည်း ပေါ်ပေါက်လာပြီဖြစ်ပါသည်။

၎င်းအပြင် တိုက်ဆောက်ခြင်း၊ လမ်းခင်းခြင်း၊ တံတားဆောက်ခြင်းစသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များအတွက် လိုအပ်သောသဲများကို စက်တပ်ယာဉ်များဖြင့် မြစ်ကမ်းဘေး၊ ပင်လယ်ကမ်းဘေးများမှ အလွန်အကျွံထုတ်ယူသယ်ဆောင်ကာ အသုံးပြုမှုများ ပိုမိုများပြားလာ၍ မြစ်ကမ်းများ၊ ပင်လယ်ကမ်းစပ်များတွင် မြေနိမ့်ကျမှု၊ မြေပြိုကျမှု၊ မြေနိမ့်ချိုင့်ဝှမ်းများ ဖြစ်ပေါ်ကာ မြစ်လမ်းကြောင်း၊ ပင်လယ်လမ်းကြောင်းများပြောင်းလဲခြင်း၊ မြစ်ကမ်းဘေး၊ ပင်လယ်ကမ်းဘေးနေထိုင်သူများ ရေလွှမ်းမိုးခံရခြင်း၊ ကမ်းခြေတစ်လျှောက် သဘာဝအလှအပများ ပျက်စီးခြင်း၊ ဒီရေရောက်တောများ ပြုန်းတီးခြင်းစသည့်အကျိုးဆက်များကလည်း ခရီးသွားလုပ်ငန်းအတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှိနေပါသည်။



မြန်မာနိုင်ငံ ကမ်းခြေတစ်ခု၏ သဘာဝအလှအပများ။

ရာသီဥတု ပြောင်းလဲလာမှုကြောင့် အယ်နီညိုဖြစ်စဉ်များ ဖြစ်ပေါ်ကာ ရေထုမြင့်တက်လာခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ မုန်တိုင်းကြီးများ ဖြစ်ပေါ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့ရနိုင်သကဲ့သို့ စဉ်ဆက်ကျရောက်မည့် အန္တရာယ်များကိုလည်း ခံစားရနိုင်ပါသည်။ ၂၀၁၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လတွင် မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပေါ်ခဲ့သော စံချိန်တင်ရေကြီးရေလျှံမှုများသည် လူတို့၏ အသက်အိုးအိမ်ကို ကောင်းစွာခြိမ်းခြောက်နိုင်ခဲ့ပြီး ဆုံးရှုံးမှုများလည်း ဖြစ်ပေါ်ခဲ့ပါသည်။

အပူချိန်မြင့်မားမှုကြောင့် ချွေးထွက်လွန် နွမ်းနယ်အားအင်ကုန်ခန်းခြင်း (Heat Exhaustion) နှင့် ဦးနှောက်သွေးကြော ပြတ်ခြင်း (Heat Stroke)ရောဂါများ ကြုံတွေ့ရနိုင်ပြီး ကူးစက်ရောဂါများနှင့် အခြားကျန်းမာရေး ပြဿနာများလည်း ဖြစ်ပွားနိုင်ပါသည်။ ပူပြင်းသောရာသီတွင် ခြင်ပေါက်ပွားမှု ပိုမိုမြန်ဆန်ပြီး ခြင်များပိုမိုများပြားလာမှုကြောင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါဖြစ်သည့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ယခု ကမ္ဘာ့နိုင်ငံအချို့တွင် ဖြစ်ပွားနေသော ဇီကာဗိုင်းရပ်စ်ရောဂါများ ဖြစ်ပေါ်လာနိုင်သကဲ့သို့ ကြွက်များ၏ နေထိုင်သွားလာရွှေ့လျားမှုများ ပြောင်းလဲဖြစ်ပေါ်ကာ ပလိပ်ရောဂါများလည်း ဖြစ်ပွားလာနိုင်ပါသည်။

မိုးခေါင်ရေရှားမှုကြောင့် သောက်သုံးရေရှားပါးမှုနှင့်အတူ ရေမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများဖြစ်သည့် ဝမ်းလျှော၊ ဝမ်းပျက်ရောဂါများအပြင် တစ်ကိုယ်ရည်မသန့်ရှင်းနိုင်ခြင်းကြောင့် အရေပြားရောဂါများလည်း ဖြစ်ပွားနိုင်ပါသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့်အတူ အပူချိန်မြင့်မားမှုကြောင့် မီးဘေးအန္တရာယ်ပိုမိုဖြစ်ပွားလွယ်ပြီး မီးလောင်ကျွမ်းမှုကြောင့် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် မြင့်မားစွာပါဝင်ကာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများလည်း ဖြစ်ပွားစေနိုင်ပါသည်။ ၎င်းအပြင် ပင်လယ်ရေမြင့်တက်လာခြင်း၊ ပင်လယ်ရေအပူချိန် မြင့်မားလာခြင်းကြောင့် ပင်လယ်မြွေများမှာလည်း နေရာပြောင်းရွှေ့ကာ လူနှင့်နီးစပ်ရာနေရာသို့ ရောက်ရှိလာကြပြီး အန္တရာယ်ပေးလာနိုင်ကြပါသည်။

ယခုနှစ် အယ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတွင် ပုံစံနှစ်မျိုးဖြစ်နိုင်ပြီး အချို့နေရာများ၌ မိုးအရမ်းများပြီး အချို့နေရာများ၌ မိုးအရမ်းနည်းမည်ဖြစ်ကြောင်း၊ နောက်တစ်မျိုးမှာ နေရာတစ်နေရာတည်းတွင် အချို့ရက်များ၌ မိုးလွန်ကဲစွာရွာပြီး အချို့ရက်များတွင် မိုးမရွာနိုင်ကြောင်း၊ မိုးများခြင်း၊ မိုးနည်းခြင်းဆိုသည်မှာလည်း အစွန်းရောက်သွားခြင်းဖြစ်ကြောင်း၊ မိုးသိပ်များလျှင် ပျက်စီးတတ်သကဲ့သို့ နည်းလျှင်လည်း ပျက်စီးတတ်ကြောင်း၊ မိုးရွာလျှင် တောင်ကျရေကို သဘာဝအဟန့်အတားများက တားဆီးကြောင်း၊ သစ်တောမရှိ၊ တောင်ကတုံးများကြောင့် မိုးရေများက အနိမ့်ပိုင်းသို့စီးဆင်းပြီး ရေကြီးမှုများဖြစ်ပေါ်ကြောင်း၊ အယ်နီညိုနှင့် ရေကြီးမှုသည် ဆက်စပ်နေကြောင်း၊ ဒီရေကြီးမှုကိုလည်း လျှပ်တစ်ပြက်ရေကြီးမှုဟုခေါ်ကြောင်း၊ လျှပ်တစ်ပြက်ရေကြီးပြီဆိုပါက လူသေနိုင်ပြီး ပျက်စီးမှုလည်းများကြောင်း မိုးလေဝသပညာရှင် ဒေါက်တာ ထွန်းလွင်က သုံးသပ်ပြောကြားထားသည်။

စက်ရုံများမှထုတ်လွှတ်သော မီးခိုးများ၊ စွန့်ပစ်ပစ္စည်းများ၊ မော်တော်ကားများမှ ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်များ၊ သစ်တောပြုန်းတီးမှုများ၊ သဘာဝမြေပေါ်မြေအောက် သယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲနေမှုများသည် သဘာဝအခြေအနေများကို ပြောင်းလဲစေနိုင်သော အကြောင်းအချက်များအဖြစ် လူသိများလာကြသဖြင့် ထိန်းသိမ်းမည့်နည်းလမ်းများ ရှာဖွေကြိုးပမ်းကာ ပြင်ဆင်ဆောင်ရွက်နေကြပြီ ဖြစ်သော်လည်း၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအခြေအနေကို ပြောင်းလဲစေနိုင်သည့် လတ်တလောလုပ်ဆောင်နေသော ပင်လယ်ကမ်းခြေနှင့် မြစ်ကမ်းခြေရှိသဲများကို လုပ်ငန်းခွင်များအတွက် အလွန်အကျွံထုတ်ယူသယ်ဆောင်အသုံးပြုနေမှုများသည် ယခုအခါ လူနှင့် လူ့ပတ်ဝန်းကျင်ကို ထိခိုက်လာနိုင်သည့် အကြောင်းတရားဖြစ်မှန်းမသိ ဖြစ်ပေါ်လာပြီကို သိမြင်သူ နည်းပါးနေပါသေးသည်။

သဘာဝပတ်ဝန်းကျင်နှင့် ရုပ်ဝတ္ထုပစ္စည်းများ စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်မှု မရှိပါက အမြင်မတင့်တယ်ဘဲ ပျက်စီးယိုယွင်းနိုင်ပါသည်။ ပင်လယ်ကမ်းခြေများနှင့် လည်ပတ်ရန်နေရာများ၌ သန့်ရှင်းသာယာလှပရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုနှင့် စည်းကမ်းတကျရှိမှုတို့သည် အရေးကြီးပါသည်။ နိုင်ငံတကာဧည့်သည်များမှ စည်းကမ်းနှင့် သန့်ရှင်းမှုတို့ကို အလေးထားသဖြင့် ထိုလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် လုပ်ကိုင်ကြပါသည်။ ပင်လယ်ကမ်းခြေမှ သဲထုတ်ယူမှုများကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးဆက်များကို ကြိုတင်မျှော်တွေးကာ ခရီးသွားများ လုံခြုံစိတ်ချမှုရှိရေးနှင့် အန္တရာယ်ကင်းရှင်းရေးကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများက စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုပြီး အရေးယူဆောင်ရွက်သင့်ပါသည်။



ကမ်းခြေတစ်ခုတွင် စီးပွားဖြစ် သဲတူးဖော်သည့်လုပ်ငန်းများ လုပ်ကိုင်နေစဉ်။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းများ တစ်နေ့တခြား တိုးတက်ကောင်းမွန်လာသောကြောင့် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်မည့်သူများလည်း တစ်စတစ်စ တိုးတက်များပြားလာပါသည်။ ခရီးသွားဈေးကွက်အတွင်း စိတ်ချယုံကြည်စွာဖြင့် လုပ်ဆောင်သွားရန်၊ ဖိတ်ခေါ်ကြိုဆိုနိုင်ရန်မှာ အခြေခံကောင်းများ ပြည့်စုံမှုနှင့်အတူချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါသည်။

သစ်တောပြုန်းတီးခြင်း၊ စွန့်ပစ်ပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်ခြင်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများအပေါ် ပညာပေးခြင်း၊ အသိပညာဖလှယ်ခြင်း၊ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်းစသဖြင့် တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကာ ထိန်းကျောင်းရမည့် နည်းလမ်းများနှင့် ကြိုတင်ကာကွယ်ရမည့် စီမံကိန်းကို သိမြင်လာကြပြီဖြစ်၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရန် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို သတ်မှတ်ပြဋ္ဌာန်းပြီး လိုက်နာဆောင်ရွက် စေလျက်ရှိပါသည်။

ကမ်းခြေဒေသ သာယာလှပစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ကမ်းခြေဒေသများဖြစ်သည့် စက်စဲကမ်းခြေ (မွန်ပြည်နယ် ကျိုက္ခမီမြို့)၊ လက်ခုပ်ကုန်းကမ်းခြေ (ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့)၊ ရွှေသောင်ယံ (ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့)၊ ငွေဆောင်ကမ်းခြေ (ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့)၊ မောင်းမကန်ကမ်းခြေ (တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့)၊ ကမ်းသာယာကမ်းခြေ (ရခိုင်ပြည်နယ် ဂွမြို့)၊ ငပလီကမ်းခြေ (ရခိုင်ပြည်နယ် သံတွဲမြို့) စသည့် ခရီးစဉ်ဒေသ ခုနစ်ခုကို ပြည်တွင်းပြည်ပဧည့်သည်များ လည်ပတ်နိုင်သော ခရီးစဉ်ဒေသများအဖြစ် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကမ်းခြေဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန်အမိန့်ကိုလည်း ထုတ်ပြန်ခဲ့ပါသည်။

အချို့ စီးပွားရေးလုပ်ငန်းရှင်များသည် အတ္တအကျိုးစီးပွားရှေးရှုခြင်းနှင့် အသိဉာဏ်ပညာ နည်းပါးခြင်းကြောင့် ထုတ်ပြန်ထားသော ကမ်းခြေဒေသအမိန့်များကို ဖောက်ဖျက်ကျူးလွန်ကာ အဆောက်အအုံများကို သတ်မှတ်ထားသောအမြင့်၊ အထပ်ထက်ပိုမိုဆောက်လုပ်ခြင်း၊ ကမ်းခြေရှိ ကျောက်ဆောင်များကို ဖြိုချခြင်း၊ သဲများတူးယူ၍မြေဖို့ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနေခြင်းများသည် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်ကို စိန်ခေါ်သကဲ့သို့ဖြစ်နေပြီး သဘာဝအလှအပများကို ပျက်စီးစေသည်ဖြစ်၍ တာဝန်ရှိသူသက်ဆိုင်ရာအဖွဲ့အစည်းများက ကြပ်မတ်ဆောင်ရွက်သင့်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းများအတွက်လည်းကောင်း၊ အခြားလုပ်ငန်းများအတွက် လည်းကောင်း ကမ်းခြေရှိသဲများကို နည်းမျိုးစုံဖြင့် စီးပွားဖြစ်ထုတ်ယူသယ်ဆောင်၍ အသုံးပြုခြင်းကြောင့် ကမ်းခြေအလှအပပျက်စီးခြင်း၊ သဲသောင်ကမ်းခြေသို့ ပင်လယ်ရေများဝင်ရောက်ကာ ကမ်းခြေရေတိမ်ပိုင်းများ ပျောက်ကွယ်ခြင်း၊ ရေနက်ပိုင်းအဖြစ် ပြောင်းလဲရောက်ရှိပြီး ရေလွှမ်းမိုးခြင်း၊ ရေလမ်းကြောင်း ပြောင်းလဲခြင်းတို့ ဖြစ်ပေါ်ကာ ခရီးသွားဧည့်သည်များအတွက် အပန်းဖြေခြင်း၊ ရေကူးခြင်း၊ လှိုင်းစီးခြင်း၊ စက်ဘီးစီးခြင်း၊ လမ်းလျှောက်ခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ခြင်းတို့ ပြုလုပ်နိုင်သော

စာမျက်နှာ ၁၇ သို့

# ထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်သူများ စည်းကမ်းချက်များကို သိရှိနားလည်ရန်လိုအပ်

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ သွားရောက်နေထိုင် အလုပ်လုပ်ကိုင်ကြမည့်သူများအနေဖြင့် ထိုင်းနိုင်ငံ၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို နားလည်မှုရှိအောင် သေချာစွာ လေ့လာထားကြရန်နှင့် အလုပ်သမားနှင့် အလုပ်ရှင်ကြားချုပ်ဆိုသည့် စာချုပ်များနှင့်ပတ်သက်၍လည်း နားလည်အောင် လေ့လာစုံစမ်းကြရန် လိုအပ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံဥပဒေအရ အရေးယူခံရပြီးသော မြန်မာနိုင်ငံသား အမျိုးသား ၂၁ ဦးနှင့် အမျိုးသမီး ငါးဦးတို့အား မတ် ၂၉ ရက်က တာချီလိတ်မြို့ရှိ အမှတ်(၁)မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား၌ ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ပြန်လည်လွှဲပြောင်းပေးခဲ့သော မြန်မာနိုင်ငံသားများမှာ ရှမ်းပြည်နယ်တောင်ကြီး၊ ဟိုပုံးနှင့် ပင်လုံမြို့နယ်များမှ တိုင်းရင်းသားများဖြစ်ကြပြီး အများစုမှာ ထိုင်းနိုင်ငံအတွင်း နေထိုင်အလုပ်လုပ်ကိုင်နိုင်သည့် ပန်းရောင်ကတ်ရရှိထားပြီးသူများဖြစ်သည်။



မတ် ၂၉ ရက်က ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းသော မြန်မာလုပ်သားများ။

ထိုသို့ နေထိုင်အလုပ်လုပ်ကိုင်ခွင့်ရှိသူများကို ဖမ်းဆီးခြင်းနှင့်ပတ်သက်၍ ထိုင်းနိုင်ငံတာဝန်ရှိသူများအား မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများက မည်သည့်အတွက်ကြောင့် ဖမ်းဆီးသည်ကို မေးမြန်းခဲ့ရာ ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက ယင်းကတ်ဖြင့် ထိုင်းနိုင်ငံအတွင်း နေထိုင်အလုပ်လုပ်ကိုင်နိုင်သည်မှာ မှန်ကန်ကြောင်း၊ သို့သော်လည်း နယ်မြေအကန့်အသတ်ဖြင့်သာ နေထိုင်ရခြင်းဖြစ်ကြောင်း၊ ကတ်တွင် ဖော်ပြထားသည့် ရပ်ကွက်မှ အခြားရပ်ကွက်များသို့ ကူးပြောင်းသွားလာနေထိုင်ခွင့် မရှိကြောင်း၊ အကြောင်းကိစ္စများရှိ၍ နယ်ကျော်ခရီးသွားလာရန် လိုအပ်ပါက သက်ဆိုင်ရာနယ်မြေများရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အလုပ်သမားရုံးများသို့ အလုပ်ရှင်က လာရောက်၍ ခွင့်ပြုချက်တောင်းခံပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုပါ အချက်အပါအဝင် စည်းကမ်းသတ်မှတ်ချက်များကို ထိုင်းနိုင်ငံ တာဝန်ရှိသူများအနေဖြင့် အလုပ်ရှင်များကို အသေးစိတ် ရှင်းလင်းအသိပေးထားကြောင်း၊ ပြန်လည်လွှဲပြောင်းပေးခဲ့သော အလုပ်သမားများမှာ အဆိုပါစည်းကမ်းချက်ကို ဖောက်ဖျက်၍ဖြစ်ကြောင်း ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထိုသို့ ဖြေကြားမှုနှင့်ပတ်သက်၍ ပြန်လည်လွှဲပြောင်းပေးသည့်အလုပ်သမားများမှ ပန်းရောင်ကတ်ရှိသူများကို မေးမြန်းကြည့်ရာ အလုပ်သမားများအနေဖြင့် အဆိုပါ စည်းကမ်းချက်ကို မသိရှိကြောင်း၊ ထိုင်းနိုင်ငံ အလုပ်ရှင်များကလည်း စည်းကမ်းချက်ကို သေချာစွာ ရှင်းပြခြင်းမရှိဘဲ ပန်းရောင်ကတ်ရှိလျှင် လွတ်လပ်စွာ နေထိုင်အလုပ်လုပ်ကိုင်နိုင်ကြောင်းနှင့် မြန်မာနိုင်ငံဘက်သို့ ပြန်လိုလျှင်လည်း လွတ်လပ်စွာ ပြန်နိုင်သည်ဟုသာ အလုပ်ရှင်များက ပြောဆိုကြောင်း မြန်မာအလုပ်သမားများက ဖြေကြားခဲ့သည်။

ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေသူ မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံဥပဒေများနှင့် ကိုက်ညီမှုမရှိပါက အရေးယူပြီး မြန်မာနိုင်ငံဘက်သို့ အခါအားလျော်စွာ ပြန်လည်လွှဲပြောင်းပေးလျက်ရှိရာ ယခုရက်ပိုင်းတွင် ပြန်လည်လွှဲပြောင်းပေးနေမှုမှာ ပို၍ များပြားနေလျက်ရှိကြောင်းလည်း သိရပါသည်။

သို့ဖြစ်ရာ ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်၍ နေထိုင်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများနှင့် သွားရောက်အလုပ်လုပ်ကြမည့်သူများအနေဖြင့် ထိုင်းနိုင်ငံ၏ စည်းကမ်းဥပဒေများ၊ အလုပ်ရှင်နှင့် အလုပ်သမားကြားချုပ်ဆိုကြသည့် လုပ်ငန်းစာချုပ်ပါ အချက်များကို သေချာစွာ နားလည်အောင် လေ့လာဆွေးနွေးခြင်း၊ နားလည်သူများကို မေးမြန်းခြင်းများ ပြုလုပ်ထားရန် လိုအပ်ကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

**သတင်းဆောင်းပါး-မောင်ယဉ်ကျေး**

## သင်္ကြန်ပွဲတော်ကာလ အေးချမ်းရေး ကြိုတင်ဆောင်ရွက်

**မုဒုံ မေ ၄**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ အန္တရာယ်ကင်းစွာနှင့် အေးချမ်းစွာ ရေကစားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ အန္တရာယ်ကင်းရေးအတွက် မုဒုံမြို့အတွင်း မောင်းနှင်သွားလာသည့်ယာဉ်များ ယာဉ်စည်းကမ်းလိုက်နာရေးနှင့် မူးယစ်မောင်းနှင်ခြင်းအပါအဝင် ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူရန်၊ ဆိုင်ကယ်များတွင် အသံဆူညံသော ပါဝါအိတ်ဇောတပ်ဆင်မောင်းနှင်ခြင်းနှင့် အိတ်ဇောဖြုတ်မောင်းခြင်းများ မပြုလုပ်ရန်၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာများကို ကျေးရွာနှင့် ရပ်ကွက်များမှ ပြည်သူများသိရှိစေရေးအတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါးရောင်းချသုံးစွဲခြင်း မရှိစေရေးအတွက် စစ်ဆေးအရေးယူရန် စသည်တို့ကို ရဲတပ်ဖွဲ့နှင့်အတူ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူများ အန္တရာယ်ကင်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပွဲကိုလည်း မြို့နယ်ခန်းမဆောင်၌ ဧပြီ ၁ ရက်က ပြုလုပ်ခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး၊ သင်္ကြန်ပွဲတော်ကာလ လုံခြုံရေးနှင့် မှုခင်းလျော့နည်းကျဆင်းရေးတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်၊မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေသိန်းနှင့်တာဝန်ရှိသူများက ဆွေးနွေးခဲ့သည်။

**မုဒုံမောင်မောင်**

## နိပ္ပွန်ဖောင်ဒေးရှင်းက လှူဒါန်းသော စာသင်ဆောင်နှစ်ဆောင် လွှဲပြောင်းပေးအပ်

**မြောင်းမြ မေ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း ကျေးရွာနှစ်ရွာ၌ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းသော စာသင်ကျောင်းဆောင်သစ်နှစ်ဆောင်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၂ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်များကို မြောင်းမြမြို့နယ် ကဒက်ကွင်းကျေးရွာနှင့် နတ်ရွာကျေးရွာများရှိ စာသင်ကျောင်းများတွင် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကာ နတ်ရွာအခြေခံပညာမူလတန်းကျောင်းမှာ အလျားပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ အာရ်စီတစ်ထပ်၊ သွပ်မိုး၊ စာသင်ခန်းငါးခန်းပါ အဆောက်အအုံဖြစ်ပြီး ကျပ်သိန်း ၆၀၀ ကျော် ကုန်ကျသည်။ ကဒက်ကွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှာ အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ အာရ်စီတစ်ထပ် သွပ်မိုးအဆောက်အအုံဖြစ်ပြီး ကျပ်သိန်းပေါင်း ၇၀၀ ကျော် အကုန်ကျခံဆောက်လုပ်ကာ စာသင်ကျောင်းနှစ်ကျောင်းလုံးအတွက် ဂျပန်နိုင်ငံ Nippon Foundation နှင့် ARTIC အဖွဲ့က လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ကျောင်းဆောင်သစ်များဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့် တိုင်းဒေသကြီး တိုင်းရင်းသားဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံမှ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဂျပန်နိုင်ငံမှ အလှူရှင် Mr.Ohtake ၊ Nippon Foundation မှ Mrs. Tanaka Mari နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။



**အောင်မင်း(မြောင်းမြ)**

## စိတ်ကြွဆေးနှင့် မူးယစ်ဆေးများ ရောင်းချခြင်းမရှိစေရန် စစ်ဆေး

**မန္တလေး မေ ၄**

သင်္ကြန်ပွဲတော်ကာလတွင် မန္တလေး အောင်မြေသာစံမြို့နယ်အတွင်း၌ ပြည်သူများအေးချမ်းစွာ ပါဝင်ဆင်နွှဲနိုင်ရန်နှင့် စိတ်ကြွမူးယစ်ဆေးများ သုံးစွဲရောင်းချခြင်းများ မရှိစေရန်အတွက် အမှတ်(၅) မြို့မရဲစခန်းမှ တာဝန်ရှိသူများက စခန်းအပိုင်နယ်မြေအတွင်းရှိ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များကို ဧပြီ ၁ရက်က ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။

အမှတ်(၅) မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်မြင့်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးငြိမ်းမြတ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က အောင်မြေသာစံရပ်ကွက်နှင့် ပုလဲငွေရောင်ရပ်ကွက်များအတွင်းရှိ ဆေးဆိုင်များတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးများ ရောင်းချနေခြင်းရှိမရှိ ရှောင်တခင်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ပူးပေါင်းအဖွဲ့သည် ဆေးဆိုင်ရှင်များအား တရားမဝင်သော စိတ်ကြွဆေးဝါးများနှင့် မူးယစ်ဆေးဝါးများ ရောင်းချခြင်းမပြုရန်နှင့် ကျန်းမာရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ရောင်းချရန်၊ တရားမဝင်ဆေးဝါးများ ရောင်းချပါက ဥပဒေအရအရေးယူမည်ဖြစ်ကြောင်းတို့ကိုလည်း ပညာပေးဆွေးနွေးခဲ့သည်။

မန္တလေးမြို့တွင် တရားမဝင် စိတ်ကြွဆေး၊ မူးယစ်ဆေးများ ရောင်းချခြင်းမရှိစေရေးအတွက် ဆေးဆိုင်များအား စစ်ဆေးခြင်းများကို သင်္ကြန်ပြီးသည့်ကာလအထိ အချိန်အပိုင်းအခြားမရွေး အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွဏ်းလှအောင်(မန္တလေး)**

*စာမျက်နှာ ၁၆ မှ*

နေရာများကို ထိခိုက်ပျက်စီးစေပြီး သဘာဝဘေး အန္တရာယ်များကိုလည်း အလွယ်တကူဖြစ်ပေါ်စေသဖြင့် ပြည်ပပညာရှင်များမှပင် တွေ့မြင်သိရှိကာ ကြိုတင်ကာကွယ်တားဆီးရန်လိုအပ်ကြောင်း အကြံပြုထောက်ပြပြောဆို ရေးသားလာကြပါသည်။

သဘာဝ ဘေးအန္တရာယ်များကြောင့် စိုက်ပျိုးရေး၊ အစားအစာဖူလုံရေး၊စိုက်ပျိုးရေရရှိရေး၊ ရေပေးဝေရေး၊ သောက်သုံးရေဖူလုံရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ငါးလုပ်ငန်း၊ ရေကြောင်းသွားလာရေး၊ ခရီးသွားလုပ်ငန်းစသောကဏ္ဍမျိုးစုံတွင် သက်ရောက်မှုရှိနိုင်သဖြင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုမရှိစေရန် တစ်ဦးချင်းမှသည် လူထုတစ်ရပ်လုံးမှ အသိတရားဖြင့် ထိန်းသိမ်းရန်လိုအပ်သလို တားမြစ်ကန့်သတ်ထားသော စည်းကမ်းများကိုလေးစားလိုက်နာရန်နှင့် ထုတ်ပြန်ထားသော ဥပဒေအမိန့်များကိုလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ ပြဿနာများကို ရင်ဆိုင်တုံ့ပြန်ရာတွင် ပြည်သူလူထု၏ အသိတရားရှိမှု၊ အသိအမြင်ကြွယ်ဝမှု၊ ပူးပေါင်းပါဝင်မှုသည် အဓိကကျပါသည်။

တောင်တစ်တောင်ကို ဖြိုချရန်အတွက် ကျောက်ခဲတစ်လုံးမှ အစပြုပါသည်။ သစ်ပင်တစ်ပင် ခုတ်ယူခြင်းမှအစပြု၍ သစ်တောတစ်ခုလုံး ပြုန်းတီးသွားစေနိုင်ပါသည်။ သဲတစ်ပွင့်မှအစပြု၍ သဲသောင်ပြင်ကမ်းခြေများ ပျက်စီးစေနိုင်ပါသည်။

'ဂေဟစနစ်များ မပျက်စီးစေဖို့ သဘာဝဝန်းကျင်ကို ကာကွယ်ကြပါစို့'၊ 'ကမ်းခြေသာယာလှပစေဖို့ ကမ်းခြေဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးကို ကြိုးပမ်းကြပါစို့'၊ 'ခရီး သွားလုပ်ငန်းဖွံ့ဖြိုးဖို့ သဘာဝဝန်းကျင်ထိန်းသိမ်းကြပါစို့'ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**Santino(Tourism)**



ကမ်းခြေတစ်ခုတွင် သဲတူးဖော်ရန် ပြင်ဆင်နေစဉ်။

# အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာရန် ဆွေးနွေး

**ချောင်းဆုံ ဧပြီ ၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အချင်းချင်းပူးပေါင်းချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန်နှင့် စွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ တွေ့ဆုံနှီးနှောဖလှယ်ပွဲကို UNDP နှင့် မွန်ပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက် (Mon State CSO Network)တို့၏ စီစဉ်မှုဖြင့် ချောင်းဆုံမြို့ ကျွန်းသာယာခန်းမ၌ ဧပြီ ၂ ရက်က ကျင်းပခဲ့သည်။



နှီးနှောဖလှယ်ပွဲတွင် ပွဲကျင်းပရေးကော်မတီဝင် ဦးကျော်သောင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဇာဇာမြင့်တို့က အမှာစကားပြောကြားပြီး မွန်ပြည်နယ် လူမှုအဖွဲ့အစည်းများကွန်ရက် ညှိနှိုင်းရေးမှူး ဦးမြင့်လွင်က အရပ်ဘက်လူမှုအဖွဲ့အစည်းများ အချင်းချင်းပူးပေါင်းချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။ ထို့နောက် ကျေးရွာများရှိ လူမှုရေးအဖွဲ့အစည်း ၄၈ ခုမှ ကိုယ်စားလှယ်များက အုပ်စုများခွဲ၍ အဖွဲ့များ၏ လုပ်ငန်းအခြေအနေနှင့် အောင်မြင်မှုများ၊ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းချိတ်ဆက်မှု ပိုမိုအားကောင်းလာရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် ယခုပြုလုပ်သော ဆွေးနွေးပွဲသည် ဒုတိယအကြိမ် ပြုလုပ်ခြင်းဖြစ်ပြီး ပထမအကြိမ် ဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းက ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကျင်းပ

**ထားဝယ် မတ် ၄**

မြန်မာနိုင်ငံအတွင်း ပဋိပက္ခဖြစ်ပွားခဲ့သောဒေသများမှ ပြည်သူများအတွက် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးအပ်ပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ညောင်ရမ်းတောင်ရပ်ကွက်၌ မတ် ၂ ရက်က ပြုလုပ်ခဲ့ပြီး ဆန်အိတ် ၄၂၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အကူအညီပေးအပ်ပွဲတွင် နီပွန်ဖောင်ဒေးရှင်းမှ လှူဒါန်းသော တစ်အိတ်လျှင် တန်ဖိုး ကျပ် ၂၅၀၀၀ ရှိ ဇီယာဆန်အိတ် ၄၂၀၀ ကို ဖောင်ဒေးရှင်း စီမံချက် မန်နေဂျာ ဂျပန်နိုင်ငံသား Mr.Junnosuke က KNU မြိတ်-ထားဝယ်ခရိုင် ဥက္ကဋ္ဌ စောဆာပီးတုပ်ထံ ပေးအပ်လှူဒါန်းသည်။ အဆိုပါ ဆန်အိတ်များကို KNU တပ်မဟာ(၄) နယ်မြေအတွင်းရှိ လယ်ဒိုစိုးမြို့နယ်မှ ကျေးရွာလေးရွာနှင့် လယ်မူးလားမြို့နယ်မှ ကျေးရွာလေးရွာတွင် နေထိုင်သော ဒေသခံပြည်သူများအတွက် ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

လှူဒါန်းပွဲတွင် နီပွန်ဖောင်ဒေးရှင်း စီမံချက်မန်နေဂျာက လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး KNU ခရိုင် ဥက္ကဋ္ဌက ပဋိပက္ခဖြစ်ပွားခဲ့သော ဒေသများအတွက် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ လူသားချင်းစာနာမှုဆိုင်ရာအကူအညီ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်ရှိကြောင်း ပြောကြားကာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်က ဆန်လှူဒါန်းခြင်းနှင့်ပတ်သက်၍ နီပွန်ဖောင်ဒေးရှင်းနှင့် KNU တပ်မဟာ(၄)မှ တာဝန်ရှိသူများအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

နီပွန်ဖောင်ဒေးရှင်းအနေဖြင့် KNU တပ်မဟာ(၄) နယ်မြေအတွင်း ပဋိပက္ခ ဖြစ်ပွားခဲ့သောဒေသများမှ ပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီအဖြစ် ဆန်အိတ်များ ထောက်ပံ့ပေးရာတွင် ယခုအကြိမ်သည် ခြောက်ကြိမ်မြောက်ဖြစ်ကြောင်းနှင့် အဆိုပါ ခြောက်ကြိမ်ထောက်ပံ့မှုတွင် စုစုပေါင်းဆန်အိတ် ၂၃၇၀၀ ကို ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကြောင့် တမူးခရိုင်အတွင်းရှိကျေးရွာများ တိုးတက်လာ

**တမူး ဧပြီ ၄**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် စားနပ်ရိက္ခာဖူလုံမှု ရန်ပုံငွေအဖွဲ့ (List Fund) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) လုပ်ငန်းများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အတွင်းရှိကျေးရွာများ ဘက်စုံတိုးတက်လာလျက်ရှိကြောင်း တမူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တမူးခရိုင်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စတင်ဆောင်ရွက်ခဲ့ပြီး စားနပ်ရိက္ခာဖူလုံမှု ရန်ပုံငွေအဖွဲ့၏ နည်းပညာပိုင်း အကူအညီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တမူးမြို့နယ်အတွင်းမှာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနဲ့ ကျေးရွာတွေရဲ့ အဓိကလိုအပ်နေတဲ့ လုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့ တစ်ရွာလျှင်ငွေကျပ်သိန်း ၅၀ နှုန်းနဲ့ ကျေးရွာ ငါးရွာအတွက် ငွေကျပ်သိန်း ၂၅၀ ကို ပေးအပ်နိုင်ခဲ့ပါတယ်။ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ခမ်းပတ်မြို့နယ်ခွဲက ထင်းဇင်ရွာ ဟောင်းမှာ ဂါလန်ငါးထောင်ဆံ့ အုတ်ရေကန်နဲ့ ရေတိုင် ၁၀ တိုင်ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေဖို့အတွက် တမူးမြို့နယ်မှာရှိတဲ့ ကွန်းတောင်းကျေးရွာနဲ့ နန်မွမ်းတားကျေးရွာတွေမှာ အမာခံသဲကျောက်လမ်းတွေကို ခင်းကျင်းပေးနိုင်ခဲ့ပါတယ်။ မြို့သစ်မြို့နယ်ခွဲက ကျွန်းပင်သာကျေးရွာမှာဆိုရင်လည်း ကျေးလက် ကွန်ကရစ်တံတားတစ်စင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပညာရေးကဏ္ဍအနေနဲ့ ကျွန်းတောရေရှင်ရွာက စာသင်ကျောင်းအတွက် စာသင်ခုံ ၁၁၅ ခုံ၊ ဘီရို နှစ်လုံး၊ စားပွဲ ၁၀ လုံး၊ ဘလက်ဘုတ် ၁၀ ချပ်နဲ့ သောက်ရေအိုးစင်တွေ စသဖြင့် လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်"ဟု ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဖိုးချမ်း(မုံရွာ)**

# နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲ ငါန်းဇွန်မြို့၌ ကျင်းပ



**ငါန်းဇွန် ဧပြီ ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့၌ အားကစားနှင့် ကာယပညာဦးစီးဌာန၏ အားကစားနှင့် ပညာရေးပေါင်းစပ်အစီအစဉ်အရ ဖွင့်လှစ်ခဲ့သည့် နွေရာသီ အခြေခံအားကစားသင်တန်း၏ သင်တန်းဆင်းပွဲကို မြို့မအားကစားကွင်း၌ ဧပြီ ၂ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးမူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်လွင်လွင်သန်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးအေးကိုကိုနှင့် ဝန်ထမ်းများ၊ နွေရာသီ အခြေခံအားကစားသင်တန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသာဆန်းနှင့် ကော်မတီဝင်များက သင်တန်းသား သင်တန်းသူများ၏ ဘောလုံး၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် အေရိုးဗစ် သရုပ်ပြပွဲများကို ကြည့်ရှုအားပေးသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

## သတင်းတိုများ

### ဝါးခယ်မမြို့ ဆုတောင်းပြည့်စေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့၏ မြို့ဦးထိပ်တွင် တည်ထားကိုးကွယ်ထားသော မြို့နယ်ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဧပြီ ၃ ရက်က စတင်ကျင်းပလျက်ရှိသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကို ဩဝါဒဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များ၏ စီစဉ်မှုဖြင့် ကျင်းပပြီး ဧပြီ ၃ ရက်က ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ အနေကဇာတင်ခြင်းနှင့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းအစီအစဉ်များ ကျင်းပကြောင်း၊ ဧပြီ ၄ ရက်နှင့် ၅ ရက်တွင် တရားပွဲအစီအစဉ်များ၊ ဧပြီ ၆ ရက်နှင့် ၇ ရက်တွင် သီချင်းဆိုပြိုင်ပွဲ အစီအစဉ်များ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဧပြီ ၁၀ ရက်တွင် မြို့ပေါ်ရှိကျောင်းပေါင်းစုံမှ သံဃာတော်များနှင့် သီလရှင်များ စုစုပေါင်း အပါး ၄၀၀ ကျော်ကို ဆွမ်းဆန်စိမ်းနှင့် ငွေပဒေသာပင်များ လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**

### မီးဘေးလုံခြုံရေးအတွက် စက်သုံးဆီအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် မြို့ပေါ်နှင့်ကျေးရွာများရှိ စက်သုံးဆီအရောင်းဆိုင်များကို မြို့နယ်မီးသတ်ဦးစီးဌာနက ဧပြီ ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

စဉ့်ကိုင်မြို့ ရန်အောင်မြင်ရပ်ကွက်ရှိ စိန်သိန်းစက်သုံးဆီအရောင်းဆိုင်နှင့် ပင်ချားကျေးရွာရှိ ဇော်ဂျီစက်သုံးဆီအရောင်းဆိုင်များကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကျော်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ဆီဖြည့်လျှင် စနစ်တကျ ဂရုပြုဆောင်ရွက်ရေး၊ ဆီဆိုင်များတွင် မီးဘေးအန္တရာယ်ကြုံတင်ကာကွယ်ရေး ပစ္စည်းများ ပြည့်စုံစွာထားရှိရေး၊ မီးလောင်မှုဖြစ်ပွားစေနိုင်သည့် အပြုအမူများကိုရှောင်ရှားကြရန်နှင့် ဆောင်ရန် ရှောင်ရန် အချက်များကို ဆွေးနွေးပြောကြားပြီး မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ပုံများကိုလည်း ဆီဆိုင်များမှ ဝန်ထမ်းများအား လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

### ပြင်ဦးလွင်၌ ရွှေနန်းထိုက်ဟိုတယ်သစ်ဖွင့်လှစ်

ပြင်ဦးလွင်မြို့ သစ်တောလမ်း၌ ဟိုတယ်အသစ်တစ်ခုဖြစ်သော ဟိုတယ်ရွှေနန်းထိုက် ဖွင့်ပွဲကို ဧပြီ ၃ ရက်က ကျင်းပခဲ့ရာ ပြင်ဦးလွင်တပ်နယ်မှူး စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြင့်မော်နှင့် ရွှေနန်းထိုက် အဆင့်မြင့် ပရိဘောဂနှင့် Construction Group ဥက္ကဋ္ဌ ဦးအေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ဟိုတယ်ရွှေနန်းထိုက်တွင် အခန်းအမျိုးအစား လေးမျိုးရှိကာ ကုန်ပစ္စည်းမိတ်ဆက်ပွဲ၊ အစည်းအဝေးပွဲစသည့် အခမ်းအနားများအတွက် အခန်းများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နွေရာသီ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲကျင်းပ

**စေတုတ္တရာ ဧပြီ ၄**

စေတုတ္တရာမြို့နယ်အတွင်း ၂၀၁၆ ခုနှစ်အတွက် ဆောင်ရွက်မည့် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို စေတုတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဧပြီ ၁ ရက်က ကျင်းပခဲ့သည်။

မကွေးတိုင်းဒေသကြီးတွင် ၂၀၁၆ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများကို စေတုတ္တရာမြို့နယ်နှင့် မင်းလှမြို့နယ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ရာ မင်းလှမြို့နယ်တွင် ကျေးရွာအုပ်စု ၆၃ အုပ်စုရှိ ဒေသခံပြည်သူ ၈၈၅ ဦးအား စာသင်ဝိုင်း ၇၃ ဝိုင်းဖြင့် မကွေးတက္ကသိုလ်မှ ကြီးကြပ် ဆရာ ဆရာမ ခုနစ်ဦးနှင့် ကျောင်းသားကျောင်းသူ ၇၃ ဦးတို့ကလည်းကောင်း၊ စေတုတ္တရာမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၇ ခုမှ ဒေသခံပြည်သူ ၂၂၀ အား ရေနံချောင်းဒီဂရီကောလိပ်မှ ကြီးကြပ်ဆရာမ သုံးဦး၊ ဆင့်ပွားသင်တန်းဆင်း ကျောင်းသားကျောင်းသူ ၃၁ ဦးနှင့် ဒေသခံ ဆရာ ဆရာမများက စာသင်ဝိုင်း ၃၁ ဝိုင်းဖြင့်လည်းကောင်း ဧပြီ ၁ ရက်မှ မေလ ၁၅ ရက်အထိ ၄၅ ရက်ကြာ စာတတ်မြောက်ရေး သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲတွင် မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားကာ ရေနံချောင်းဒီဂရီကောလိပ်(တွဲဖက်)ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်နိုင်က အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်ခိုင်မာလာက အခြေခံစာတတ်မြောက်ရေးအတွက် လုပ်အားပေးဆောင်ရွက်မည့် ရေနံချောင်းဒီဂရီကောလိပ်မှ ကြီးကြပ် ဆရာ ဆရာမများ၊ ဆင့်ပွားသင်တန်းဆင်း ကျောင်းသားကျောင်းသူများနှင့် ဒေသခံ ဆရာ ဆရာမများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**

# ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲတွေ လာပြီ

မိုးမြင့်လင်းလက်


ဗလင်စီယာကို အနိုင်ရရှိသော ပွဲမှ ဘီလ်ဘာအိုကစားသမားတစ်ဦး။

ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်တွေကို မေ ၇ ရက်မှာ ဆက်လက်ကစားမှာဖြစ်လို့ ပွဲကောင်းတွေကို ကြည့်ရှုရပါဦးမယ်။ ဒီပွဲစဉ်မှာ နာမည်ကြီးနေတဲ့ လီဗာပူး၊ ဆီဗီလာ၊ ဗီလာရီးရဲတို့ရဲ့ ပွဲတွေက စောင့်ကြည့်အကဲခတ်ရမယ့်ပွဲတွေဖြစ်ပြီး အသင်းလိုက်ကစားအားကောင်းတဲ့ အသင်းတွေက ဘယ်လိုခြေစွမ်းကောင်းတွေပြပြီး ဘယ်လိုရလဒ်တွေ ဆောင်ကြဉ်းကာ အကြိုဗိုလ်လုပွဲ တက်ရောက်သွားမလဲဆိုတာ စိတ်လှုပ်ရှားဖွယ်ရာ အားပေးရဦးမှာဖြစ်ပါတယ်။

**ဘီလ်ဘာအိုနှင့် ဆီဗီလာ**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုကို ကြည့်ရင် ဆီဗီလာတို့ နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရခဲ့ပါတယ်။ ဆီဗီလာတို့က နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကို ကြည့်ရင် ရီးရဲမက်ဒရစ်ကိုသာ ရှုံးခဲ့ပြီး ဘေဆယ်၊ ဗီလာရီးရဲတို့ကို နိုင်ပွဲရကာ ဂီတာဖေးကို သရေကစားခဲ့တဲ့ ခြေစွမ်းရှိထားပါတယ်။ ဘီလ်ဘာအိုတို့ကတော့ ရီးရဲမက်ဒရစ်၊ ဗလင်စီယာနဲ့ စပို့တင်း ဂိုင်ဂျွန်တို့ကို နိုင်ပွဲရခဲ့တာမို့ ခြေစွမ်းပုံမှန်ရရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ ကစားအားကိုကြည့်ရင် ဆီဗီလာတို့ အဝေးကွင်းဆိုပေမယ့် နိုင်ပွဲရသွားနိုင်ပါတယ်။

**ဒေါ့မွန်နှင့် လီဗာပူး**

လောလောဆယ်မှာတော့ လီဗာပူးတို့ ပုံမှန်ခြေစွမ်းရအောင် ကြိုးစားနေပါတယ်။ လီဗာပူးရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် မန်ယူကို တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ စပါးကို တစ်ဂိုးစီသရေ ကစားပြီး ဆောက်သမ်တန်ကိုတော့ ရှုံးထားပါတယ်။ ခရစ္စတယ်ပဲလေ့စ်ကိုလည်း နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားခဲ့ပြီး ခြေစွမ်းပိုင်း အတက်အကျရှိနေတာမို့ အခုပွဲဟာခက်ခဲမယ့် အနေအထားပါပဲ။ ဒေါ့မွန်တို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ဝါဒါဘရီမင်၊ အော့စ်ဘတ်၊ စပါး၊ မိန့်ဇ်နဲ့ စပါးတို့ကို ဆက်တိုက် နိုင်ပွဲတွေရရှိထားပါတယ်။ လက်ရှိအနေအထားအရ တစ်ဦးချင်းရော အသင်းလိုက်ပါ ခြေစွမ်းအားသာချက်ရှိနေတဲ့ ဒေါ့မွန်တို့ပဲ ဒီပွဲမှာအသာစီးရသွားပါလိမ့်မယ်။

**ဘရာဂါနှင့် ရှက်တာဒိုးနက်**

အိမ်ကွင်းဆိုပေမယ့် ဘရာဂါရဲ့ ခြေစွမ်းက အားရစရာမရှိပါဘူး။ ဘင်ဖိကာအသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တာက ဘရာဂါတို့အတွက် မျက်နှာပျက်စရာ ဖြစ်နေပါတယ်။ ဘရာဂါရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး ရှက်တာဒိုးနက်ရဲ့ တိုက်စစ်မှူးတွေကို ဟန့်တားဖို့ ခက်ခဲပါလိမ့်မယ်။ ရှက်တာဒိုးနက်တို့က ရှော်လ်ကေး၊ အင်ဒါလက်ချ် အသင်းတွေကို အနိုင်ယူထားတာမို့ ဘရာဂါတို့ မလွယ်ပါဘူး။ ဒီပွဲဟာ ရှက်တာဒိုးနက်ရဲ့ပွဲ ဖြစ်သွားပါလိမ့်မယ်။

**ဗီလာရီးရဲနှင့် စပါတာ ပါရာဂွေး**

ဘာစီလိုနာကို နှစ်ဂိုးစီ သရေကစားနိုင်တဲ့ ဗီလာရီးရဲရဲ့ ခြေစွမ်းက အထင်ကြီးစရာပါပဲ။ ဒါ့အပြင် ဘေယာ လေဗာကူဆင်ကိုလည်း နှစ်ကျော့စလုံး ရှုံးပွဲမရှိအောင် အားထုတ်နိုင်ခဲ့တဲ့ ဗီလာရီးရဲဟာ စပါတာ ပါရာဂွေးကို ဖိအားပေးကစားနိုင်ပါလိမ့်မယ်။ ဒါပေမယ့် စပါတာ ပါရာဂွေးတို့ကလည်း လာဇီယိုအသင်းကို အနိုင်ကစားနိုင်တဲ့ ခြေစွမ်းရရှိထားတာမို့ ဗီလာရီးရဲတို့ ပေါ့ဆဆကစားရင် မမျှော်လင့်တဲ့ ရလဒ်ထွက်သွားနိုင်ပါတယ်။ လက်ရှိခြေစွမ်းအရ စပါတာ ပါရာဂွေးရဲ့ စွမ်းဆောင်မှုကိုပဲ အသိအမှတ်ပြုချင်ပါတယ်။ ။

# ဘာစီလိုနာရဲ့ ရှုံးပွဲမရှိစံချိန်ကို ရပ်တန့်ခဲ့တဲ့ စီရော်နယ်ဒို



စပိန်လာလီဂါမှာ ဦးဆောင်နေတဲ့ ဘာစီလိုနာအသင်းရဲ့ ၃၉ ပွဲ ဆက်တိုက် ရှုံးပွဲမရှိ စံချိန်ကို ရီးရဲမက်ဒရစ် နာမည်ကျော် တိုက်စစ်မှူး စီရော်နယ်ဒိုက နောက်ကျ ဂိုးသွင်းပြီး ရပ်တန့်ပေးခဲ့ပါတယ်။ အဲဒီပွဲမှာ စီရော်နယ်ဒိုက နောက်ကျ ဂိုးသွင်းပြီး ဘာစီလိုနာကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရီးရဲမက်ဒရစ်က အနိုင်ရစေခဲ့ပါတယ်။ ဒီပွဲမှာ ဂျရတ် ပီကေးက ဘာစီလိုနာအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့ပေမယ့် ဒုတိယပိုင်းမှာ ဘင်ဇီက ပြန်လည်ချေပခဲ့ပါတယ်။ ရီးရဲမက်ဒရစ်က ရာမို့စ်ဟာ နှစ်ဝါ တစ်နီနဲ့ ထွက်ခဲ့ရပေမယ့် အဓိက ကစားသမားတွေဖြစ်တဲ့ စီရော်နယ်ဒို၊ ဂါရက်ဘေးနဲ့ ဘင်ဇီမာတို့ခြေစွမ်းပြကစားနိုင်ခဲ့တဲ့အတွက် ဇီဒန်းရဲ့ ရီးရဲမက်ဒရစ်ဟာ ဘာစီလိုနာရဲ့ ရှုံးပွဲမရှိ စံချိန်ကို ရပ်တန့်နိုင်ခဲ့ပါတယ်။ စီရော်နယ်ဒိုရဲ့ ဒီအနိုင်ဂိုးဟာ ယခုနှစ် ရာသီအတွက် ၄၂ ဂိုးမြောက်ဖြစ်ပြီး စပိန်လာလီဂါမှာ ၂၉ ဂိုးမြောက်ဂိုး ဖြစ်ပါတယ်။ သို့ပေမယ့် ဘာစီလိုနာက ခြောက်မှတ် အသာနဲ့ ဦးဆောင်နေဆဲဖြစ်ပါတယ်။

ကောင်းမြတ်သူ
စုစည်းသည်။

# ယူရို ၂၀၁၆ မှာ အင်္ဂလန်အသင်းကို ရွန်းနေသာ ဦးဆောင်လိမ့်မယ်

ပြင်သစ်နိုင်ငံမှာ ကျင်းပဖို့ ရှိနေတဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲမှာ အင်္ဂလန်အသင်းကို တိုက်စစ်မှူး ရွန်းနေသာ ဦးဆောင်လိမ့်မယ်လို့ နည်းပြ ရွိုင်းဟော့ဆင်က အခိုင်အမာပြောဆိုလိုက်ပါတယ်။ ဝိန်းရွန်းနေဟာ ယူရိုပြိုင်ပွဲမတိုင်မီ အသင်းခေါင်းဆောင်နေရာမှ လက်လွတ်ဆုံးရှုံးသွားနိုင်ကြောင်း ထင်ကြေးပေး ပြောဆိုနေကြပါတယ်။ ဒဏ်ရာရထားတဲ့ အင်္ဂလန်အသင်း ခေါင်းဆောင် ရွန်းနေအနေနဲ့ ဂျာမနီ၊ ဟော်လန်တို့နဲ့ ကစားခဲ့တဲ့ ချစ်ကြည်ရေးပွဲစဉ်တွေမှာ လွဲချော်ခဲ့ပြီးတဲ့နောက် ဝေဖန်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရတာပါ။ ယူရို ၂၀၁၆ မှာ အင်္ဂလန်အသင်းခေါင်းဆောင်မှုအတွက် ရွန်းနေကို ဖယ်ရှားဖို့ လုံးဝမရှိဘူးလို့ နည်းပြ ရွိုင်းဟော့ဆင်က အခိုင်အမာပြောဆိုလိုက်တာပါ။ အင်္ဂလန်အသင်းအနေနဲ့ ဇွန် ၁၁ ရက်မှာ ရုရှားနဲ့ စတွေ့ပြီး ဥရောပ ချန်ပီယံလုပွဲကို စတင်ရမှာဖြစ်ပါတယ်။ ဟယ်ရီကိန်း၊ ဂျိမ်းဗာဒီနဲ့ ဒီလီအလီတို့ဟာ ဟော်လန်၊ ဂျာမနီတို့နဲ့ ကစားခဲ့တဲ့ ချစ်ကြည်ရေးပွဲတွေမှာ ခြေစွမ်းပြခဲ့တာကြောင့် ရွန်းနေရဲ့အသင်းခေါင်းဆောင်နေရာကို ခြိမ်းခြောက်လာနေပါတယ်။



# စီးရီးအေဖလားကို ငါးကြိမ်ဆက်တိုက်ဆွတ်ခူးဖို့ နီးစပ်လာတဲ့ ဂျူဗင်တပ်စ်

အီတလီ စီးရီးအေမှာ ဂျူဗင်တပ်စ်အသင်းအနေနဲ့ ငါးနှစ်ဆက်တိုက် စီးရီးအေ ချန်ပီယံဖြစ်ဖို့ နီးကပ်သွားပြီဖြစ်ပါတယ်။ ပွဲစဉ် (၃၁) အမ်ပိုလီနဲ့ ကစားခဲ့တဲ့ပွဲမှာ အိမ်ရှင် ဂျူဗင်တပ်စ်အတွက် မန်ဇူကစ်က တစ်လုံးတည်းသော အနိုင်ဂိုးသွင်းပြီး အနိုင်ရခဲ့လို့ ဂျူဗင်တပ်စ်တို့ ငါးနှစ်ဆက်တိုက် စီးရီးအေ ချန်ပီယံဖြစ်ဖို့ နီးကပ်လို့သွားပါပြီ။ ဂျူဗင်တပ်စ်-အမ်ပိုလီပွဲမှာ အမ်ပိုလီအသင်းအတွက် ဆမ်ပိုနာရာက အကောင်းဆုံး အခွင့်အရေးရခဲ့ပေမယ့် ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပါဘူး။ ဂျူဗင်တပ်စ်တို့က မန်ဇူကစ်ရဲ့ ခေါင်းတိုက်ဂိုးနဲ့ အနိုင်ကစားနိုင်ခဲ့ပါတယ်။



ပွဲစဉ်(၃၁)အပြီး ဂျူဗင်တပ်စ်က ရမှတ် ၇၃မှတ်နဲ့ ဦးဆောင်နေပြီး တနင်္ဂနွေနေ့က ယူဒီးနိစ်နဲ့ အဝေးကွင်း ကစားခဲ့တဲ့ နာပိုလီအထက်မှာ ဂျူဗင်တပ်စ်က ခြောက်မှတ်အသာနဲ့ ဦးဆောင်နေတာပါ။ နည်းပြ အယ်လီဂရီရဲ့ ဂျူဗင်တပ်စ်အသင်းဟာ လာမယ့်ပြိုင်ပွဲတွေမှာလည်း နိုင်ပွဲတွေဆက်ဖို့ အလားအလာတွေရှိနေပါတယ်။ ခြောက်မှတ်အသာစီး ရထားတဲ့ ဂျူဗင်တပ်စ်အသင်းအနေနဲ့ ဒီနှစ်မှာလည်း စီးရီးအေချန်ပီယံဖြစ်ဖို့ နီးစပ်လာနေပြီဖြစ်ပါတယ်။

# ပထမအကြိမ် ရုပ်စုံသဘင်ပွဲတော် ကျင်းပ



**မန္တလေး မေ ၄**
မြန်မာနိုင်ငံတွင် ပထမဦးဆုံး ကျင်းပခြင်းဖြစ်သည့် မြန်မာနှင့် နိုင်ငံတကာ ရုပ်စုံသဘင်ပွဲတော်ကို မန္တလေး အောင်မြေသာစံမြို့နယ် ၆၆လမ်းရှိ အမျိုးသားကဇာတ်ရုံ၌ မေ ၂ ရက်က ကျင်းပခဲ့သည်။

ရုပ်စုံသဘင်ပွဲတော်တွင် ရုပ်စုံသဘင်နှင့် ပတ်သက်၍ ဆွေးနွေးပွဲအစီအစဉ်များ၊ မြန်မာနှင့် နိုင်ငံတကာ ရုပ်စုံသဘင် ဖျော်ဖြေမှုအစီအစဉ်များ၊ မြန်မာ့လက်မှုပစ္စည်းနှင့် လက်ဆောင်ပစ္စည်း အရောင်းအစီအစဉ်များ ပါဝင်သည်။

ဆွေးနွေးပွဲအစီအစဉ်တွင် ရန်ကုန်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပါမောက္ခ ဦးခိုင်ထွန်း၊ ဦးရဲထွဋ်၊ ဆရာညိုထွန်းလူနှင့် မျိုးဆက်သစ် မြန်မာရုပ်စုံသဘင်ပညာရှင်တစ်ဦးတို့က 'မြန်မာ့ရုပ်စုံသဘင်၏ အနာဂတ်' ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။ ထို့နောက် စာရေးဆရာ ချစ်စံဝင်းက မြန်မာ့ရုပ်စုံသဘင်အကြောင်းကိုလည်းကောင်း၊ UNIMA မှ President Mr. Dadi Pudumjee က ကမ္ဘာ့ရုပ်စုံသဘင်အဖွဲ့ချုပ် အကြောင်းကိုလည်းကောင်း၊ အင်ဒိုနီးရှား Papermoon ရုပ်စုံသဘင်အဖွဲ့က အင်ဒိုနီးရှား အနုပညာအကြောင်းကိုလည်းကောင်း၊ ထွေးဦး မြန်မာ ရုပ်စုံသဘင်အဖွဲ့မှ ဦးခင်မောင်ထွေးက ကလေးတို့၏ပညာရေး ရုပ်သေးလေးဖြင့် ဆွဲဆောင်ပေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကထိက(ငြိမ်း)ဦးအောင်တိုးနှင့် ကထိက ဒေါ်ဝင်းပပတို့က အစဉ်အလာကြီးမားခဲ့သော မြန်မာ့ရုပ်စုံသဘင် ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး ရန်ကုန်ရုပ်စုံသဘင်အဖွဲ့၏ မြန်မာ့ရုပ်စုံသဘင်နှင့် အင်ဒိုနီးရှားရုပ်စုံသဘင်၏ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်များဖြင့် ဆက်လက်ဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ရုပ်စုံသဘင်သုတေသနပညာရှင် ဒေါက်တာတင်မောင်ကြည်က မြန်မာ့ရုပ်စုံ အရုပ် အပြင်အဆင်နှင့် ဝတ်စားဆင်ယင်မှု အကြောင်း၊ ဩ့လမ်းညွှန်ဦးသောင်းနိုင်ဦးက မြန်မာ့ရုပ်စုံ သဘင် ပျောက်ကွယ်လာရခြင်း အကြောင်းရင်းနှင့် အနာဂတ်အကြောင်း၊ ထိုင်း ရုပ်စုံသဘင်အဖွဲ့ Babymime က ၎င်းတို့အဖွဲ့၏ အနုပညာ အကြောင်းကိုလည်းကောင်း၊ မြန်မာ ရုပ်စုံသဘင် အသင်းနာယကဦးရဲဒွေးက မြန်မာ့ရုပ်စုံသဘင်ဆိုင်ရာ ကပြဖျော်ဖြေမှုအကြောင်း၊ ဦးရဲထွဋ်က မြန်မာ့ရုပ်စုံသဘင်ဆိုင်ရာ ဇာတ်စာနှင့် ဇာတ်စကားအကြောင်း၊ မြန်မာ့ရုပ်စုံသဘင် အသင်း ဥက္ကဋ္ဌ ဒေါ်မမနိုင်က မြန်မာ့ရုပ်စုံသဘင် အကြောင်း၊ မန္တလေး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်မှ ပါမောက္ခဒေါ်အေးစန္ဒာအောင်က မြန်မာ့ရိုးရာရုပ်စုံနှင့် လူအကတို့၏ ဆက်နွယ်မှုနှင့် ကွဲပြားခြားနားသော ကဟန်များအကြောင်း စသည်တို့ကို ဆက်လက်ဆွေးနွေးသည်။

ထို့နောက် ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များအဖြစ် မန္တလေးရုပ်စုံ သဘင်အဖွဲ့က မြန်မာ့ရုပ်စုံသဘင်၊ ရုပ်စုံသဘင် ပညာရှင် ဦးရဲဒွေးက ခေတ်ပေါ်ရုပ်စုံသဘင်၊ ထိုင်းနိုင်ငံမှ Babymime အဖွဲ့၏ ရုပ်စုံသဘင်အစီအစဉ်နှင့် သင်တန်းဆင်းကျောင်းသူ ကျောင်းသားများ၏ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များကို ဆက်လက်ပြုလုပ်ခဲ့သည်။

မြန်မာနှင့် နိုင်ငံတကာရုပ်စုံသဘင်ပွဲတော်ကို မြန်မာ့ရုပ်စုံသဘင် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ၂၀၁၅-၂၀၁၆ အရ Swiss Development Cooperation ၏ အဓိကပံ့ပိုးမှုဖြင့် Goethe Institute ရန်ကုန်နှင့် မြန်မာနိုင်ငံရုပ်စုံသဘင် အသင်းတို့ ပူးပေါင်း၍ Myanmar Upper Land မှ အကောင်အထည်ဖော်ကျင်းပပြီး မေ ၂ ရက်နှင့် ၃ ရက် နှစ်ရက်ကြာကျင်းပခဲ့သည်။
**ကျော်ထူး(မန္တလေး)**

# အမြန်ချောပေးပို့နိုင်သည့်ဝန်ဆောင်မှု မလှိုင်စာတိုက်၌ စတင်

**မလှိုင် မေ ၄**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မြန်မာ့စာတိုက်လုပ်ငန်း(မလှိုင်မြို့)မှ ပုံမှန်ဆောင်ရွက်ပေးနေသောလုပ်ငန်းများအပြင် အမြန်ချောပေးပို့နိုင်သည့် ဝန်ဆောင်မှုကိုလည်း မေ ၁ ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

အမြန်ချောဝန်ဆောင်မှုကို စနေ၊ တနင်္ဂနွေနေ့များ အပါအဝင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၃နာရီခွဲအထိ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အမြန်ချော ပေးပို့ခနှုန်းထားများမှာ အလေးချိန် ၂၀ ဂရမ်အထိ ၅၀၀ ကျပ်၊ ၂၀ ဂရမ် မှ ၅၀ ဂရမ်အထိ ၇၀၀ ကျပ်၊ ၅၀ ဂရမ်မှ ၁၀၀ ဂရမ်အထိ ၉၀၀ ကျပ်၊ ၁၀၀ ဂရမ်မှ ၂၅၀ ဂရမ်အထိ ၁၁၀၀ ကျပ်၊ ၂၅၀ ဂရမ်မှ ၅၀၀ ဂရမ်အထိ ၁၃၀၀ ကျပ်၊ ၅၀၀ ဂရမ်မှ တစ်ကီလိုဂရမ်အထိ ၁၅၀၀ ကျပ်၊ တစ်ကီလိုဂရမ်မှ ငါးကီလိုဂရမ်အထိ ၃၀၀၀ ကျပ်၊ ငါးကီလိုဂရမ်မှ ၁၀ ကီလိုဂရမ်အထိ ၄၅၀၀ ကျပ်၊ ၁၀ ကီလိုဂရမ်မှ ၁၅ ကီလိုဂရမ်အထိ ၆၀၀၀ ကျပ်၊ ၁၅ ကီလိုဂရမ်မှ ၂၀ ကီလိုဂရမ် အထိ ၇၅၀၀ ကျပ်၊ ၂၀ ကီလိုဂရမ်မှ ၂၅ ကီလိုဂရမ်အထိ ၉၀၀၀ ကျပ်၊ ၂၅ ကီလိုဂရမ်မှ ၃၀ ကီလိုဂရမ်အထိ ၁၀၀၀၀ ကျပ်ဖြစ်ကြောင်း သိရသည်။

အမြန်ချော ပေးပို့နိုင်သော မြို့များမှာ နေပြည်တော်၊ မန္တလေး၊ ရန်ကုန် (ပုဇွန်တောင်၊ ပန်းပဲတန်း၊ ဗိုလ်တထောင်၊ လသာ၊ ကျောက်တံတား၊ မင်္ဂလာတောင်ညွန့်၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ရန်ကင်း၊ လှိုင်၊ လမ်းမတော်၊ ဒဂုံ၊ တာမွေ၊ မရမ်းကုန်း၊ လှိုင်တက္ကသိုလ်၊ စမ်းချောင်း၊ အလုံ၊ တောင်ဥက္ကလာ၊ ဗဟန်း)တို့ ဖြစ်သည်။

"ကျွန်မတို့မြို့နယ်ကနေ အမြန်ချောပေးပို့မယ်ဆိုရင် အရင်က ၂၂ မိုင်ဝေးတဲ့ မိတ္ထီလာမြို့အထိ သွားပို့ရပါတယ်။ အခုလို မလှိုင်မှာတင် ပို့လို့ရပြီဆိုတော့ အချိန်ကုန်၊ ငွေကုန်သက်သာပြီး နယ်ကလူတွေ အများကြီး အဆင်ပြေသွားတာပေါ့"ဟု အမြန်ချောလာပို့သူ အမျိုးသမီးတစ်ဦးက ပြောသည်။

မြန်မာ့စာတိုက်လုပ်ငန်း(မလှိုင်မြို့)အနေဖြင့် ယခင်က ရိုးရိုးချောစာများ၊ မှတ်ပုံတင်စာများ၊ ပြည်တွင်းလေယာဉ်စာလွှာများ(Air Letter)၊ ပို့စကတ်နှင့် မှတ်ပုံတင်ခများကိုသာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အမြန်ချော ပေးပို့နိုင်သည့် ဝန်ဆောင်မှုကို မေ ၁ ရက်မှ စတင်ခဲ့ခြင်းဖြစ်သည်။
**အောင်ဌေး(မလှိုင်)**

# အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး တတိယအကြိမ် ထိုးပေး

**ငါးသိုင်းချောင်း မေ ၄**
ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ အမျိုးသားခန်းမ၌ တတိယအကြိမ်မြောက် အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးထိုးခြင်း အစီအစဉ်ကို ငါးသိုင်းချောင်းမြို့ အာယုပါလဆေးအလှူတော်အဖွဲ့၊ ပုသိမ်မြို့ မြတ်သဒ္ဒါလူမှု ကူညီရေးအသင်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်၍ မေ ၃ ရက်က ပြုလုပ်ခဲ့သည်။



ကာကွယ်ဆေးထိုးသူများအနေဖြင့် တစ်ဦးလျှင် သုံးကြိမ်အထိ နှစ်လခြားတစ်ခါ ထိုးနှံရမည်ဖြစ်ပြီး ကာကွယ်ဆေးထိုးရာတွင် ထိုးသူများ အကြိမ်ရေပြည့်မီရန်နှင့် ကာကွယ်ဆေးထိုးလိုသူ ဒေသခံပြည်သူများ ကျန်ရှိခြင်းမရှိစေရန် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု တတိယအကြိမ်မြောက် ကာကွယ်ဆေးထိုးပေးရာတွင် ဒေသခံပြည်သူ ၁၀၀၀ ခန့် လာရောက်ထိုးနှံပြီးစီးပြီဖြစ်ကြောင်း အာယုပါလဆေးအလှူတော်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပုသိမ်ခရိုင်အတွင်း အသည်းရောင်ဘီပိုး ကာကွယ်ဆေးထိုးပေးခြင်း အစီအစဉ်များကို အာယုပါလ ဆေးအလှူတော်အဖွဲ့၊ မြတ်သဒ္ဒါလူမှုကူညီရေးအသင်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အဆက်မပြတ်ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**စိုးမင်းဦး(ပြန်/ဆက်)**

# သင်္ကြန်ကာလတွင် ယာဉ်စည်းကမ်းလိုက်နာရေးနှင့် မူးခင်းကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်လျက်ရှိ

**ပခုက္ကူ မေ ၄**
ပခုက္ကူမြို့နယ်အတွင်း သင်္ကြန်အကြိုကာလ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းနှင့် မူခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို မေ ၁ ရက်က နေရာသုံးနေရာခွဲ၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အသိပညာပေးလုပ်ငန်းများကို ပခုက္ကူမြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ပူးပေါင်းအဖွဲ့သည် ပခုက္ကူမြို့ မြို့မလမ်းနှင့် ထင်းတန်းလမ်းဆုံတွင်လည်းကောင်း၊ မြို့မလမ်းနှင့် မြိုင်လမ်းဆုံတွင်လည်းကောင်း၊ မြို့မလမ်းနှင့် ဆုကြီးပန်လမ်းဆုံတွင်လည်းကောင်း နေရာသုံးနေရာခွဲ၍ မော်တော်ယာဉ်၊ သုံးဘီးဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ် စီးနင်းမောင်းနှင်သူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို လိုက်နာမောင်းနှင်ရေး၊ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေပါ အချက်များ၊ အဆိုပါဥပဒေအရ စည်းကမ်းဖောက်ဖျက်မောင်းနှင်သူများအား အရေးယူဆောင်ရွက်မည့် ဥပဒေပုဒ်မများနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။
**ဆလိုင်းကိုကီး**

# သူငယ်တန်းသင်ရိုးသစ်အတွက် ဆရာဆရာမများအား နည်းပြသင်တန်း ဖွင့်လှစ်ပို့ချလျက်ရှိ

**မုံရွာ မေ ၄**
လာမည့် ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော်မည့် သူငယ်တန်း(KG)သင်ရိုးသစ်အတွက် တိုင်းဒေသကြီး အဆင့် နည်းပြသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်ကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိရာ မေ ၇ ရက်တွင် သင်တန်းပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ တက်ရောက်နေသူ ကျောင်းဆရာမ တစ်ဦးက "လာမယ့် သင်ရိုးသစ်မှာ သင်ထောက်ကူပစ္စည်းလေးတွေ ချထားပေးပြီး ကလေးငယ်တွေကို ကစားနည်းတွေနဲ့ စိတ်ကူး ပုံဖော်ခိုင်းမယ်။ ဒါ့အပြင် ရင်သွေးငယ်လေးတွေ စနစ်တကျနဲ့ စည်းကမ်းလိုက်နာတတ်စေဖို့ အပြုသဘောဆောင်တဲ့ စည်းကမ်းလေးတွေ သတ်မှတ်ပေးမယ်။ နောက်တစ်ခုက KG တန်းသင်မယ့် ဆရာဆရာမတွေအနေနဲ့ ရင်သွေးငယ်လေးတွေနဲ့ ထိတွေ့ရာမှာ မိဘနှင့်မခြား သူနာပြု ဆရာမတွေလို ကြင်နာရမယ်။ ဒါ့အပြင် ကဗျာတွေ၊ သီချင်းတွေ သီဆိုပြ၊ ကပြရမယ်ဆိုတော့ သင်ရတဲ့ ဆရာတွေတင်မကပဲ ရင်သွေးငယ်လေးတွေပါ စိတ်ဝင်စားပျော်ရွှင်စွာနဲ့ ပါဝင်ကြမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

ပညာသင်နှစ်တွင် စတင်မည့် KG တန်းသင်ကြားမည့် နည်းစနစ်မှာ ကလေးများ၏ စိတ်ခံစားမှုနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဦးစားပေးမည့် သင်ကြားနည်း (သို့မဟုတ်) ကစားရင်းသင်ယူရသည့် စနစ်သစ်ဖြစ်သည်။ သင်ရိုးသစ်အရ ယခင်ကဲ့သို့ အလွတ်ကျက် စာသင်ခြင်းမျိုး မလုပ်တော့ဘဲ ဆော့ကစားရင်းဖြင့် သင်ကြားသွားမည်ဖြစ်ကြောင်း၊ ကလေးများအနေဖြင့် ကျောင်းစာပေကိုသာ သင်ကြားရမည်မဟုတ်ဘဲ ဖွံ့ဖြိုးရေးကိုဦးတည်သော သင်ခန်းစာခြောက်ခုကိုလည်း သင်ယူရမည်ဖြစ်ကြောင်း သိရသည်။

KG သင်ရိုးသစ်ကို လာမည့် ၂၀၁၆-၂၀၁၇ စာသင်နှစ်တွင် စတင်အကောင်အထည်ဖော်နိုင်ရန်အတွက် နည်းပြသင်တန်းများကို ဖွင့်လှစ်လျက်ရှိပြီး မြို့နယ်များမှ ဆရာဆရာမများ လာရောက်သင်ကြားလျက်ရှိသည်။ မုံရွာမြို့ရှိ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းကို မတ် ၂၂ ရက်က စတင် ဖွင့်လှစ်ပို့ချနေခြင်းဖြစ်ပြီး မေ ၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သင်တန်းသားသင်တန်းသူ ဆရာဆရာမ ၇၄၆ ဦးကို သင်တန်းဆရာ ၄၁ ဦးက သင်ကြားပို့ချလျက်ရှိသည်။ နည်းပြသင်တန်းများသို့ တက်ရောက်ပြီးသော ဆရာဆရာမများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်နှင့် ကျောင်းများမှ ဆရာဆရာမများကို ဆင့်ပွားပို့ချပေးရမည်ဖြစ်ကြောင်း သိရသည်။
**ဖိုးချမ်း(မုံရွာ)**



# သောက်သုံးရေအခက်တွေ့ကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေလှူဒါန်း

**ကော့သောင်း ဧပြီ ၄**

ကော့သောင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကာ ဧပြီ ၁ ရက်က မြို့နယ်အတွင်း သောက်သုံးရေအခက်ဖြစ်လျက်ရှိသည့် ကျေးရွာပြည်သူများသို့ သောက်သုံးရေများ လိုက်လံဖြန့်ဝေ လှူဒါန်းကြကြောင်း သိရသည်။



ယနေ့ဖြစ်ပေါ်နေသည့် အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် နိုင်ငံနှင့်အဝန်း မြို့ပြနှင့် ကျေးလက်ဒေသပြည်သူများ သောက်သုံးရေ အခက်တွေ့လျက်ရှိရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကာ ဝန်ထမ်းများက ကော့သောင်းမြို့နယ် ကံပုံကျိနားကျေးရွာပြည်သူများသို့ သောက်ရေသန့်ဘူးများ ၊ အိမ်သုံးရေများအား မော်တော်ယာဉ်များ၊ မီးသတ်ရေသယ်ယာဉ်များဖြင့် လိုက်လံဖြန့်ဝေ ပေးအပ်လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။

"ကျေးဇူးတင်လို့ မဆုံးပါဘူး။ ကျွန်တော်တို့ရွာလေးက ပင်လယ်ကမ်းစပ်ရွာလေးဖြစ်တော့ ဒီနှစ် သောက်သုံးရေ အတော်လေးကို အခက်တွေ့နေတာ။ ဒီလို ဌာနဆိုင်ရာတွေက သောက်သုံးရေလာလှူကြတော့ တစ်ရွာလုံးကို ကျေးဇူးတင်နေကြတာပါ"ဟု အဆိုပါကံပုံကျိနားကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

**ကျော်စိုး(ကော့သောင်း)**

# မော်ကျွန်း ၁၅ လမ်း ကမ်းနားစက်သုံးဆီအရောင်းဆိုင်များကြောင့် မီးဘေးစိုးရိမ်နေ

**ရန်ကုန် ဧပြီ ၄**

လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့ရှိ ကမ်းပြိုကျနေသောတုံးလုံ ချောင်းဘေး ၁၅ လမ်းကမ်းနားတွင် ရေယာဉ်များအား စက်သုံးဆီရောင်းချနေသော ဆိုင်ပေါင်း ၁၀ ဆိုင်ဝန်းကျင်ရှိနေသည်။ ယင်းဆိုင်များရှိသည့် (၇) ရပ်ကွက် ၁၅ လမ်း တစ်လျှောက်တွင် ကမ်းပြိုကျမှုကြောင့် လမ်းသားပျောက်သွားပြီး လူနေအိမ်တန်း တစ်ခြမ်းသာရှိသည်။ ယင်းနေရာတွင် စက်သုံးဆီများ ပီပါအလိုက်ရောင်းချမှုကို ယနေ့တိုင် မြင်တွေ့နေရဆဲဖြစ်၍ မီးဘေးအန္တရာယ်အထူး စိုးရိမ်နေရသည်ဟု ယင်းဆိုင်များ အနီးနေ မြို့ခံတစ်ဦးက ပြောသည်။

မော်လမြိုင်ကျွန်းမြို့ ရပ်ကွက်များတွင် စက်သုံးဆီရောင်းချမှု မပြုလုပ်ရန် အသိပေးပြောကြားမှုများရှိသည်။ သောင်ထွန်းနေသော မြို့လယ်လူနေရပ်ကွက်နှင့် အတန်ငယ် ကွာဝေးသော သောင်ထွန်းမြေကမ်းစပ်တွင် ယခင်က စက်သုံးဆီရောင်းချခဲ့သည်မှာ မီးဘေးအန္တရာယ် အလွန်စိုးရိမ်ရမှု လျော့ကျစေသည်။ ယခုအခါ လမ်းသားများကမ်းပြို၍ ပျောက်ကွယ်သွားပြီး လူနေအိမ်တန်းများသာရှိချိန် ယင်းလူနေအိမ်ရှေ့များတွင် နေ့စဉ်စက်သုံးဆီ ပီပါလိုက်ရောင်းချမှုများ မြင်တွေ့နေရမှုအပေါ် မြို့နေလူထုများက မီးဘေးအန္တရာယ် စိုးရိမ်ပူပန်မှုများရှိနေကြောင်း သိရသည်။



သို့ဖြစ်၍ မြို့လူထု မီးဘေးအန္တရာယ်ကင်းဝေးစေရန် ၁၅ လမ်း ကမ်းနားလမ်းတစ်လျှောက် စက်သုံးဆီရောင်းချနေမှုများ ဖယ်ရှားတားမြစ်ပေးစေလိုသည်ဟု မြင်တွေ့နေရသူများက ပြောဆိုသည်။

**ခင်ဆိုင်**

# သရက်-ပုဏ္ဏားကားလမ်းဘေးဝဲ/ယာ တောင်ယာခုတ်တောမီးရှို့မှုများဖြစ်

**သရက် ဧပြီ ၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် သရက်-ပုဏ္ဏားကားလမ်းဝဲ/ယာ နေရာအချို့တွင် တောင်ယာခုတ်ထွင်ပြီး မလိုအပ်ဘဲ တောမီးများရှို့ထားကြောင်း သိရသည်။

အယ်နီညိုရာသီဥတုရဲ့ ပူပြင်းခြောက်သွေ့မှုဒဏ်ကြောင့် မြန်မာနိုင်ငံနေရာအတော်များများ ကျေးလက်ဒေသအချို့တွင် သောက်သုံးရေရှားပါးမှု၊ စိုက်ပျိုးရေးကဏ္ဍထိခိုက်ပျက်စီးဆုံးရှုံးမှု၊ ရေတွင်းရေကန်များ ရေခန်းခြောက်မှု၊ မိုးရေလျော့နည်းမှု ဧပြီလအပူဒဏ်နှင့်အတူ ကြီးမားသည့်အယ်နီညိုရာသီဥတုစိန်ခေါ်မှုများကို ကြုံတွေ့နေရသည်။

မိုးခေါင်ရေရှား ပူပြင်းခြောက်သွေ့မှုသည် မလိုအပ်ဘဲ တောင်ယာခုတ်ထွင်ခြင်း၊ တောမီးရှို့ခြင်း၊ တာဝန်ရှိသူတို့က တောင်သူများကို အသိပညာ



ပေးမှု အားနည်းခြင်း၊ ထိရောက်ဟန့်တားလောက်သည့် ကိစ္စများမဆောင်ရွက်ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# ရေးမြို့၌ မွန်ရိုးရာသက်ကြီးပူဇော်ပွဲ ကျင်းပမည်

**ရေး ဧပြီ ၄**

မွန်ပြည်နယ် ရေးမြို့ ထန်းခြောက်ပင်ဓမ္မာရုံ၌ မွန်ရိုးရာသက်ကြီးပူဇော်ပွဲကို လာမည့်သင်္ကြန်အကြိုနေ့ နံနက် ၇ နာရီတွင် ပူဇော်ကန်တော့ကြမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါမွန်ရိုးရာသက်ကြီးပူဇော်ပွဲတွင် ရေးမြို့ပေါ်ရပ်ကွက်ရှိ အောင်သုခ၊ အောင်မေတ္တာ၊ အောင်မင်္ဂလာရပ်ကွက်အတွင်းရှိနေထိုင်ကြသော အသက် ၈၀ နှစ်အထက် သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လှူဖွယ်ပစ္စည်းများနှင့်အတူ ဘိုးဘွား ၁၅၀ အား ပူဇော်သွားမည်ဖြစ်ကာ ကန်တော့ခံဘိုးဘွားများနှင့် ဧည့်ပရိသတ်တို့ကိုလည်း မြန်မာ့ရိုးရာ အတာသင်္ကြန်ထမင်းနဲ့ လက်ဖက်ရည်အချိုပွဲဖြင့် တည်ခင်းဧည့်ခံကျွေးမွေးလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွန်း-ရေး**

သတင်းတိုများ

## (၂၂)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

မုန့်တီစုလူငယ်သွေးလှူရှင်များ ပရဟိတအသင်း စေတနာသွေးလှူရှင်အဖွဲ့မှ (၂၂)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို မတ်လ နောက်ဆုံးပတ်က မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက် ရပ်ကွက် မုန့်တီစုရပ် (၃၇×၃၈) လမ်းကြား ၈၅ လမ်းရှိ မဟာဝိဇ္ဇုက ဓမ္မာရုံ၌ ကျင်းပသည်။

သွေးလှူဒါန်းရာသို့ အမျိုးသားသွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာခင်မြမွန်နှင့် ကျန်းမာရေးဝန်ထမ်းများက သွေးလှူဒါန်းသူများကို စနစ်တကျသွေးပေါင်ချိန်ခြင်း၊ သွေးစစ်ဆေးခြင်းများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲကျင်းပမည်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ကကြီးမှူး၍ အထွေထွေရောဂါ/မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေးရည်သန်လျက်ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (Continuing Professional Development Forum) ကို မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင် (ဘီ) ၌ ဧပြီ ၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဆိုင်ရာ စာတမ်းများဖတ်ကြားဆွေးနွေးခြင်းနှင့် Acute Stroke Management in Primary Care & Secondary Prevention of Stroke -GP Perspective " တို့ပါဝင်မည်ဖြစ်ပြီး စိတ်ပါဝင်စားသောဆရာဝန်များတက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉၇- ၃၂၀၃၇၁၂ နှင့် ၀၉၇-၉၅၃၈၈၉၈၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**မောင်မောင်**

## လူငယ်ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

တနင်္သာရီတိုင်းဒေသကြီး၌ နွေရာသီအခြေခံအားကစားနည်းငါးမျိုးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းပိတ်ပွဲအထိမ်းအမှတ်အဖြစ် ဧပြီ ၁ ရက်က မြို့မအားကစားကွင်းအတွင်း အမျိုးသားလူငယ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် A အသင်းနှင့် B အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ နှစ်ဂိုးစီသရေကျနေသဖြင့် ပင်နယ်တီဆုံးဖြတ်ကန်သွင်းရာ B အသင်းက အနိုင်ရရှိခဲ့သည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲဆုရ အားကစားသမားများအား နွေရာသီအခြေခံအားကစားသင်တန်းဆင်း လက်မှတ်အပါအဝင် ဒိုင်းဆုနှင့်ငွေသားဆုများကို မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဌ ဦးထွန်းမင်းနိုင်နှင့်တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နန်းသာရီထိန်ဝင်း(ပြန်/ဆက်)**

## တရားမဝင်ဆေးဝါးများ ရောင်းချမှုမရှိရန် ရှောင်တခင်စစ်ဆေး

သင်္ကြန်ပွဲတော်ကာလ မူးခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့် မြို့မဈေးအတွင်း၌ရောင်းချနေသော ဆေးဆိုင်များ၊ ကုန်စုံဆိုင်များတွင်တရားမဝင်ဆေးဝါးများရောင်းချခြင်း ရှိ မရှိကို တာဝန်ရှိသူများက ဧပြီ ၂ ရက်က ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာဝေလင်းနှင့် တာဝန်ရှိသူများပါဝင်သည့်ပူးပေါင်းအဖွဲ့က သင်္ကြန်ကာလအတွင်းမူခင်းများဖြစ်ပွားစေနိုင်သည့် မူးယစ်ဆေးဝါးများ၊ စိတ်ငြိမ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသောဆေးဝါးများအား ရောင်းချခြင်းမပြုရန်မှာကြားခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မူလတန်းကြိုကျောင်းများဖွင့်လှစ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ဖျာပုံခရိုင်အတွင်းမှ မူလတန်းကြိုကျောင်းများအား ဧပြီ ၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်လှစ်သည့် မူလတန်းကြိုကျောင်းများထဲတွင် ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာ မူလတန်းကြိုကျောင်း၊ ကဇောင်းကျေးရွာ မူလတန်းကြိုကျောင်းနှင့် အမာမြို့နယ်ခွဲ မူလတန်းကြိုကျောင်းတို့ပါဝင်သည်။ ကျေးရွာများတွင် မူလတန်းကြိုကျောင်း ဖွင့်လှစ်လိုက်သည့်အတွက် မြို့ပေါ်ရှိ ကလေးငယ်များနည်းတူ ကျေးရွာရှိ ကလေးငယ်များလည်း မူလတန်းကြိုပညာရပ်များ သင်ယူနိုင်မည်ဖြစ်ရာ ဒေသခံများဝမ်းသာနေကြကြောင်း သိရသည်။ ။

**သူဇာနွယ်(ဖျာပုံ)**

# မဲဇလီ(၂) ရေထိန်းတံခါးတည်ဆောက်မှုစီမံကိန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**ညောင်တုန်း ဧပြီ ၄**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မဲဇလီရွာမကျေးရွာအနီးရှိ ကုက္ကိုဝမြစ်မှ ပေ ၁၀၀၀ အကွာ၌ရှိသော နိုင်ငံတော်ရန်ပုံငွေကျပ် ၄ ဒသမ ၉ ဘီလီယံကျော်ကုန်ကျခံတည်ဆောက်လျက်ရှိသည့် မဲဇလီ (၂) ရေထိန်းတံခါး တည်ဆောက်နေမှုစီမံကိန်းမှာ ယခုအခါတည်ဆောက်မှုစီမံကိန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သောကြောင့် ဒေသခံများအတွက်အကျိုးဖြစ်ထွန်းစေတော့မည်ဖြစ်သည်။ **(ဓာတ်ပုံ)**

အဆိုပါ မဲဇလီရွာမကျေးရွာအနီးရှိ မဲဇလီ (၂) ရေထိန်းတံခါးအား ၂၀၁၅ ခုနှစ်မေလကစတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေထိန်းတံခါးတည်ဆောက်ရခြင်း၏ရည်ရွယ်ချက်မှာ တူးဖော်ပြီးစီးသွားသည့် ပန်းလှိုင်မြစ်အားသဲ၊ နုန်းမပို့ချစေရန်အတွက်လည်းကောင်း၊ ညောင်းတုန်းကျွန်းမှစီးဆင်းလာမည့် မြစ်ရေများကြောင့် အနီးအနားရှိ ကျေးရွာများ ရေကြီးနစ်မြုပ်မှုမဖြစ်ပေါ်စေရေးအတွက်ရေဘေးကာကွယ်ခြင်းဖြင့်လည်းကောင်း၊ မိုးစပါးအပြင်နွေရာသီကာလ၌ ပန်းလှိုင်မြစ်အားရေချိုများထိန်းသိမ်းပြီး မြစ်ကြောင်းတစ်လျှောက် ဝဲယာရှိကျေးရွာများမှ ပြည်သူများ နွေစပါးစိုက်ပျိုးအောင်မြင်ထွန်းစေရန်အတွက်လည်းကောင်း တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။




ထို့ပြင်လာမည့် ၂၀၁၇ -၂၀၁၈ ခုနှစ်၌ နယ်သာလန်နိုင်ငံမှနည်းပညာအကူအညီရယူကာ မြန်မာအင်ဂျင်နီယာများဖြင့် လှိုင်မြစ်ဝအနီး၌ ရေထိန်းတံခါးကြီးအား တည်ဆောက်ရန်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထပ်မံသိရသည်။ **သတင်းနှင့်ဓာတ်ပုံ-တင်လှမောင်**

# နွေရာသီသောက်သုံးရေရှားပါးမှု ဒလမြို့နယ် ရပ်ကွက်၊ ကျေးရွာများတွင်ကြုံတွေ့

**ဒလ မတ် ၄**
အယ်နီညိုနွေရာသီကြောင့်ဖြစ်သော အပူရှိန်ကြောင့် ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ စတင်ပြီး မြန်မာနိုင်ငံအနှံ့အပြားရှိ ရပ်ကွက် ကျေးရွာဒေသ



များ၌ နွေရာသီသောက်သုံးရေရှားပါးမှုနှင့် မီးဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသည်။ ထို့အတူ ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်သည်လည်း တပေါင်း၊ တန်ခူးနွေရာသီကာလသို့ ရောက်ရှိလျှင် ရေအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်။ ဒလမြို့နယ်သည် စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ မြစ်တစ်ဖက်ကမ်းတွင် တည်ရှိသော်လည်း ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေခဲ့သည်မှာ အချိန်ကာလများစွာကြာမြင့်ခဲ့ပေသည်။

ဒလမြို့နယ်သည် နှစ်စဉ်နှစ်တိုင်း နွေရာသီအတွင်း သောက်သုံးရေ ရှားပါးခြင်းကြောင့် စိတ်ပူပန်မှုများနှင့် ကြုံတွေ့နေရသည်မှာ နှစ်နှစ်ခန့်ရှိခဲ့သည်။ ဒလမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ လူဦးရေတိုးပွားလာမှုတို့ကြောင့် နွေရာသီ သောက်သုံးရေလုံလောက်မှုနည်းပါးလျက်ရှိကြောင်း တွေ့ရသည်။ ဒလမြို့နယ်ရှိ ရပ်ကွက် ၂၃ ရပ်ကွက်၌ အိမ်ခြေ ၂၀၃၇၈လုံး၊ အိမ်ထောင်စု ၂၃၁၈၂ စု၊ လူဦးရေစုစုပေါင်း ၁၀၃၀၀၈ ဦးရှိပြီး ကျေးရွာပေါင်း ၅၅ ရွာတွင် အိမ်ခြေ ၁၀၇၇၃ လုံး၊ အိမ်ထောင်စု ၁၀၇၇၂ စု၊ လူဦးရေစုစုပေါင်း ၅၀၁၆၆ ဦး ရှိပြီး အဆိုပါ ဒလမြို့နယ်အတွင်း ရပ်ကွက် ကျေးရွာများတွင် နေထိုင်ကြသည့် လူဦးရေစုစုပေါင်းမှာ ၁၅၃၁၇၄ ဦးရှိကြောင်း ဒလမြို့နယ် အိမ်ခြေအိမ်ထောင်စု စစ်တမ်းအရသိရသည်။ ဒလမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ သောက်သုံးရေအတွက် ရေကန်များမှာ မြို့ပေါ်၌ မြေသားရေကန် ၁၁၉ ကန်ရှိပြီး ကျေးရွာများ၌ မြေသားရေကန် ၂၀၅ ကန်သာ အားထားသုံးစွဲလျက်ရှိသည်။

ထို့အပြင် ဒလမြို့နယ်၌ ရေပေးဝေဖြန့်ဖြူးလျက်ရှိသော မြို့နယ်စည်ပင်သာယာရေးကော်မတီ ရေသန့်ဌာနက မြို့ပေါ်ရှိ ရပ်ကွက် ၂၃ ရပ်ကွက်အား ရေဖြန့်ဝေပေးလျက်ရှိပြီး ဒလမြို့နယ်အတွက်သုံးရေများကို တွံတေးရေပေးဝေရေးစခန်းမှ တစ်နေ့လျှင် ရေဂါလန် ၁ ဒသမ ၂သန်းရရှိပြီး မြို့ပေါ်ရပ်ကွက် ၂၃ ရပ်ကွက်သို့ နေ့စဉ်ရေဖြန့်ဝေပေးလျက်ရှိသည်။ ကျေးရွာများအား ရေပိုက်လိုင်းများ တပ်ဆင်ဖြန့်ဝေမှုများ မရှိသေးသောကြောင့် မြေသားရေကန်များကိုသာ အဓိကထားသောက်သုံးနေရသည်။ သောက်ရေ အတွက် ရေသန့်ဘူးများကို ဝယ်ယူသုံးစွဲနေကြရာ ရေသန့်တစ်ဘူးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် မိမိတို့၏ နေ့စဉ်ဝင်ငွေနှင့်မမျှတသော ဈေးနှုန်းများဖြင့် ဝယ်ယူသုံးစွဲနေရသည်။

ထို့ကြောင့် ရပ်ကွက်၊ကျေးရွာများသည် နွေရာသီ၌သောက်သုံးရေအတွက် ရေကန်များကိုသာ အဓိကအားထားလျက်ရှိကြောင်းသိရသည်။ ဒလမြို့နယ်သည် ရေချိုမထွက်ဘဲရေငန်များသာထွက်ရှိသော မြို့နယ်ဖြစ်သောကြောင့် မိုးရာသီတွင် ရေကန်များ၌သာ သိုလှောင်ပြီးနွေရာသီအတွက် အဓိကထား သောက်သုံးနေရသောကြောင့် နှစ်စဉ်နှစ်တိုင်း သောက်သုံးရေ ရှားပါးမှုများကြောင့် ရေကိုချွေတာသုံးနေရကြောင်း သိရသည်။
**နိုင်လင်းကျော်(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်တွင် တိုင်းရင်းဆေးအခမဲ့ကွင်းဆင်းကုသ

**လယ်ဝေး ဧပြီ ၄**
ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းသားဆေးပညာဦးစီးဌာန၊ နေပြည်တော်တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် နေပြည်တော် ခုတင် ၁၀၀ တိုင်းရင်းဆေးရုံကြီးမှ တိုင်းရင်းဆေးမှူးများပူးပေါင်း၍ တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်း ကုသပေးခဲ့ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် လယ်ဝေးမြို့နယ် ဇီးကုန်းကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများရှိ ကျေးလက်နေဒေသခံများအား တိုင်းရင်းဆေးပညာအကြောင်း အသိပေးဟောပြောပြီး ဒေသခံပြည်သူ ၇၀ အား အခမဲ့ဆေး ကုသပေးခဲ့ကြောင်း သိရသည်။
**မင်းမင်းလတ်(ရှုပဗေဒ)**



# အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု စတင်ဆောင်ရွက်

**ညောင်လေးပင် ဧပြီ ၄**
၂၀၁၆ ခုနှစ် အခြေခံ စာတတ်မြောက်ရေး လှုပ်ရှားမှုကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ အဖွဲ့များ ခွဲကာ ကျေးရွာများသို့ စတင်ကွင်းဆင်း ဆောင်ရွက်လျက်ရှိရာ အခြေခံ စာတတ်မြောက်ရေး လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁ ရက်က ညောင်လေးပင်မြို့ အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ပြုလုပ်ခဲ့သည်။

ယခုဖွင့်လှစ်သော အခြေခံ စာတတ်မြောက်ရေး လှုပ်ရှားမှုနှင့် ပတ်သက်၍ ညောင်လေးပင်မြို့နယ်အတွင်းရှိ အခြေခံပညာစာမတတ်သူ ၅၀၅ ဦးတို့အား ပဲခူး တက္ကသိုလ်မှ ကြီးကြပ်သူ ဆရာ/ ဆရာမ ငါးဦး ဦးဆောင်ကာ စတုတ္ထနှစ် ပဲခူးတက္ကသိုလ်မှ လုပ်အားပေး ကျောင်းသား ကျောင်းသူ ၅၀၊ ညောင်လေးပင်မြို့နယ်မှ ဒေသခံ ဆရာ/ ဆရာမ ၅၀ တို့ ပူးပေါင်း၍ အဖွဲ့များ ဖွဲ့ကာ ဧပြီ ၁ ရက်မှ မေ ၁၅ ရက် အထိ ကွင်းဆင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။
**နေလင်း(ညောင်လေးပင်)**

# ဆွာမြို့ငါးကြီးကွေ့ကျောင်းတိုက်၌ ရှင်အပါး ၁၀၀ ရှင်ပြုပွဲကျင်းပ

**ရေတာရှည် ဧပြီ ၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ ငါးကြီးကွေ့ကျောင်းတိုက်၌ ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိလာသ အရှင်သူမြတ်အား အမှူးထား၍ အလှူရှင်များဖြစ်သည့် ဦးတင်မိုးလှိုင်နှင့်ဇနီး ဒေါ်အေးအေးလှိုင် အမှတ်(၃)ရပ်ကွက်၊ ရေတာရှည်မြို့၊ တောင်ငူမြို့ ကေတုမတီမြို့သစ်နေ ဗိုလ်မှူး စိုးဝင်းခိုင်- ဇနီး ဒေါ်အေးအေးဝင်းတို့က ရှင်အပါး (၁၀၀) သာသနာ့ဘောင်သွတ်သွင်းခြင်းအလှူပွဲအား ဧပြီ ၂ ရက်က ပြုလုပ်ခဲ့သည်။

"ကျွန်မတို့ သားလေးလည်း ရှင်ပြုတာနဲ့ တစ်ခါတည်းပါပဲ။ အခြားရှင်ပြုလိုတဲ့ ကလေးတွေလည်း ပါစေချင်တာနဲ့ ဆရာတော်ကြီးကို လျှောက်ထားတော့ ခွင့်ပြုတာနဲ့ ရှင်အပါးတစ်ရာဖြစ်သွားတာ အခုလို လှူရတာ အလွန် ပီတိဖြစ်မိပါတယ်"ဟု အလှူဒါယိကာမ ဒေါ်အေးအေးလှိုင်က ပြောကြားသည်။
**ကိုလွင်(ဆွာ)**

# သကြန်အကြိုယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းခြင်းအတွက်အသိပညာပေး

**ရေစကြို ဧပြီ ၄**
မြန်မာ့ရိုးရာအတာသကြန်ကာလအတွင်း ယာဉ်မောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ရေစကြိုမြို့ဝင်ဗိုလ်ချုပ်လမ်းဆုံတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းကို မြို့နယ်ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ ကြီးကြပ်မှုကော်မတီ (ယကက)အဖွဲ့၊ မြို့နယ်ရဲစခန်းမှူး ဒုရဲမှူးစည်သူအောင်နှင့်အဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

"သကြန်ကာလအတွင်း ယာဉ်မောင်းသူများယာဉ်မတော်တဆမှုလျော့နည်းရေးနဲ့ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ပူးပေါင်းအဖွဲ့က ဧပြီ ၁ ရက်မှစတင်ပြီး သကြန်အကြိုယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းခြင်းနဲ့ အသိပညာပေးခြင်းကိုဆောင်ရွက်လျက်ရှိပါတယ်။ ဧပြီ ၁ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ မညီညွတ်တဲ့ မော်တော်ဆိုင်ကယ်မောင်းနှင်သူ ၃၆၈ ဦးနဲ့ မော်တော်ယာဉ်မောင်းနှင်သူ ၂၆ ဦးကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောခဲ့ပါတယ်" ဟု မြို့နယ်ရဲစခန်းမှူး ဒုရဲမှူး စည်သူအောင်က ပြောသည်။
**အိမွန်ဆွေ(ရေစကြို)**

# ရမည်းသင်း၌ စွန့်ဦးတီထွင် စီးပွားရေးသင်တန်းဆင်း

**ရမည်းသင်း ဧပြီ ၄**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် ဂျာမနီနိုင်ငံ giz နှင့် စိန်လသာစီးပွားရေးသင်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော စွန့်ဦးတီထွင် စီးပွားရေးသင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၂ ရက်က ရမည်းသင်းမြို့ အမေထွေးခန်းမ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် စိန်လသာစီးပွားရေးသင်တန်းကျောင်း တာဝန်ခံ ဦးဇော်မင်းစိုးက စွန့်ဦးတီထွင် စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းဖွင့်လှစ်ရခြင်းရဲ့ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၃၀အား သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းကို နိုင်ငံတကာတွင် အသုံးပြုနေသော CEFE Method(Action Learning) နှင့် ILO-SIYB သင်ရိုးများကို သင်ကြားပေးခြင်းဖြစ်ပြီး အဆင့်မြင့်စီးပွားရေးသင်တန်းကိုလည်း ၂၀၁၆ ခုနှစ် မေလတွင် ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။
**ဇော်ဝင်းအောင်(ရမည်းသင်း)**

# အမှတ်(၆)စက်မှုသင်တန်းကျောင်း (မြင်းခြံ)၏ အမှတ်စဉ်(၂) သင်တန်းဆင်း



**နေပြည်တော် မေ ၄**

စက်မှုဝန်ကြီးဌာနသည် တိုင်းပြည်၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက မောင်းနှင်အားဖြစ်သည့် အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများအား နှစ်စဉ်လေ့ကျင့် မွေးထုတ်ပေးလျက်ရှိရာ စက်မှုဝန်ကြီးဌာနစက်မှု ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ အမှတ်(၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ)၏ အမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁ ရက်က Auditorim ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး စံပြကျောင်းသားဆုနှင့် ဘာသာရပ်လိုက်ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်၍ ကျောင်းအုပ်ကြီးက သင်တန်းဆင်း အောင်လက်မှတ်များအား သင်တန်းသား ကိုယ်စားလှယ်တစ်ဦးထံ အပ်နှင်းပေးခဲ့သည်။

ယင်းနောက် အမှတ်စဉ်(၂) သင်တန်းသား ၁၆၆ ဦးတို့အား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# သုံးခွမြို့နယ်ကျေးရွာများတွင် သောက်သုံးရေများလှူဒါန်း

**သုံးခွ မေ ၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် သောက်သုံးရေ အခက်အခဲရှိနိုင်သော ကျေးရွာများသို့ အလှူရှင်များက သွားရောက်လှူဒါန်းလျက်ရှိရာ မေ ၂ ရက်က မုတ္တမပင်လယ်အနီးရှိ သာသာမြိုင်ကျေးရွာ၊ ဂါတန်းတဲစု၊ အင်္ဂလန်ဂါးတန်းတဲစုနှင့် ဘိတ်သိတ်ကျေးရွာများသို့ သာကေတမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဒေါ်သက်ထားနွယ်ပါဝင်သော စုမေတ္တာ အခမဲ့ဆေးခန်းမှ ၂၀ လီတာဝင် ရေသန့်ဘူးကြီး ၇၀၀ အား သွားရောက်လှူဒါန်းခဲ့သည်။

**ကိုကျော် (သုံးခွ)**

# ရေရှားပါးသည့် ငါးတိုင်ကျေးရွာသို့ သောက်သုံးရေအခမဲ့ဖြန့်ဝေ

**ကော့ကရိတ် မေ ၄**

ကော့ကရိတ်မြို့နယ် ရေပူကျေးရွာအုပ်စု ငါးတိုင်ကျေးရွာ (ရသေ့တောင်) သောက်သုံးရေလုံလောက်မှုမရှိခြင်းကြောင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၂၄၀၀ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ငါးတိုင်ကျေးရွာ (ရသေ့တောင်)တွင် အိမ်ခြေ ၅၂ အိမ်ရှိပြီး အိမ်ထောင်စု ၆၄ စု၊ လူဦးရေ ၃၀၀ ကျော်အား သောက်သုံးရေအခမဲ့ ဖြန့်ဝေပေးသည့်အတွက် ကျေးရွာပြည်သူများအနေဖြင့် သောက်သုံးရေ အခက်အခဲမရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## ခရမ်းလွန်ရောင်ခြည်အန္တရာယ်သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည် အန္တရာယ်ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်းစသည့်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

သို့ဖြစ်၍ ပူပြင်းသောနေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း အလုပ်လုပ်ကိုင်သူများ၊ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သကြၤန်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသောနေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့်တိုက်ရိုက်မထိတွေ့အောင်ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန် လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးကို လုံခြုံသော ဦးထုပ်၊ ထီးစသည်တို့ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့်ပခုံးစသည့်နေရာများကိုသနပ်ခါးထူထူ(သို့) SPF ၁၅+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း နောက်တစ်ခါ ထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်နိုင်ရန် ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သော အရောင်ရင့်သောအဝတ်အထည်များ၊ထူသော အဝတ်အထည်များကို ဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက်(၉၉%)ကာကွယ်ပေးနိုင်သည့်နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၆။ကလေးငယ်များသည်လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေနှင့်

- အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကိုနေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီး ဆောင်းပေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရှင်ဆပဒလိုဏ်ဂူတော် အမိုးဗိမာန်ပန္နက်တင်

**ပုတော မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့ရှေးဟောင်းသမိုင်းဝင် ရှင်ဆပဒလိုဏ်ဂူတော် အမိုးဗိမာန် ပန္နက်တင် မင်္ဂလာအခမ်းအနားကို မတ်လနောက်ဆုံးပတ်က ပုတောမြို့ တောင်ပိုင်းရပ်ကွက် သိမ်တော်ကြီးလမ်းရှိ အဆိုပါ လိုဏ်ဂူတော်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာတော်များထံမှ ဂေါပကအဖွဲ့ဝင်များ၊ အကျိုးတော်ဆောင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ထောက်ကူကော်မတီဝင်များ၊ အလှူရှင်များက ငါးပါးသီလတရားများခံယူ ဆောက်တည်တော်မူပြီး ပန္နက်တင်မင်္ဂလာဆင်ယင်ကျင်းပခဲ့ကြသည်။ အဆိုပါ ရှင်ဆပဒလိုဏ်ဂူတော်သည် သာသနာတော်သက္ကရာဇ် ၁၇၂၅၊ ခရစ်သက္ကရာဇ် ၁၁၈၄၊ ကောဇာသက္ကရာဇ် ၅၄၃ ခုနှစ် အေဒီ (၁၂) ရာစု ပုဂံခေတ်နရပတိစည်သူမင်းလက်ထက်က ထင်ရှားကျော်ကြားခဲ့သော ဆပဒရွှေခေါ် ပုတောမြို့သား ရှင်ဆပဒရဟန်းဘွဲ့အမည်ရှင်သဒ္ဓမ္မဇောတိပါလ မထေရ်မြတ် သတင်းသုံး တရားအားထုတ်တော်မူရာ မဟာအောင်မြေလိုဏ်ဂူတော်ဖြစ်ကြောင်း သိရသည်။

**မျိုးကျော်သူ**

# နောင်ချိုမြို့နယ်၌ ရေခန်းစပြုလျက်ရှိ ကျေးရွာပြည်သူများက ရေပိုက်များဖြင့် ရေသွယ်ယူ

**နောင်ချို မေ ၄**

ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမြို့နယ်တွင် အပူချိန်မြင့်မားလာပြီး ရေတွင်းများရေများ လျော့နည်းခန်းစပြုနေသောကြောင့် မြို့နယ်အတွင်းရှိ ပြည်သူများက ရေပိုက်များဆက်သွယ်ကာ ရေကန်၊ စိမ့်စမ်းရေ ချောင်းများမှ တစ်ဆင့်သောက်သုံးရေသွယ်ယူနေကြသည်။ တချို့ငွေကြေး အဆင်ပြေသူများက အဝီစိတွင်းများတူးကြသည်။ နောင်ချိုမြို့ စေတနာမွန်လူမှုကူညီရေးအသင်းမှလည်းသောက်သုံးရေ ပြတ်လပ်မှုရှိသော ကျေးရွာများရှိပါက ရေလှူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါလူမှုကူညီရေးအသင်းမှ ဦးနေဦးသာက ပြောသည်။

**စိုးဝင်း (နောင်ချို)**

# မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်း ရာသီမရွေးအဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် တိုးချဲ့ဖောက်လုပ်

**မြစ်ကြီးနား မေ ၄**

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းသည် မိုင်အားဖြင့် ၂၁၈ မိုင်ရှည်လျားပြီး ဒုတိယကမ္ဘာစစ်မတိုင်မီက မြစ်ကြီးနားမှ တီယန်စွတ်ရွာအထိ ၅၃ မိုင်မှာ လှည်းလမ်းသာဖြစ်ပြီး တီယန်စွတ်ရွာမှ ဆွမ်ပရာဘွမ်အထိ ၁၃၂ မိုင်မှ ဂျစ်ကားသာသွား၍ရသောလမ်းဖြစ်သည်။

၁၉၅၃ ခုနှစ်မှစပြီး တိုးချဲ့ဖောက်လုပ်ခဲ့ရာ ၁၉၆၂ ခုနှစ်တွင် မြစ်ကြီးနားမှ ပူတာအိုအထိ ဂျစ်ကားများ မောင်းနှင်သွားလာနိုင်ပြီး မြစ်ကြီးနားမှ ဆွမ်ပရာဘွမ်အထိ သုံးတန်အောက်ယာဉ်များသာ မောင်းနှင်သွားလာနိုင်ခဲ့သော လမ်းဖြစ်သည်။

သို့ဖြစ်၍ အဆိုပါ တောင်ပေါ်လမ်းကို ၁၉၆၆-၁၉၆၇ ဘဏ္ဍာရေးနှစ်မှစ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံကိန်းဝင်လမ်းအဖြစ်သတ်မှတ်ပြီး တိုးချဲ့မြှင့်တင်ဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

သို့ဖြစ်၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစပြီး မြစ်ကြီးနားမှစ၍ တီယန်စွတ်ရွာအထိ ၅၃ မိုင်ကို မြစ်ကြီးနားခရိုင် လမ်းဦးစီးဌာနကလည်းကောင်း၊ တီယန်စွတ်ရွာမှ စီနိုင်ခရွာအထိ မိုင်တိုင်အမှတ် ၁၁၁/ မိုင်အထိ လမ်းအထူးအဖွဲ့(၂)မှ လည်းကောင်း၊ မိုင်တိုင်အမှတ် ၁၁၁/ မှ မိုင်တိုင်အမှတ် ၁၉၆/၆ စွမ်ပီယန် ရွာအထိ လမ်းအထူးအဖွဲ့(၁)မှလည်းကောင်း၊ မိုင်တိုင်အမှတ် (၁၆၉/၆) မှ မိုင်တိုင်အမှတ် ၂၁၈/ (ပူတာအို) အထိ ပူတာအိုခရိုင်က လည်းကောင်း ခွဲဝေသတ်မှတ် တာဝန်ယူတည်ဆောက်ဖောက်လုပ်ခဲ့ကြသည်။

ဆက်လက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစ်ကြီးနား-ပူတာအိုလမ်း၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်အပိုင်းအား ပြည်ထောင်စုအစိုးရရန်ပုံငွေဖြင့် ကတ္တရာလမ်း(၁/၁) မိုင်ခင်းခြင်း ကျောက်လမ်း (၃/၁) မိုင်ခင်းခြင်းနှင့် ၃၄ ပေ အကျယ် တောင်နံရံလမ်းချဲ့ခြင်းတို့ ဆောင်ရွက်ပြီးလျှင် အမာခံလမ်းလေးမိုင်ခင်းခြင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်နယ်ရန်ပုံငွေဖြင့် လမ်း ၁၂ ပေ အကျယ်မှ ၂၄ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်းနှင့် (၁၀/၃) မိုင်အား ၃၄ ပေ အကျယ် လမ်းချဲ့ခြင်းနှင့် သဲကျောက်ခင်းကြိတ်ခြင်း (၂၅/၀) မိုင်အား ပေ ၅၀ အောက် RC တံတားသုံးစင်း တည်ဆောက်ထားကြောင်း သိရသည်။

**သတင်း-ခရမ်းစိုးမြင့်**
**ဓာတ်ပုံ-မိုးမြင့်လှိုင်**


မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်း တစ်နေရာကို တွေ့ရစဉ်။

# ရာပြည့်ပွဲတော်အထိမ်းအမှတ် ရှုံးရှီ အထကတွင် ဘောလုံးပြိုင်

**ဂန့်ဂေါ မေ ၄**

ဂန့်ဂေါမြို့နယ် ရှုံးရှီကျေးရွာ၌ မေ ၁ ရက်တွင် ကျရောက်မည့် ရှုံးရှီရွာအခြေခံပညာအထက်တန်းကျောင်း နှစ် (၁၀၀) ပြည့်ပွဲတော်ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရာပြည့်ပွဲတော်အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲကို မေ ၁ ရက်က အဆိုပါကျောင်း ရာပြည့်ကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ရှုံးရှီ အထကပညာရေးနယ်မြေအတွင်းရှိ ကျေးရွာများဖြစ်သော ရှုံးရှီ၊ ပိတောက်ကုန်း၊ အနောက်ဂန့်ဂေါ၊ ပျား၊ ဇီးပြား၊ တောင်ပြင်၊ လုံဟော၊ ဇာဟော၊ အုပ်လှနှင့် လုံခြုံကျေးရွာများမှ ဘောလုံးအသင်း ၁၃ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲစသည့်နေ့တွင် ရှုံးရှီ(က)အသင်းနှင့် ပိတောက်ကုန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှုံးရှီ(က)အသင်းက ၅ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါပွဲတော်ကာလတွင် ဘောလုံးပြိုင်ပွဲအပြင် ပြေးခုံပစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စာပေရေးရာ ပြိုင်ပွဲတို့နှင့် စာပေဟောပြောပွဲတို့ကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၀၁)**

# ပိုင်ကျုံမြို့ ကဇိုင်းကျေးရွာ၌ အ သုံးလုံးသင်တန်းဖွင့်

**ပိုင်ကျုံ မေ ၄**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ကော့နွဲ့ကျေးရွာအုပ်စု ကဇိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် အသုံးလုံးသင်တန်းဖွင့်ပွဲကို မေ ၁ ရက် မွန်းတည့် ၁၂ နာရီခန့်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် တက္ကသိုလ်မှ ဆရာတစ်ဦးနှင့် ကဇိုင်းကျေးရွာမှ ကျောင်းဆရာမနှစ်ဦးက သင်ကြားပေးပြီး သင်တန်းသား သင်တန်းသူ ၁၁ ဦး တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းမှာ တစ်လခွဲကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ပိုင်ကျုံ(ပြန်/ဆက်)**

# သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေး မြို့နယ်ရဲတပ်ဖွဲ့နှင့် ဆိုင်ကယ်၊ ကားဝပ်ရှော့လုပ်ငန်းရှင်များဆွေးနွေး

**ရေး မေ ၄**

မွန်ပြည်နယ် ရေးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ မေ ၃ ရက်က အတာသင်္ကြန်ကာလအတွင်း ရေကစားသူများ စိတ်အေးချမ်းမြေ့စွာ ရေကစားနိုင်ရန်အတွက် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆိုင်ကယ်နှင့် ကားဝပ်ရှော့ပြင်ဆိုင် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်သော်က အတာသင်္ကြန်ကာလတွင် မှုခင်းအန္တရာယ်များ ဖြစ်ပွားမှုလျော့နည်းကျဆင်းစေရေး၊ ယာဉ်တိုက်မှု လျော့နည်းစေရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဆိုင်ကယ်၊ ကားဝပ်ရှော့ဆိုင် လုပ်ငန်းရှင်များအား ပြဋ္ဌာန်းထားသည့် ဥပဒေသစ်နှင့်အညီ ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသွားသည်။ မော်တော်ယာဉ်များ အရေးယူမှုဥပဒေသစ်များ ပြဋ္ဌာန်းထားပြီး လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အကြောင်းကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့မှ ရဲတပ်ကြပ်အောင်ဇေယျက ရှင်းလင်းပြောကြားသည်။



လာမည့်အတာသင်္ကြန်ကာလတွင် ဆိုင်ကယ်အိတ်ဇောပိုက်ဖြုတ်တပ်ဆင်မောင်းနှင်ခြင်း အသံစုံမြည် အော်တိုဟွန်းသံများတပ်ဆင်ခြင်း၊ တရားမဝင် နံပါတ်ပြားများတပ်ဆင်မောင်းနှင်ခြင်း ပြုလုပ်ပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်၍ အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပတ်သက်၍ အသိပညာပေး ဥပဒေအသစ်များကို လူစည်ကားရာနေရာများတွင် အများပြည်သူများ ထင်သာမြင်သာ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် ဗီနိုင်းနှင့် ပိုစတာများကို စိုက်ထူ အသိပေးသွားမည့်အပြင် အသံချဲ့စက်နှင့်လည်း လှည့်လည်ကာ လိုက်လံဆော်ဩသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# ဆေးဖက်ဝင်ခွေးလေးယား(အနက်စေ့) ဈေးကောင်းရ၍ စိုက်ပျိုးသူများလာ

**ကျွန်းလှ မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ဆေးဖက်ဝင်ခွေးလေးယား(အနက်စေ့)ဈေးကောင်းရ၍ စိုက်ပျိုးသူများလာကြောင်း သိရသည်။ ထိုခွေးလေးယား(အနက်စေ့)မှာ အဆိပ်အတောက်ပြေခြင်း၊ လေဖြတ်၊ သွေးတိုး၊ ဆီးချိုစသည့်ရောဂါများကို သက်သာစေခြင်းတို့ကြောင့် အစေ့ကိုလှော်ပြီး တစ်ရက် နှစ်စေ့မှသုံးစေ့အထိ စားသုံးကြကြောင်း၊ နွားနို့၊ ကြက်ဥ၊ ပျားရည်တို့နှင့်ရော၍ စားသုံးကြကြောင်း နေ့စဉ်စားသုံးသူတစ်ဦးက ပြောသည်။

အဆိုပါဆေးဖက်ဝင် ခွေးလေးယားပင်မှာ နွယ်ပင်တစ်မျိုးဖြစ်ပြီး မိမိတို့နေအိမ်အတွင်းသစ်ပင်ကြီးများပေါ်တင်၍စိုက်ပျိုးကြကြောင်း၊ ရှားပါးချိန်တွင် နို့ဆီဘူးတစ်ဘူး ငွေကျပ်၂၀၀၀ မှ ၂၅၀၀ ပေးရကြောင်း၊ အသီးပေါ်ချိန်တွင်လည်း ငွေကျပ် ၁၀၀၀ မှ ၁၅၀၀ အထိ ရောင်းရကြောင်း၊ အပင်တစ်ပင်လျှင် နို့ဆီဘူး ၅ ဘူးမှ ၇ ဘူးရရှိကြောင်း၊ ယခုအခါ စင်တင်စိုက်ပျိုးလာကြပြီး စိုက်ပျိုးရလွယ်ကူ၍ ဈေးကောင်းရရှိသဖြင့် စိုက်ပျိုးသင့်ကြောင်း ခွေးလေးယားပင်စိုက်သူ တစ်ဦးကပြောသည်။

**မျိုးဝင်းညို (ကျွန်းလှ)**



# မင်းလမ်းကျေးရွာတွင် ပန်းပဲပညာကို အမွေဆက်ခံသင်ယူလုပ်ကိုင်သူနည်းပါးလာ

**ပျော်ဘွယ် မေ ၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မင်းလမ်းတောင်ရွာသည် ပန်းဘဲလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူအများစုနေထိုင်ရာ ကျေးရွာတစ်ရွာဖြစ်ပြီး ယခုအခါ ပန်းပဲပညာကို အမွေဆက်ခံလက်ဆင့်ကမ်းသင်ယူလုပ်ကိုင်သူနည်းပါးလာသောကြောင့် ပန်းပဲလုပ်ငန်းများ လျော့နည်းပျောက်ကွယ်သွားမည်ကို စိုးရိမ်ရကြောင်း ကျေးရွာနေသူအချို့ထံမှ သိရသည်။

“ပန်းပဲလုပ်ငန်း လုပ်ရတာ အလွန် ပင်ပန်းလှပါတယ်။ ပင်ပန်းသလောက် ဝင်ငွေနည်းတယ်။ ဓားတစ်ချောင်း ဖြစ်လာဖို့အတွက် လူငါးယောက်ဝိုင်းလုပ်ရတယ်။ သားသမီးတွေကို ဒီအမွေလက်ဆင့် မကမ်းချင်ကြတော့ဘူး။ စာတတ်အောင်သင်ပေးလိုက်ပြီး ဝန်ထမ်းဒါမှမဟုတ် အခြားအလုပ်တွေကို ပြောင်းလုပ်ခိုင်းတယ်။ အခု ပန်းပဲလုပ်ငန်းလုပ်တဲ့ လူအများစုက အသက် ၅၀ ကျော်အရွယ်တွေများတယ်။ အခုခေတ် လူငယ်တွေက ပညာတတ်၊ ဘွဲ့ရတွေများလာတော့ ဒီပန်းပဲလုပ်ငန်းကို မလုပ်ကြတော့ဘဲ ဝန်ထမ်း ဒါမှမဟုတ် အခြားအလုပ်တွေကို ပြောင်းလုပ်ကုန်ကြပြီ”ဟု ယင်းကျေးရွာနေ ပန်းပဲလုပ်ငန်းလုပ်ကိုင်သူ ဦးကိုရီက ပြောသည်။ မင်းလမ်းတောင် ရွာသည် အိမ်ခြေ၂၅၆အိမ်၊ အိမ်ထောင်စု ၂၆၄ စု၊ လူဦးရေ ၇၀၀ ကျော်ရှိပြီး ဓားအမျိုးမျိုး၊ ပုဆိန်၊ ရဲတင်း၊ သံတူးရွင်း၊ မီးညှပ်၊ ကွမ်းညှပ်စသည့် သံထည် ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# ပြည်ထောင်စုနယ်မြေအတွင်းရှိ စိုက်ပျိုးရေးဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်ဆုများ ချီးမြှင့်

**နေပြည်တော် မေ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်ထူးချွန်ဝန်ထမ်းများ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် တိုင်းဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ မေ ၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်က စွမ်းဆောင်ရည်ထူးချွန်ဆုချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ထူးချွန်ဆုရရှိသူ မြို့နယ်ဦးစီးမှူးနှစ်ဦးနှင့် အခြားအဆင့် ၃၁ ဦးတို့ကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(၀၁၄)**




ဆွေသဟာ ရဲ့ ၅၅ မိနစ် အခမဲ့ပြောအစီအစဉ်သည်
မိနစ် ၆၀ ဖုန်းခေါ်ဆိုမှုတိုင်းအတွက် ဖြစ်ပြီး အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

- ညနေ (၆) နာရီ နှင့် ည (၁၀) နာရီကြားမှလွဲ၍ ကြိုက်သည့်အချိန်တွင် ဤအစီအစဉ်အား အသုံးပြုနိုင်ပါသည်။
- ဖုန်းတစ်ခါခေါ်တိုင်း တစ်နာရီအတွင်းဆက်တိုက်ပြောဆိုမှုများအတွက် ပထမ (၅) မိနစ်စာအတွက်သာ ကျသင့်မည်ဖြစ်ပြီး နောက်ထပ်(၅၅) မိနစ်ထိ အခမဲ့ပြောဆိုနိုင်ပါသည်။
- မိနစ် ၆၀ ကျော်လွန်သွားပါက ပုံမှန်နှုန်း ၁မိနစ် ၂၃ ကျပ်ဖြစ်ပါသည်။
- ဤအစီအစဉ်သည် MPT ဖုန်းအချင်းချင်းခေါ်ဆိုရန် အတွက်သာဖြစ်ပါသည်။
- ဆွေသဟာကို အခမဲ့စာရင်းပေးသွင်းဖို့ "SWE" ဟု 1332 သို့ SMS ပေးပို့လိုက်ပါ။

ဤအစီအစဉ်မှာ ၂၀၁၆ ခုနှစ်
ဧပြီလ (၁၆) ရက်နေ့အထိ ဖြစ်ပါသည်။

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

*၂၀၁၆ ဧပြီလ ၁ ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm mptofficialpage mptofficial

CALL CENTER 106 | free hotline 24 hours everyday

၂၀၁၄ – ၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက်
ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ထမ်းဆောင်ခဲ့ပြီး
ဝင်ငွေခွန်အများဆုံးပေးဆောင်သူ ပထမနေရာအား (၄) နှစ်ဆက်တိုက် ရရှိခဲ့သည့်

# ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အတွက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

**ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့်**

- ၂၀၁၁ -၂၀၁၂ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၆. ၀၁၅) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန်ပထမဆု
- ၂၀၁၂ -၂၀၁၃ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၀. ၈၂၇) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၃ -၂၀၁၄ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၇. ၀၆၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၄ -၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး ပထမနေရာ (၄) နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်း

မြန်မာတစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ လုပ်ငန်းရှင် (၁၀၀၀) ဦး အနက်မှ **"ကမ္ဘောဇဘဏ်လီမိတက်"** သည် **"ပထမ"**နေရာမှ ဝင်ငွေခွန်အများဆုံး (၄) နှစ်ဆက်တိုက် ထမ်းဆောင်ခဲ့သူ ဖြစ်ပါသဖြင့် **ဘဏ်ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်း** ကို အထူးလေးစားအားကျ၊ အတုယူထိုက်သူ၊ ချီးကျူးဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဂုဏ်ယူစွာ ဖော်ပြအပ်ပါသည်။

MYANMAR SEILONE Myanmar Seilone Company Limited

NILAR Nilar Alliance Company Limited

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးကျော်ခင် အသက်(၈၉)နှစ်
### (ဝေါ၊ ကျိုက်ပဒိုင်ကြီးကျေးရွာ၊ ပဲခူးမြို့)
### ကျား+မသန်းငွေ ဆေးပေါ့လိပ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်ရိပ်သာလမ်း၊ အမှတ် ၁၂-ကနေ (ဦးဖုံ-ဒေါ်စိုးမေ)တို့၏သား၊ (ဦးဘိုးလှိုင်-ဒေါ်နှင်းငွေ)တို့၏သားသမက်၊ (ဒေါ်အေးကြည်)၊ (ဦးစိန်သော်-ဒေါ်သန်းချစ်)၊ (ဦးဘငြိမ်း-ဒေါ်သန်းမြင့်)တို့၏မောင်၊ (ဦးဘငွေ-ဒေါ်သန်းကြည်)တို့၏ညီ၊ (ဦးသိန်းလွင်-ဒေါ်သိန်းရီ)၊ ဦးရှိန်းမောင်-(ဒေါ်လှကြည်)၊ ဦးမျိုးမြင့်-ဒေါ်မြညွန့်၊ ဦးမောင်မောင်စော-ဒေါ်ဝင်းဝင်းမော်တို့၏အစ်ကိုကြီး၊ ဒေါ်သန်းငွေ၏ချစ်လှစွာသောခင်ပွန်းသည် ၄-၄-၂၀၁၆ရက် (တနင်္လာ နေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးကျော်ခင် အသက်(၈၉)နှစ်
### (ဝေါ/ကျိုက်ပဒိုင်ကြီးကျေးရွာ/ပဲခူး)
### ကျား+မသန်းငွေ ဆေးပေါ့လိပ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်ရိပ်သာလမ်း၊ အမှတ် ၁၂(က)နေ ဒေါ်သန်းငွေ၏ခင်ပွန်း၊ ဦးသန့်စိုး-ဒေါ်သီတာ(Rainbow Group of Companies)၊ ပါမောက္ခ ဦးဝင်းနိုင်(အသည်းရောဂါဌာန၊ ခုတင်-၅၀၀ အထူးကုဆေးရုံကြီး)-ဒေါ်နီလာ၊ ဦးကျော်စော-ဒေါ်ကေသီ(Energy Link Co., Ltd.)၊ ဦးကျော်ဇော-ဒေါ်သီဂီ(Super Rainbow Construction)၊ ဦးသူရကျော်-ဒေါ်ခင်မျိုးလွင်(Kyaw Thar Engineering of Construction Group Co.,Ltd.)၊ ဦးကိုကိုကျော်-ဒေါ်နီလာအိသွယ်(Royal Platinum Hotel)တို့၏ဖခင်ကြီး၊ မကေခိုင်ကျော်၊ ဒေါက်တာကျော်လင်းသန့်၊ မရတနာခင်၊ မသရဖီဝတ်ရည်၊ မဖူးမြတ်ကေသွယ်၊ မောင်ရဲကျော်သူ၊ မောင်ဆန်းမွန်၊ မောင်စည်သူကျော်စော၊ မအိအိဖြိုးကျော်၊ မောင်ထွဋ်ခေါင်၊ မအိသဉ္ဇာသွယ်၊ မောင်ထက်အာကာကျော်စောတို့၏ဘိုးဘိုးကြီးသည် ၄-၄-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူ သားသမီး၊မြေး၊မြစ်တစ်စု

## ဦးစောဖေ (မုံရွာ)
### အသက်(၈၈)နှစ်

မုံရွာ၊ လယ်ဇင်ရွာနေ (ဦးဘခင်-ဒေါ်ဟန်)တို့၏သား၊ မုံရွာမြို့၊ နတ်လှူ့ထိတ်ပန်ရပ်ကွက်နေ ဒေါ်ကြည်ကြည်မေ၏ခင်ပွန်း၊ ဦးစောဖေ (FAO ကမ္ဘာ့စားနပ်ရိက္ခာ ဂျုံအထူးအထွက်တိုးဆုရ)သည် ၄-၄-၂၀၁၆ရက် (တနင်္လာနေ့) နံနက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းရီ (သုဝဏ္ဏ)
### အသက်(၇၆)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးတင်မျိုးဝင်း(ငြိမ်း) - ဒေါ်သီဂီမျိုးညွန့်တို့၏မိခင်ဖြစ်သူ ဒေါ်သန်းရီ အသက်(၇၆)နှစ်သည် ၁-၄-၂၀၁၆ရက် (သောကြာနေ့) ည ၈း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)မှ သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာစံလှသော် (ညွှန်ကြားရေးမှူးချုပ်၊ အငြိမ်းစား)
### မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
### အသက်(၇၂)နှစ်

ဆရာကြီး ဒေါက်တာစံလှသော်(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)သည် ၃-၄-၂၀၁၆ရက်ညတွင် ရန်ကုန်မြို့ (ခုတင်-၅၀၀) ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း/အမှုထမ်းများ**
**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်**

## ဒေါ်ခင်မာရီ(ခ)ကျန်းအိုက်ဟွန်း (မိုနီတာစတိုး)
### (တောင်ငူမြို့)
### အသက်(၆၂)နှစ်

တောင်ငူမြို့၊ (၁၇)ရပ်ကွက်၊ ရတနာလမ်းနေ(ဦးအောင်ခင်)-ဒေါ်ခင်သိန်းတို့၏သမီး၊ ကိုအောင်နိုင်-မခင်မြင့်သိန်း၊ ကိုတင်မောင်-မမြင့်မြင့်ရီ၊ မနွဲ့နွဲ့ရီ၊ ကိုမြင့်ဆွေ-မထားထားရီတို့၏အစ်မ၊ တူ၊ တူမ ၁၀ယောက်တို့၏အဒေါ်သည် ၃-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့ အနောက်တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်စီ(ခ)ဒေါ်စီစီ
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊အရှေ့ဈေးဟောင်းလမ်း၊အမှတ်၂၀(သုံးလွှာ)နေ(ဦးကျော်-ဒေါ်မြသန်း)တို့၏သမီး၊ (ဦးမြင့်အောင်)၏ဇနီး၊ ကိုကျော်မိုးအောင်A/B Gewin Co.,Ltd၊ မအေးအေးလွင်၊ ကိုစိုးညွန့် AB (HAS)Co.,Ltd-မခင်မျိုးအောင်တို့၏မိခင်၊ မအိစန္ဒီမိုး၊ မောင်ကျော်ကိုကိုသန့်တို့၏အဘွားသည်၄-၄-၂၀၁၆ရက် ညနေ၄း၂၀နာရီတွင် အောင်ရတနာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၆ရက်မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၄-၂၀၁၆ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကေအင်စန်း(ခ)ဦးဖေစန်း
### အသက်(၇၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အောင်ရတနာလမ်း၊ အမှတ် ၆(ခ)နေ ကိုကံမင်း၊ကိုကျော်စိုးအောင်၊မအေးအေးမွန်တို့၏ဖခင်၊ ဒေါ်အေးမြင့်၏ချစ်လှစွာသောခင်ပွန်း၊ မလင်းသီရိအောင်၏အဘိုးသည် ၄-၄-၂၀၁၆ရက် (တနင်္လာနေ့)တွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၂၇၄-B(ပထမထပ်)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးမောင်ပါ (ငြိမ်း)
### (ကြည်း-၁၀၁၅၁)၊ ဗသက(၃၀)
### ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
### ဒုတိယမြို့တော်ဝန်(ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အသက်(၇၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နေ (ဦးကျော်ရင်-ဒေါ်ထွေးစိန်)တို့၏သား၊ (ဦးထွန်းရီ-ဒေါ်ထွေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်(သုဝဏ္ဏ)၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၃၉၆နေ ဒေါ်ခင်ညွန့်မြိုင် (အထက်တန်းပြဆရာမ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာနိုင်ဝင်း(ကျော်ဇေယျာကုမ္ပဏီ)၊ ဗိုလ်မှူးအောင်ကျော်စိုး(ငြိမ်း)-ဒေါက်တာသီတာလွင်၊ဒေါက်တာကျော်ကျော်ထွန်း-ဒေါက်တာညိုမီလွင်၊ဗိုလ်မှူးဒေါက်တာအောင်ကျော်ထွန်း-ဒေါ်အိရွှေစင်တို့၏ဖခင်၊ မချစ်စုစုလွင်၊ မောင်အောင်ချမ်းမင်း၊ မမေမြတ်ဆုပြည့်၊ မမေမြတ်ကံ့ကော်၊ မအင်ကြင်းအောင်၊ မောင်အောင်ဘုန်းမြတ်တို့၏အဘိုးသည် ၂-၄-၂၀၁၆ရက်(စနေနေ့)အိန္ဒိယစံတော်ချိန် ညနေ ၆း၅၀နာရီတွင် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့အနီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၆ရက်တွင် အိန္ဒိယနိုင်ငံ၊ဗာရာဏသီမြို့၌မီးသင်္ဂြိုဟ်ပြီး အရိုးပြာအား ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၈နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းမည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ သင်္ဃန်းကျွန်းမြို့နယ်(သုဝဏ္ဏ)၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၃၉၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးမောင်ပါ(ငြိမ်း)
### (ကြည်း-၁၀၁၅၁)၊ OTS (30)
### ပထမအကြိမ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
### ဒုတိယမြို့တော်ဝန်(ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အသက်(၇၇)နှစ်

သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊အင်ကြင်းမြိုင်လမ်း၊ အမှတ် ၃၉၆နေ ဒေါ်ခင်ညွန့်မြိုင်(အထက်တန်းပြဆရာမ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီးမောင်ပါ(ငြိမ်း)သည် ၂-၄-၂၀၁၆ရက်(စနေနေ့)အိန္ဒိယစံတော်ချိန် ညနေ ၆း၅၀နာရီတွင် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့အနီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် သူငယ်ချင်းကောင်းရာသုဂတိသို့ ရောက်ပါစေရန် ဆုတောင်းအပ်ပါသည်။

**OTS (30) သူငယ်ချင်းများ**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Daw Niang Ngaih Lun
## (ဒေါ်ညောင်ငိုက်လွန်း) အသက်(၄၄)နှစ်
### (လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မန္တလေးမြို့)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ် ၁လမ်း၊ အမှတ် ၂၈နေ (Pu Hau Za Lian-Pi Ciin Khaw Niang), [Pu Hau Khaw Gin - Pi Man Ning) တို့၏မြေး၊ [PaCin Za Mang (မန်နေဂျာ၊ စား/ထွေ)]-Nu Ning Ngaih Hau(စား/ထွေ၊ငြိမ်း)တို့၏သမီး၊ Pa Lian Suan Khai-Nu Niiang Nuam Vungတို့၏ညီမ၊ Lia Ning Lian Dim(ဦးစီးအရာရှိ၊ MCDC), Lia Cing Nuam Man (လ/ထ၊ ကထိက၊ TU-ထားဝယ်)၊ Lia Gin Man Vung (မြန်မာနိုင်ငံနှစ်ခြင်း၊ ခရစ်ယာန်အသင်းချုပ်)၊ Tg Thawng Khan Mung (Lex မိတ္တူ)၊ Lia Ciin Sian Cing (စင်ကာပူသံရုံး)တို့၏အစ်မ၊ Tg Mang Sian Lian, Lia Hau Lam Kim, Lia Ciin San Nuam တို့၏အဒေါ် သည် ၃-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၁၀း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၄-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[ဇေမာန္တေလဘုရားကျောင်း၊ TBCYဘုရားကျောင်း၊ ယုဇန(ပိတောက်ကွေ့)နှင့် ကျောက်မြောင်းနေအိမ်တို့မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်(သံတောင်) အသက်(၄၉)နှစ်
### ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
### ပြည်နယ်ကော်မတီဝင်(သံတောင်တာဝန်ခံ)၊ သံတောင်မြို့

ကရင်ပြည်နယ်၊ သံတောင်မြို့၊ ရပ်ကွက်(၂)နေ (ဦးအဖတ်)-ဒေါ်စိန်ကြည်တို့၏သား၊ ဦးတင်ဝင်းမြင့်-ဒေါ်နော်အေးမေ၊ ဦးငွေကျော်-ဒေါ်နော်ဘီဆေး (အထက-၃၊ တောင်ငူ)၊ ဦးစိန်ဝင်း-ဒေါ်ပိုပို၊ ဒေါ်ငွေငွေဝင်းတို့၏ညီ/မောင်၊ ဦးအာဘူး-ဒေါ်နွယ်နွယ်လှိုင်၊ ဦးစိုင်းခင်-ဒေါ်တိုးတိုး(တောင်ငူပြည်သူ့ဆေးရုံကြီး)၊ ဦးဖိုးတီ-ဒေါ်နော်ဆာဖလုဖောတို့၏အစ်ကို၊ သံတောင်မြို့၊ ရပ်ကွက်(၂)နေ ဒေါ်နန်းချိုချို၏ခင်ပွန်း၊ ကိုကျော်မင်းစိုး(AGD Bank)၊ နန်းဆုရည်မောင် (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သံတောင်မြို့)၊ ခွန်ထိုက်အောင်(စတုတ္ထနှစ်၊ ဥပဒေ၊ တောင်ငူတက္ကသိုလ်)၊ ခွန်ထက်လွင်(ပထမနှစ်၊ ဘူမိဗေဒ၊ တောင်ငူတက္ကသိုလ်)၊ ခွန်သက်လွင်မောင်(တက္ကသိုလ်ဝင်တန်း၊ အထက-သံတောင်မြို့)တို့၏ဖခင်သည် ၃-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၆နာရီတွင် တောင်ငူမြို့ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၁း၃၀နာရီတွင် သံတောင်မြို့သစ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟဇရသ်အလ်ဟာဂျ်ျ
## မော်လာနာ ဟာဖိဇ်
## မုဟမ္မဒ် ဟိဒါယသွလ္လာဟ်
## ဆွာဟစ်ဗ်
### အသက်(၇၆)နှစ်

ဂျာမေအဟ် အရဗီယဟ်ဒါရွလ်အုလူးမ် အရဗီ သာသနာ့တက္ကသိုလ်ကျောင်းတော်ကြီး၏ ရှိုင်ခွလ်ဟဒီးစ် အိုလမာ-အစ္စလာမ်သာသနာ့ ပညာရှင်များအဖွဲ့ချုပ် ဂျူရာအဖွဲ့ဝင်-ဗဟိုအလုပ်အမှုဆောင်၊ ဟဇရသ်မော်လာနာ ဟကီးမ်အခ်သရ်ဆွာဟစ်ဗ်၏ ခလီဖဟ်ကြီးသည် ၄-၄-၂၀၁၆ရက် (တနင်္လာနေ့)နံနက်တွင်အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၈နာရီတွင် ရေဝေးကဗရ်စတန်၌ ဂျနာဇာဟ်နမားဇ်ဖတ်ပြီး ဒဖနာမည်ဖြစ်ပါသည်။ မဂ်ဖိရသ်အတွက် ဒိုအာပြုပေးကြပါရန်။ (ဒါရွလ်အုလူးမ် ကင်းဘဲလမ်း၊ ရှောင်ကသွလ်အစ္စလာမ်၊ ပန်းဆိုးတန်းလမ်းအလယ်၊ ဆူဖီယာကျောင်း၊ ဗိုလ်တထောင်၊ ဆွာဒီကီယာကျောင်း၊ ၄၈လမ်း၊ သအ်လီမုလ်ကုရ်အာန်ကျောင်း၊ သင်္ဃန်းကျွန်း၊ တစ်ခြမ်းပုံ့ဗလီ မရ်ကဇ်၊ အဆ်အဒီယာကျောင်း ကန်တော်ကြီး၊ စူရတီဗလီရှေ့၊ ရွှေဘုံသာလမ်းတို့မှကားများ ထွက်ခွာပါမည်။) အိုလမာ-အစ္စလာမ်သာသနာ့ ပညာရှင်များ အဖွဲ့ချုပ်နှင့်

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စောဝင်း
### အထပြ(ငြိမ်း)၊ အထက(၁)ဗဟန်း
### အထက(၁)စစ်ကိုင်း
### အထက(လှည်းဆိပ်)
### အထက(၄)တာမွေ
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အမှတ် ၁၃၃နေ (ဦးလှဖေ - ဒေါ်စန်းစန်း)တို့၏ သမီး၊ (ဦးခင်မောင်စီ) - ဒေါ်သိန်းလွင်တို့၏ ညီမ၊ ဦးခင်မောင်ရီ-ဒေါ်မြင့်မြင့်ကြည်၊ ဦးခင်မောင်ကြည် - ဒေါ်ကြည်ကြည်ဆွေ၊ ဒေါ်ခင်မျိုးဝင်း၊ ဦးစိန်မင်း-ဒေါ်ခင်ကြည်ဝင်းတို့၏အစ်မ၊ တူ၊ တူမ ခြောက်ယောက်တို့၏ အဒေါ်သည် ၃-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၅း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၁၆ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းမောင်
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ခ)ရပ်ကွက်၊ အမှတ် ၃၀၇၊ သုံးလွှာ(ဘီ)၊ ကျိုက္ကဆံလမ်းနေ(ဦးသိန်းဖေ-ဒေါ်အေး)တို့၏သား၊ (ဦးဖေသန်း-ဒေါ်ရင်မြ)၊(ဦးသောင်းထွန်း)-ဒေါ်ကျင်မြ၊ (ဦးသာထူး)-ဒေါ်ရီရီအေး၊ (ဦးအုန်းသွင်) - ဒေါ်သန်းမြင့်တို့၏ အစ်ကို/မောင်၊ ဒေါ်ပြုံးပြုံးဝင်း၊ ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါ်စန်းစန်းဝင်း၊ ဦးဇော်ဝိတ်-ဒေါ်သိန်းသိန်းဝင်း၊ ဦးရဲထွဋ်-ဒေါ်တင်တင်အေးတို့၏ဦးလေး၊ မောင်ကျော်ဇင်သက်၊ မောင်မျိုးကိုဇော်တို့၏ အဘိုးသည် ၃-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၄-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းဟန် (ဂွတ္တလစ်)
### စစ်ကိုင်းမောင်သချာ
### (စစ်ကိုင်းအသင်း-ရန်ကုန်)
### အသက်(၇၃)နှစ်

စစ်ကိုင်းမြို့၊နန္ဒဝန်ရပ်နေ(ဦးညီညီ-ဒေါ်ကြည်ကြည်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ရွှေကုန်းရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ် ၇၇၈နေ ဒေါ်ကြည်ကြည်ခင်၏ခင်ပွန်း၊ (ဦးဝမ်းထွန်း)-မငယ်၊ဦးမျိုးမြင့်-ဒေါ်ခင်မာကြည်၊ ဦးမျိုးသန့်အောင်(ခ)ဆန်နီ-(ဒေါ်ခင်မာရီ)၊ဦးသိန်းအေး-(ဒေါ်စုစုဝေ)၊ ဦးထိန်လင်း-ဒေါ်စောစန္ဒာတို့၏အစ်ကိုကြီး၊ ကိုကျော်စိုးမိုး-မအေးအေးသွယ်၊ ကိုဝင်းရှိန်-မသန်းသန်းစိုး၊ ကိုဇာရဲနောင်နောင်(ခ)စွန်ရဲနက်-မဇင်မာလင်း၊ ကိုအောင်သူ-မမြင့်မြင့်သူ၊ ကိုဇော်ဇော်ဝင်း-မမြင့်မိုမိုဟန်၊ ကိုညီညီလင်း(ခ)စက်ကလေး - မဆုမြတ်ဟန်(မူလတန်းပြ၊ ချောင်းဝ)တို့၏ဖခင်၊ တူ၊ တူမ ကိုးယောက်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၄-၄-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၀း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများမွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရီရီသိန်း
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပိတောက်ရွှေဝါ ၁လမ်း၊ (၆)ရပ်ကွက်၊ အမှတ်(၉) B1နေ (ဦးဝဲတော-ဒေါ်ဇာညိုမ)တို့၏သမီး၊ ဦးမျိုးမြင့် (တရားလွှတ်တော်ရှေ့နေ)၏ဇနီး၊ ကိုစိုးနိုင်(ရွှေပန်းထိမ်)၊ မတူးတူးမာ၊ ကိုနေလင်းထွန်း(ခေတ္တ-Singapore)-မစောယုယုထွန်း(ခေတ္တ-Singapore)၊ မသက်မာလာထွန်း၊ ကိုမျိုးမင်းထွန်း (ခေတ္တ-Singapore) တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၄-၄-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ကျော်စိုး
### သင်္ဘောသား၊ပြည်တွင်းရေကြောင်း
### သယ်ယူပို့ဆောင်ရေး
### နာရေးကူညီမှုအသင်း(စစ်တွေ)
### အသက်(၃၂)နှစ်

စစ်တွေမြို့၊ ဘုန်းကြီးကျောင်းလမ်း၊ ဆင်ကူးလမ်း၊ အကွက်(၁)နေ ဦးသာထွန်းအေး၏သားသည် ၁-၄-၂၀၁၆ရက် ညနေ ၃း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ၊ အသင်းသားများအား သိစေအပ်ပါသည်။

နာရေးကူညီမှုအသင်း(စစ်တွေ)

## ဦးစောမျိုးသွေး အသက်(၉၀)
### နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)၊ ကျောက်ကြီးမြို့နယ်၊
### ပါတီယူနစ်ဥက္ကဋ္ဌ(ငြိမ်း)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ဆားတန်းရပ်ကွက်နေ ဦးကြည်ဝင်း-ဒေါ်မျိုးဦး၊ ဦးကျော်ဦး-ဒေါ်မျိုးနွယ်၊ (ဦးနီသွေး)-ဒေါ်ကလျာဝင်းဆွေ၊ ဦးအေးကြိုင်(ဒု-ဗိုလ်မှူးကြီး၊ ငြိမ်း)-ဒေါ်မျိုးမျိုးသန့်၊ ဦးနီထွေး-ဒေါ်မျိုးပပသော်၊ ဦးနီငွေတို့၏ချစ်လှစွာသောဖခင်ကြီး၊ မမေရှင်းသန့်ကြိုင်၊ မောင်ရဲသွေးအောင်၊ မကြည်ဖြူသွေးစံ၊ မောင်အုပ်စိုးပိုင်၊ မောင်သွေးသန့်ဝေယံ၊ မမျိုးဟေမာန်ကျော်တို့၏ဘိုးဘိုး၊ (ဒေါ်နီ)၏ခင်ပွန်းသည် ၃-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့)ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့)တွင် နေအိမ်မှ မြောက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခေါတိတ်ဝမ်(ခ)ဦးသိန်းအောင် အသက်(၈၅)နှစ်
### (ဦးတိတ်ဝမ်မုန့်ဆိုင်)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၃လမ်း၊ အမှတ် ၁၀၅၊ (ဒုတိယထပ်)နေ (ဦးခေါကျင်ဗိုး၊ ဒေါ်ငေါ်အော်လက်၊ ဒေါ်စောမြ)တို့၏သား၊ ဒေါ်ပေါ်ရုတ်ထို(ခ)ဒေါ်လှချို၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်တင်-ဦးဘုန်းမြင့်(တရုတ်-တိုင်ပေ)၊ ဒေါ်လေးတင်-ဦးစိုးအောင်၊ ဒေါ်အေးမိုးဝင်း-ဦးဝင်းမြင့်၊ ဒေါ်စောတင်၊ ဒေါ်ခင်မိုးအေး၊ ဒေါ်ဝင်းဝင်းအေး၊ ဦးသက်နိုင်(ခ)မောင်ဘို-ဒေါ်ချောင်မီးငုတ်၊ ဒေါ်အေးအေးသန်း၊ဒေါ်ခင်မြင့်-ဦးသိန်းဝင်းတို့၏ဖခင်၊ဒေါက်တာပွင့်ဦးမာ၊ ကြိုမင်းဝေ၊ ဒေါက်တာဟေမာသင်းမြတ်၊ ကြိုချန်ရှန်၊ ခေါစန်းလူ၊ ခေါစန်းထိန်တို့၏အဘိုးသည် ၄-၄-၂၀၁၆ရက် (တရုတ်-တိုင်ပေ) စံတော်ချိန် ဝ၁း၅၄နာရီတွင် တရုတ်(တိုင်ပေ)၌ ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး
## ဒေါ်အေးမြင့် (ရမည်းသင်း)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ယုဇနဥယျာဉ်မြို့တော်၊ ၂လမ်း၊ အေ၊ တိုက် ၁၇၊ အခန်း ၂၀၂နေ (ဦးညိုကြီး)၏ဇနီး၊ ဦးဝင်းနိုင်-ဒေါ်ရီရီမြင့်၊ ဦးသန်းဒန်-ဒေါ်ဘေဘီထူး၊ ဦးကျော်ဆွေ-ဒေါ်တင်တင်နွယ်၊ ဦးစိုးနိုင်-ဒေါ်လွင်လွင်အောင်၊ ဦးဇော်ဇော်-ဒေါ်စုစုခိုင်၊ ဒေါ်ဝင့်ဝင့်မော်၊ (ဦးသူရဇော်)၊ ဒေါ်ခင်မျိုးဆက်၊ ဦးသက်ခိုင်၊ ဦးပြည့်ဦး-ဒေါ်တင့်တင့်လှိုင်တို့၏မိခင်၊ မြေး ၂၂ယောက်တို့၏အဘွားသည် ၄-၄-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၈း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၄-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၄-၂၀၁၆ရက် (သောကြာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာစံလှသော်
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
### မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
### အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်မြ-ဒေါ်မြမြ)တို့၏သား၊ (ဦးဝမ်းမောင်)၊ ဦးဝမ်းရွှေ-(ဒေါ်တင်မေ)၊ ဦးစံလှဘော်-(ဒေါ်သိန်းမြင့်)တို့၏ညီ၊ (ဒေါ်အေးအေးမူ)၏အစ်ကို၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်(တောင်)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် ၅၆ (ငါးလွှာ-A)နေ ဒေါ်လှလှမြတ်(အထပြ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းကျော်ညိမ်း-မယဉ်ယဉ်ဟန်၊ (ဦးမောင်မောင်မြတ်သော်)၊ ဦးမင်းအောင်အောင်ထိုက် Instructor(Uniteam Training)-မတင်မိုးဦးတို့၏ချစ်လှစွာသောဖခင်၊ မအိမ့်သူသူထိုက်၊ မမြတ်သီရိစံ(အထက-၄၊ အလုံ)တို့၏အဘိုးသည် ၃-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့)ည ၈း၄၅နာရီတွင် ရန်ကုန်မြို့ (ခုတင်-၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါက်တာတင်အေးမြင့် အသက်(၆၆)နှစ်
### အင်းစိန်ဆေးရုံအုပ်ကြီး(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၄၁၈နေ (ဦးလှထွန်းအေး-ဒေါ်ခင်ကျော့)တို့၏သမီး၊ (ဦးထွန်းလင်း)၏ဇနီး၊ ဒေါ်သန်းသန်းအေး၊ (ဗိုလ်မှူးတင်ထွန်းအေး)တို့၏ညီမ၊ ဦးခင်မောင်အေး၊ ဒေါ်ခင်ဆွေအေး၊ (ဒေါ်ခင်ဝေအေး)၊ ဒေါ်တင်အေးကြူတို့၏အစ်မ၊ ဒေါက်တာစိုင်းဇော်ဝင်းနိုင်-ဒေါက်တာတင်နွယ်နွယ်ထွန်း၊ ဒေါ်ခင်စန္ဒီထွန်း၊ ဦးအေးမောင်မောင်သက်တို့၏မိခင်၊ နန်းခွန်းချိုသစ်၊ စိုင်းထက်ရဲရင့်တို့၏အဘွားသည် ၃-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၉-၄-၂၀၁၆ရက် (စနေနေ့) နံနက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၆နေ ဒေါက်တာစိုင်းဇော်ဝင်းနိုင်-ဒေါက်တာတင်နွယ်နွယ်ထွန်းတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သင်းစိန်
### (မြိတ်/လယ်သစ်ကျေးရွာ)
### အသက်(၇၁)နှစ်

မြိတ်မြို့၊ လယ်သစ်ကျေးရွာနေ ဦးအင်ရှင်၏ဇနီး၊ (ဦးထွန်းလှရင်)-ဒေါ်စန်းဝါ၊ ဦးတင့်လွင်-ဒေါ်နုငယ်၊ ဦးအေးနိုင်-ဒေါ်သီမွန်၊ ဒေါ်စန်းမူ၊ ဦးမြသန်း-ဒေါ်စန်းစန်းချို၊ ဦးကြည်ဟို-ဒေါ်ယု၊ ဒေါ်ငွေငွေဝါ၊ ဦးကောင်လေး-ဒေါ်မီးပွေး၊ ဒေါ်ယုယထွေးတို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၄-၄-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၆း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၆ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊အေးရိပ်မွန် ၁လမ်း၊ တိုက် ၁၂၊ အခန်း ၁၁နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်ဇေယျာသူရိယ
### Grade-10 ( I)
### ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ကမာရွတ် (TTC)
### အသက်(၁၆)နှစ်

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက် ၂၈၂၊ အခန်း ၄နေ (ဦးအောင်ရွှေဦး)-ဒေါ်နီနီ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အင်းစိန် စာပုံနှိပ်စက်နေ (ဦးဝင်းနိုင်-ဒေါ်မြသန်းနိုင်)တို့၏မြေး၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ် ၁၁၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၅/၅ရပ်ကွက်နေ ဦးအောင်နီဦး(2nd Officer,FG)-ဒေါ်ခင်မြထွေးနိုင်(အင်းစိန်စာပုံနှိပ်စက်-၂)တို့၏သား၊ မောင်ဇေယျာပါမောက္ခ[3rd MB၊ဆေးတက္ကသိုလ်(၁)ရန်ကုန်]၏ညီသည် ၃-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အမျိုးသားရင်ကြားစေ့ရေးအတွက် ရှေ့ဆက်ရန်ခရီး

စာမျက်နှာ-၃

## သမ္မတဟောင်း ဦးသိန်းစိန် သာသနာ့ဘောင်သို့ ဝင်ရောက်

စာမျက်နှာ-၁၁

# ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးဌာနခြောက်ခု စတင်ဖွဲ့စည်း လွှတ်တော်မီဒီယာခန်း လိုင်းချွတ်ယွင်းမှုကြောင့် သတင်းရယူမှုအဆင်မပြေ



**ရန်ကုန် မေ ၄**

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပရာ **(အပေါ်ပုံ)** တိုင်းဒေသကြီး ဝန်ကြီးဌာနခြောက်ခုနှင့် ဝန်ကြီးနာမည်စာရင်းများ အတည်ပြုနိုင်ခဲ့ပြီး ယနေ့လွှတ်တော်တွင် အဆိုပါဝန်ကြီးအမည်စာရင်းများအား လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြအတည်ပြုနေစဉ် လွှတ်တော်မီဒီယာခန်း လိုင်းချွတ်ယွင်းမှုကြောင့် မီဒီယာများ သတင်းရယူမှုအဆင်မပြေမှုများဖြစ်ခဲ့ရသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❍

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-ဗညား(ပြန်/ဆက်)

# စစ်ဘေးရှောင်ပြည်သူများ နေထိုင်နိုင်ရန်အတွက် လုံးချင်းအိမ် ၂၁၄ လုံး ဆောက်လုပ်ပြီးစီး




**မြစ်ကြီးနား မေ ၄**

ကချင်ပြည်နယ်အတွင်း၌ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားမှုကြောင့် နေရပ်စွန့်ခွာလာသော စစ်ဘေးရှောင်ပြည်သူများ နေထိုင်နိုင်ရန်အတွက် လုံးချင်းအိမ် ၂၁၄ လုံးကို မြစ်ကြီးနားမြို့ ငွေပျော်စံပြကျေးရွာ၌ ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း ယနေ့တွင် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ လုံးချင်းအိမ်များကို ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် စစ်ဘေးရှောင်ပြည်သူများ နေထိုင်နိုင်ရန်အတွက် အလျား ၂၄ ပေ၊ အနံ ၁၈ ပေ၊ သွပ်မိုး ပျဉ်ကာ ပျဉ်ခင်း လုံးချင်းအိမ် ၂၁၄ လုံး၊ တစ်လုံးလျှင် သုံးသန်း စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၆၄၂ သန်း အကုန်အကျခံ၍ ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းဝင်းက ပြောသည်။

ကုမ္ပဏီ လေးခုကို လုပ်ပိုင်ခွင့်များချထားပေးခဲ့ရာ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ စတင်ပြီး

*စာမျက်နှာ ၆ ကော်လံ ၄* ❖

၂၀၁၅ တက္ကသိုလ်ဝင်တန်း Top Ten နှင့် ဘာသာစုံ ဂုဏ်ထူးရှင်များ ထွက်ရှိရာ . . .
တည်ထောင်သည့် ကိုယ်ပိုင်အထက်တန်းကျောင်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၅)
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း၊ တက်စရာ မလိုတော့ပါ။ DAY CAMP စာကျက်ဝိုင်း စီစဉ်ပေးသည်။
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ Grade 11(မတ် ၁၀)၊ Grade 10 (ဧပြီ ၂၇)၊ Grade 9,8,7,6 (မေ ၄) စ,မည်]
ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။
ကျောင်း ခြံအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀
အဆင့်မြင့် ဘော်ဒါ
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၇ ကျောင်းသူ၊ ဧပြီ ၂၉ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
FORWARD အဆင့်မြင့်စာသင်ဝိုင်း
Grade 10,11(တက္ကသိုလ်ဝင်တန်း)[ဘာသာစုံ]
Grade 11 [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
Grade 9 [သင်္ချာ၊ အင်္ဂလိပ်၊ သိပ္ပံ]
Grade 11(မတ် ၂၈)၊ Grade 10 (ဧပြီ ၂၉)၊ Grade 9 (ဧပြီ ၃၀)၊ စ,မည်။
ကျောင်းပြန်ကား ferry စီစဉ်ပေးသည်။
ဝိုင်း အမှတ်(၄၄)၊ ဝိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊
၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726
ကိုယ်ပိုင်အထက်တန်းကျောင်း (သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း
✦ အဆင်ပြေ ကြိုက်နှစ်သက်ရာ အစီအစဉ်ကို စုံစမ်း၊ ရွေးချယ်၊ အပ်နှံ တက်ရောက်နိုင်ပါသည်။